# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်)

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၁၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ် တော် တတိယပုံမှန် အစည်းအဝေးရဲ့ ၁၅ ရက်မြောက် နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးဆုံး ပြောချင်တာကတော့ နည်းနည်းလေးနောက်ကျသွားတာ ခွင့်လွှတ်ပါ။ ဘာလို့လဲဆိုတော့ ဧပြီ ၁ ရက်နေ့ ရွေးကောက်ပွဲရှိတဲ့အခါကျတော့ လွှတ်တော် ကိုယ်စားလှယ်တွေ မိမိဒေသမှာ ပြန်ပြီးတော့ မဲဆန္ဒပေးနိုင်ဖို့ကလည်း ရှိသေးတဲ့အတွက်ကို ပြည်ထောင်စု လွှတ်တော် အစီအစဉ်တွေ သွားပြီးတော့ တတ်နိုင်သမျှ အချိန်ရအောင်ပေ့ါ။ လွှတ်တော် ကိုယ်စားလှယ်တွေအတွက် ပြန်ဖို့အချိန်ရအောင် သွားညှိနှိုင်းနေတဲ့အတွက် နည်းနည်းလေး နောက်ကျသွားတာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၆၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီနေ့ လက်ခုပ်သံတော့ နည်းနည်းထွက်လာတယ်။ မနေ့တုန်းကတော့ လက်ခုပ်ကို မတီးနိုင်ဘဲနဲ့ တစ်ယောက်က အဆိုတင်သွင်းလို့ရှိရင် ထုံးစံအတိုင်းလက်ခုပ်တီးရမယ့် အစား စိတ်ထဲကပဲ တီးကြတဲ့ အနေအထားပဲ ဖြစ်နေတယ်။ အနားပေးလိုက်ရအောင်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ၁၅ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုး သားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ကွက်တဲ့အနေနဲ့ ခွင့်ပန်ကြားချက်များ အားလုံးပြီးစီးမှ လွှတ်တော်ရဲ့ သဘောထားယူခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးဂမ်ဆိုင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဂမ်ဆိုင်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘရန်ရှောင် ဟာ မိမိ ရဲ့သား ခု တင်(၁၀၀၀)ဆေးရုံ၌ ကျန်းမာရေးစစ်ဆေးရန် ရှိပါသဖြင့် ယနေ့ ၁၄-၃-၂၀၁၂ ရက်နေ့အား ခွင့်(၁)ရက်အဖြစ် သတ်မှတ်ပေးပါရန် ၎င်းရဲ့ကိုယ်စား ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဦးသက်နိုင်ဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၁၄-၃-၂၀၁၂ ရက်နေ့မှ ၁၆-၃-၂၀၁၂ ရက်နေ့အထိ ခွင့်(၃)ရက် ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဦးထွန်းဇော်(ခ)ကိုပေါက် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးထွန်းဇော်(ခ)ကိုပေါက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခဒေါက်တာ မြဦး ဟာ ရုံးကိစ္စများ ကိုယ်တိုင် ဆောင်ရွက်ရန်ရှိပါသဖြင့် ၁၄-၃-၂၀၁၂ ရက်နေ့ မှ ၁၅-၃-၂၀၁၂ ရက်နေ့အထိ ခွင့် (၂)ရက် ခွင့်ပြုပေးနိုင်ပါရန် ၎င်း၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဦးတင်ယု တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် သည် နေမကောင်းဖြစ်နေပါ၍ ယနေ့ ၁၄-၃-၂၀၁၂ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က ဦးစိုးမြင့် ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဦးအေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး သည် ကိုယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ၁၄-၃-၂၀၁၂ ရက်နေ့အား ခွင့် အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ယင်း၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းကျော်ဇောသန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် သည် အရေးကြီးကိစ္စတစ်ခုအတွက် ခရီးထွက်သွား ရပါသဖြင့် ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်နိုင် ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ယနေ့ ၁၄-၃-၂၀၁၂ မှ ၁၆-၃-၂၀၁၂ အထိ ရက်နေ့များကို ခွင့်အဖြစ် သတ်မှတ်ပေး ပါရန် ဦးစိုင်းသန့်ဇင် ကိုယ်စား ကျွန်တော် ဦးစိုင်းကျော်ဇော်သန်း မှ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုတင်ပြ သွားကြတဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ သဘောတူညီချက်တစ်ခု ကြိုတင်ရယူထားဖို့ ရှိနေပါတယ်။ ဒါကတော့ ဒီလကုန် ဧပြီလဆန်းမှာ ဖနွမ်းပင်မှာ ကျင်းပမယ့် ASEAN Summit ထိပ်သီး အစည်းအဝေးကို ကျွန်တော့်အနေနဲ့ တက်ရောက်ရမှာ ဖြစ်ပါတယ်။ ဒီ ASEAN Summit တွေမှာ ဥပဒေပြုရေးအာဏာပိုင်တွေဖြစ်တဲ့ လွှတ်တော်တွေရဲ့ ဥက္ကဋ္ဌတွေဟာ ဧည့်သည်အနေ လောက်ပဲ ယခင်အစဥ်အလာအရ တက်ခဲ့ရတာ ရှိပါတယ်။ နောက် ASEAN ရဲ့ မဏ္ဍိုင်(၃)ရပ်ဖြစ်တဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေး မဏ္ဍိုင်၊ လူမှုရေး၊ ယဥ်ကျေးမှုမဏ္ဍိုင်တွေမှာလည်း

လွှတ်တော်ကိုယ်စားလှယ်တွေ တက်ရောက်ခွင့်မရခဲ့တာ ဖြစ်ပါတယ်။ ဒါတွေ တက်ရောက်ခွင့်ရဖို့အတွက် အဖွဲ့ဝင်အဖြစ်သွားရောက်တဲ့ ခရီးစဉ်မှာပဲ ကျွန်တော့်မှာ ဒီစိတ်ကူးက အကြံဉာဏ်ရှိပါတယ်။ သို့သော် အခုမှ အဖွဲ့ဝင်၊ တင်းပြည့်အဖွဲ့ဝင်ဖြစ်တယ်။ အခုပဲ စွာတယ်ဆိုတဲ့သဘောမျိုးဖြစ်မှာစိုးလို့ ဒါကို အလွှတ်သဘောပဲပြောခဲ့တဲ့ အနေအထားရှိပါတယ်။ ဒီလိုပြောခဲ့တဲ့အတွက် အခုဆိုလို့ရှိရင် AIPA ရဲ့ ကြေညာချက်ထဲမှာလည်းဒီအရိပ်အယောင်လေးတွေပါလာပြီဖြစ်ပါတယ်။ ပါလာပြီဖြစ်တဲ့အတွက် ကျွန်တော် ဟိုမှာ ဆွေးနွေးဖို့ ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ နိုင်ငံတကာရေးရာ၊ နိုင်ငံခြားဆက်ဆံရေးရာကော်မတီ၊ နောက်တစ်ခုက အာဆီယံနိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ အသိုက်အဝန်းဆိုင်ရာကော်မတီ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ကော်မတီ၊ အာဆီယံလူမှုယဉ်ကျေးမှုဆိုင်ရာကော်မတီတွေ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင် အစည်းအဝေးတွေကျလို့ရှိရင်ဒီကော်မတီတွေကနေပြီးတော့အာဆီယံထိပ်သီးအစည်းအဝေးတွေမှာ တက်ရောက်ခွင့်ပြုဖို့ အလားတူ အစည်းအဝေးတွေမှာ တက်ရောက်ခွင့်ပြုဖို့ ဆိုပြီးတော့ ဒီအဆိုတစ်ခုကို ကျွန်တော်တို့ တင်ပြဖို့ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီတွေ ထပ်ပြီးဖွဲ့ဖို့ ရှိပါတယ်။ အလားတူပဲ သတ္တုနဲ့ သယံဇာတဆိုင်ရာကော်မတီတွေလည်း ထပ်ဖွဲ့ဖို့ ရှိပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်က ဒီနေ့ကျင်းပပြီးတဲ့အခါမှာနောက် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ဆက်ပြီးတော့ လုပ်ဆောင်ရမယ့်ကိစ္စတွေ အရေးတကြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီလိုကော်မတီတွေ ပြင်ဆင်ဖွဲ့စည်းမယ်ဆိုရင် ကျွန်တော်တို့ ပြီးခဲ့တဲ့ဖွဲ့ထားတဲ့ ကော်မတီတွေဟာ လွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါးပါဝင်ပြီးသားဖြစ်ပါတယ်။တချို့ မိမိရဲ့ကျန်းမာရေးအရ၊ အသက်အရွယ်အရ မလုပ်နိုင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကလွဲလို့ ကျန်တာပါပြီးသားဖြစ်တဲ့အတွက် ကော်မတီ(၄)ခု ထပ်တိုးဖွဲ့တဲ့အခါမှာ ရှိပြီးသားကော်မတီတွေက လူတွေကို ထုတ်နုတ်ပြီးတော့ပဲ ပြန်ဖွဲ့ရမှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်ကို ကြိုတင်ပြီးတော့ အမျိုးသားလွှတ်တော်က ခွင့်ပြုဖို့ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ သဘောထားဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် လိုအပ်လို့ရှိရင် ဒီကော်မတီတွေကို ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (ဩဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု/သုံးစွဲမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာခြင်းဆိုင်ရာ အကြောင်းအချက်များနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု/သုံးစွဲမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာခြင်းဆိုင်ရာ အကြောင်းအချက်များနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံဓာတ်အားစနစ် (National Grid)အတွင်းမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်/ဖြန့်ဖြူး ရောင်းချခြင်းနဲ့ ပြည်သူများ သုံးစွဲမှုကိုဆက်စပ်ပြီး မြို့ကြီး/မြို့ငယ်များ ကျေးလက်များမှာ ကျင့်သုံးနေမှုများအပေါ် အပြုသဘောနဲ့

တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တစ်ဆင့်ချင်း အချိန်ငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုဖို့လည်း တစ်ဆက်တည်း ပန်ကြားအပ်ပါတယ်။

လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ အတွင်းမှာ ကောက်ယူတဲ့ မှတ်တမ်းများအရ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော် ဓာတ်အားစနစ်မှ လက်ရှိ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေမှာ ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံ (၁၀)ရုံ၊ စက်တပ်ဆင်အင်အား (၇၁၅)မဂ္ဂါဝပ် ရှိပြီးတော့ ဝင်အား အများဆုံးအချိန်မှာ (၆၂၂၀) မဂ္ဂါဝပ်နာရီခန့် ဖြန့်ဖြူးပေးတာ သိရှိရပါတယ်။ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ အောက်မှာရှိတဲ့ ရေအား လျှပ်စစ်စက်ရုံ(၁၇)ရုံ၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ(၁)ရုံတို့က စက်တပ်ဆင်အင်အား စုစုပေါင်း (၂၀၂၅)မဂ္ဂါဝပ်ခန့်ရှိပြီးတော့ ဝင်အားအများဆုံး အချိန်မှာ ဆိုရင် (၁၉၀၀၀)မဂ္ဂါဝပ်နာရီခန့် ဖြန့်ဖြူးပေးလျက်ရှိတယ်လို့လည်း သိရပါတယ်။ ဒီ ကိန်းဂဏန်း တွေကတော့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလအတွင်းမှာ ကောက်ခံရတဲ့ ကိန်းဂဏန်းတွေ ဖြစ်တော့ အနည်းငယ်တော့ လက်ရှိဖြစ်နေတဲ့ အခြေအနေနဲ့တော့ ကွာခြားမှုရှိတယ် ဆိုတာကိုလည်း ကျွန်တော် တင်ပြအပ်ပါတယ်။ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာ ယနေ့ နိုင်ငံတော် ဓာတ်အားစနစ် မှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာမှာ စက်မှုစံချိန်စံညွှန်းဆိုင်ရာ လေလွင့် ဆုံးရှုံးမှုတွေ (Technical Losses) ဥပမာအားဖြင့် သက်တမ်းလွန်တဲ့ ထရန်စဖော်မာများရဲ့ စွမ်းဆောင်ရည်ကျဆင်းခြင်း၊ Efficiency ကျဆင်းခြင်း၊ ဓာတ်အားပို့လွှတ်လိုင်းများ ရှည်သင့် သည်ထက် ပိုရှည်လျား ခြင်း၊ Alluminum Conductor များ (စံမမီတဲ့ HDBC) အသုံးပြု ဓာတ်အားဖြန့်ဖြူးလိုင်းများ၊ ဟောင်းနွမ်းရှည်ကြာပြီဖြစ်တဲ့ လျှပ်စစ်မီးကြိုးများ (Cables)တွေရဲ့ Insulation ကျဆင်းမှု၊ သတ်မှတ်အလျား(၃၀၀)ပေ စသည်ထက် ပိုမိုရှည်လျားတဲ့ ဆားဗစ်ကြိုးများ၊ ရှုပ်ထွေးပွေလိမ်နေတဲ့ ဆားဗစ်ကြိုးများ စသည်တို့ဟာ အထက်ပါ အကြောင်းကြောင်းကြောင့် မဟုတ်တဲ့ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ (Non-Technical Losses ) ဥပမာ ဓာတ်ကြိုး မလွတ်ကင်းလို့ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းမှု မရှိတဲ့ကိစ္စ၊ လုပ်ငန်းရှင် သို့မဟုတ် လျှပ်စစ်မီးသုံးစွဲသူများက လျှပ်စစ်ဝန်ထမ်းများနဲ့ ပူးပေါင်းပြီးတော့ မသမာသော နည်းမျိုးစုံနဲ့ တရားမဝင် ဓာတ်အားသုံးစွဲခြင်း၊ ဓာတ်အားရယူခွင့် မရှိတဲ့နေရာ (၂)နေရာ (2 Sources)မှ ရယူသုံးစွဲခြင်း၊ မီတာဖတ်သူများက တိကျမှန်ကန်စွာ မဖတ်ရှုခြင်း (Billing Losses) စသည်တို့ကို ကြုံတွေ့ကြရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆို ပါ လျှပ်စစ်ဆုံးရှုံးမှု (၂)ရပ်လုံးမှာ

၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း လစဉ်ကောက်ယူမှု မှတ်တမ်းများအရဆိုရင် ပျမ်းမျှ (၂၇.၂၉) ရာခိုင်နှုန်း ရှိနေပြီးတော့ Transmission Line Losses ဟာလည်းပဲ (၇)ရာခိုင်နှုန်းခန့် ရှိတယ်လို့ သိရှိရပါတယ်။ အားလုံး စုစုပေါင်းဆိုလို့ရှိရင် ကျွန်တော် တို့ ဒါ (၃၀)ရာခိုင်နှုန်းခန့်ဝန်းကျင်မှာ ရှိတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော့် အနေနဲ့ နိုင်ငံအချို့ရဲ့ လျှပ်စစ်ဆုံးရှုံးမှုများကို ထုတ်နုတ်ပြီးတော့ တင်ပြရလို့ရှိရင် တရုတ်နိုင်ငံဟာဆိုရင် (၇)ရာခိုင်နှုန်းအောက်မှာ ရှိပါတယ်။ ထိုင်းနိုင်ငံဟာ (၈)ရာခိုင်နှုန်းအောက်မှာ ရှိပါတယ်။ စင်ကာပူနိုင်ငံဟာ (၆)ရာခိုင်နှုန်းအောက်မှာ ရှိပြီးတော့ မလေးရှားနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ဟာ (၅)ရာခိုင်နှုန်း အသီးသီးအောက်မှာ ရှိကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံသားများရဲ့ လူမှု ရေး၊ စီးပွားရေး ပြေလည်စေမှုတို့အတွက် လက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဖြန့်ဖြူးပေးလျက်ရှိတဲ့ဟာနဲ့စပ်လျဉ်းပြီးတော့ အောက်ခြေမှာဖြစ်ပေါ်ဖြစ်ပျက်နေမှုတွေကို ဖြေရှင်းပေးသင့်ပါကြောင်း အချက်(၄)ချက် ခွဲပြီးတော့ အကြံပြုတင်ပြ ဆွေးနွေးသွားလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား၊ ပထမအချက် တင်ပြလိုတာကတော့ အိမ်ထောင်စု တစ်ခုမှာ ရိုးရိုးအိမ်သုံး မီတာ၊ ပါဝါမီတာ၊ ထရန်စဖော်မာ စသည် ဖြင့် တစ်မျိုးမျိုးကို တပ်ဆင် အသုံးပြုလျက်ရှိပါတယ်။ တာဝန်ရှိ လျှပ်စစ် ဝန်ထမ်းများက နေအိမ်ဝင်းအတွင်း ဝင်ရောက် စစ်ဆေးတဲ့အခါမှာ အဆိုပါ မီတာများက ခွင့်ပြုဝန်အားထက် ပိုမိုပြီးတော့ အိမ်သုံးလျှပ်စစ် ပစ္စည်းများ ဥပမာအားဖြင့် လေအေးစက်၊ လျှပ်စစ်မီးဖို၊ ရေတင်မော်တာ စသည့် တပ်ဆင်ထား မှု တွေ့ရှိပါက ဝန်ပို ဒဏ်ကြေး (Over Load) သတ်မှတ်ကောက်ခံမှုများ ကြုံတွေ့လျက်ရှိကြပါတယ်။ အရင်အချိန်အခါများမှာ ဒဏ် ကြေးကောက်ခံကျင့်သုံးမှု မရှိခဲ့ဟုလည်း နားလည်ထားကြပါတယ်။ အဆိုပါ အိမ်ထောင်စုဟာ မိမိနေအိမ်အတွင်း သို့မဟုတ် နေအိမ်ခြံဝင်းအတွင်းမှာ တပ်ဆင်ထားတဲ့ လျှပ်စစ်ပစ္စည်း အသုံးအဆောင်များ အားလုံးရဲ့ မြင်းကောင်ရေ အပြည့်အဝကို လက်တွေ့အသုံးပြုလို့လည်း မရပါဘူးဆိုတာ ကျွန်တော် တင်ပြလိုပါတယ်။ သဘာဝအားဖြင့် Diversity Factor အရ မြို့ကြီးများမှာ အများဆုံး (၇၀)ရာခိုင်နှုန်း မှ (၇၅)ရာခိုင်နှုန်း ကျေးလက်များမှာဆိုလို့ရှိရင် (၅၅)ရာခိုင်နှုန်း မှ (၆၀)ရာခိုင်နှုန်းထက် ပိုမိုသုံးစွဲနို င်မှု အခြေအနေ ဖန်တီးနိုင်ခြင်းမရှိဟု နားလည်ထားပါတယ်။ အ ကယ်၍ ပိုမိုသုံးစွဲခဲ့ရင်လည်း တပ်ဆင်ထားတဲ့မီတာက လက်မခံဘဲနဲ့ ဖြုတ်ချမှာဖြစ်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ သတ်မှတ်မြင်းကောင်ရေ ပိုမိုတာကိုတွေ့ခဲ့လျှင် ဖြုတ်ယူစေခြင်းကိုသာ လုပ်ဆောင်သင့်တယ်လို့ ယူဆပါတယ်။ လျှပ်စ စ်မီး

သုံးစွဲသူများအနေနဲ့ ဝန်ပို ဒဏ်ကြေးများ ပေးဆောင် နေခြင်းအပေါ် မကျေလည်မှုများ ရှိနေ ရာ၊ ယင်းကိစ္စကို ပြန်လည်သုံးသပ်သင့်တယ်လို့ ယူဆကြောင်း တင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ မြို့ပေါ်ရပ်ကွက်များမှာရှိတဲ့ တပ်ဆင်မီး ပေးထားတဲ့ ထရန်စဖော်မာ ပင်မမီတာ (Main Meter )များမှ လအလိုက် ဖတ်ယူရရှိတဲ့ ဓာတ်အားယူနစ် ပေါင်းဟာ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စုများရဲ့ အိမ်သုံးမီတာများမှ ဓာတ်အားယူနစ်ပေါင်းနဲ့ ထပ်တူထပ်မျှ မည်သို့မျှ မဖြစ်နိုင်ပါ။ ထရန်စဖော်မာ ပင်မမီတာဟာ အစဉ်များနေမှာ ဖြစ်ပါတယ်။ အဆိုပါ ကွာခြားချက်ဓာတ်အားယူနစ်ကိုဓာတ်အားပျောက်ဆုံးမှု(Losses)အဖြစ် သတ်မှတ်ပါတယ်။ ၎င်း ဓာတ်အားယူနစ် ကွာခြားချက်ဟာ တစ်နည်းအားဖြင့်တော့ ဓာတ်အားပျောက်ဆုံးမှု ဖြစ်သော် လည်းပဲ ၎င်းကို ကာမိစေရန် မီးသုံးစွဲသူများထံမှ ပိုမိုကောက်ခံခြင်း မပြုပါဘူး။ ဥပမာ ထုတ်နုတ် တင်ပြပါမယ်။ သက်ဆိုင်ရာ လအတွက် ပင်မမီ တာ ဖတ်ယူရရှိ တစ်လုံးတစ်ခဲတည်း ဖြန့်ဖြူး ဓာတ်အားယူနစ်(Bulk Supply)ဟာ (၁၅၀၀၀)ယူနစ်ဖြစ်ပြီးတော့ မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စု အားလုံးသုံးစွဲမှုဟာ (၁၄၅၀၀)ယူနစ်ဖြစ်ပါက ၎င်းအပေါ် တစ်ယူနစ်မှာ အရင်ဈေးနှုန်း ကျွန်တော် ဖော်ပြထားပါတယ်။ ကျပ်(၂၅)နဲ့သာ မီးသုံးစွဲသူများထံမှ ကောက်ခံတယ်လို့နားလည်ထားပါတယ်။ အခုတော့ (၃၅)ကျပ် ဖြစ်ပါတယ်။ သို့ရာတွင် မြို့ကြီးပြကြီးများရှိ အများစုပေါင်းနေထိုင် တိုက်ခန်း များမှာတော့ ပင်မမီတာက သက်ဆိုင်ရာလအတွက် ဖတ်ယူရရှိတဲ့ ဓာတ်အားယူနစ်များနဲ့ တိုက်ခန်း များမှာနေတဲ့ မီးသုံးစွဲသူများရဲ့ အိမ်သုံးမီတာများမှ ဖတ်ယူရရှိတဲ့ဓာတ်အားယူနစ်များကွာခြားပါက ဒီကွာခြားမှုကာမိစေရန် မီးသုံးစွဲသူများ အားလုံးရဲ့ မီတာများက ဓာတ်အားယူနစ်ပေါင်းအပေါ်မှာ (၁၀)ရာခိုင်နှုန်း အပိုဆောင်းပြီး ကောက်ခံလျက်ရှိနေတာ သိ ရှိရတဲ့အတွက် ဒီအပေါ်မှာလည်း ရှင်းလင်းဖြေကြားပေးဖို့ လိုမယ်လို့ယူဆကြောင်း ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

တတိယအချက်တင်ပြလိုတာကတော့ ကျေးရွာတစ်ရွာ မှာရှိတဲ့ ထရန်စဖော်မာ ပင်မ မီတာ ကနေပြီးတော့ သက်ဆိုင်ရာလအတွက် ဖတ်ယူရရှိတဲ့ ဓာတ်အားယူနစ်များနဲ့ အိမ်သုံးမီတာ များက ဖတ်ယူရရှိတဲ့ ဓာတ်အားကွာခြားမှု ယူနစ်များအပေါ်မှာ ကာမိဖို့အတွက် အိမ်သုံး မီတာ များက ဖတ်ယူရရှိတဲ့ ဓာတ်အားကို အဖို့(၁၀)ရာခိုင်နှုန်းဆောင်းပြီးတော့ ကောက်ခံနေကြောင်းသိရှိရ ပါတယ်။ အချို့တိုင်းဒေသကြီးများရှိတဲ့ ကျေးရွာအချို့က ဓာတ်အားတစ်ယူနစ်မှာ ကျပ်(၂၅) နှုန်း၊ အရင်တုန်းကနှုန်းပေါ့။ အချို့တိုင်းဒေသကြီးရှိ ကျေးရွာအချို့မှာ ကျပ်(၅၀)နှုန်း စသည်ဖြင့် ခွဲခြား

ကောက်ခံခြင်းများရှိနေရာ အချို့ဒေသတွေမှာတော့ ဌာနဆိုင်ရာနဲ့ အုပ်ချုပ်ရေးပိုင်းတို့က ညှိနှိုင်း ဖြေရှင်းပေးတဲ့အတွက် ပြေလည်မှုရှိသော်လည်းပဲ အချို့မှာ ဒီ ကျပ်(၅၀)နှုန်းနဲ့ ကောက်ခံခြင်း ခံရတဲ့ ကျေးရွာမီးသုံးစွဲသူများဟာ နစ်နာလျက်ရှိကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်ဓာတ်အား စနစ်မှ ဖြန့်ဖြူးပေးပါလျှင် အိမ်သုံးလျှပ်စစ်မီတာ များ ခွင့်ပြုချထားပေးခြင်းဖြင့် ဖြေရှင်းခြင်း၊ အကယ်၍ အိမ်သုံးမီတာများ အခက်အခဲရှိ၍ ချမပေးနိုင်လျှင် ပြည်နယ် /တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ Bulk Meter မှ ယူနစ်များကို ကျပ် (၂၅)နှုန်းဖြင့် ကောက်ခံသင့်ကြောင်း တင်ပြလို ပါတယ်။

နောက် စတုတ္ထအချက်တင်ပြလိုတာကတော့ မြို့နယ်လျှပ်စစ်ရုံးအချို့ဟာ အိမ်ထောင်စု တစ်ခုမှာတပ်ဆင်ထားတဲ့ လုပ်ငန်းသုံးပါဝါမီတာနဲ့ အိမ်သုံးရိုးရိုးမီတာတို့ တပ်ဆင်ထားပြီးတဲ့နောက် လစဥ် ဖော်ပြပါ မီတာအမျိုးအစား(၂)ခုလုံးမှာ မီးသုံးစွဲမှု ပေါ်လွင်နေသော ယူနစ်များကို မှန်ကန်စွာ ဖတ်ရှု စာရင်းသွင်းခဲ့ကြပါတယ်။ သို့သော် ငွေတောင်းခံလွှာ တောင်းခံတဲ့အချိန်မှာ အိမ်သုံးမီတာ ယူနစ်များအပေါ်မှာ ကျပ် (၂၅)ကျပ်နဲ့ ပါဝါမီတာ ယူနစ်များအပေါ်မှာ ကျပ် (၅၀) တွက်ချက် တောင်းခံရန် ဖြစ်သော်လည်းပဲ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ချက်လို့ ယူဆပါတယ်။ မီတာ (၂)မျိုးစလုံး ဖတ်ယူရရှိသည့် ယူနစ် အားလုံးပေါင်းပြီးတော့ ကျပ် (၅၀)နှုန်းနဲ့ မြှောက်ပြီးတော့ ကောက်ခံလျက်ရှိတာကိုလည်း တွေ့ကြုံရပါတယ်။ ဒါကြောင့် သက်ဆိုင်တဲ့ အမှတ် (၂)လျှပ်စစ် ဝန်ကြီးဌာနအနေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခ ရိုင်၊ မြို့နယ်ရုံးများမှ တာဝန် ရှိသူတွေကို တိ ကျ ပြတ်သားစွာ ညွှန်ကြားထားသင့်ပါကြောင်း ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။ တိုင်းဒေသကြီး များမှာရှိတဲ့ လျှပ်စစ်မီးရရှိထားကြသော ကျေးရွာများဟာ ကိုယ့်အားကိုယ်ကိုးပြီးတော့ လျှပ်စစ်မီး ပိုင်းဆိုင်ရာ ဆက်စပ်လုပ်ဆောင်ရမယ့် ကိစ္စအဝဝကို လုပ်ဆောင်ပြီးတဲ့ နောက်မှသာ ကျွန်တော်တို့ လျှပ်စစ်မီးခံစားခွင့် ရရှိကြခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အိမ်သုံးမီတာများ ဖတ်ယူရရှိတဲ့ ဓာတ်အားယူနစ်ပေါင်းကို(၁၀)ရာခိုင်နှုန်း အပိုဆောင်းပြီး ပေးဆောင်နေကြရတဲ့အတွက် အခွင့်အရေး တန်းတူရရှိရေး စဥ်းစားပေးရန် တင်ပြလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ၊ နိဂုံးချုပ်အနေနဲ့ လျှပ်စစ်မီးဖြန့်ဖြူး သုံးစွဲသူများနဲ့ ဆက်စပ်ဖြစ်ပေါ်လာခြင်းဆိုင်ရာ ခြုံငုံသုံးသပ် တင်ပြချက်များအပေါ်မှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးနိုင်ရေး ဆောင်ရွက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ (က) လျှပ်စစ်မီး သုံးစွဲသူများ၏ နေအိမ်အတွင်း သို့မဟုတ် နေအိမ်ဝင်းအတွင်း တပ်ဆင်ထားသော လျှပ်စစ်ပစ္စည်း

အသုံးအဆောင်များသည် ခွင့်ပြုမီတာရဲ့ ဝန် သို့မဟုတ် မြင်းကောင်ရေထက် ပိုမိုသည့်အတွက် ဝန်ပိုပြစ်ဒဏ် သတ်မှတ်ငွေတောင်းခံခြင်းဆိုင်ရာ ရုံးအမိန့်၊ ညွှန်ကြားချက်ကို ပယ်ဖျက်ပေးရေး ပြန်လည်စဉ်းစားနိုင်ခြင်း ရှိ/မရှိ။ (ခ) မြို့ပေါ်ရပ်ကွက်မှာရှိတဲ့ ထရန်စဖော်မာ ပင်မမီတာ၊ Bulk Meter သို့မဟုတ် မိန်းမီတာမှ ဖတ်ယူရရှိ ဓာတ်အားယူနစ်များဟာ ၎င်းရပ်ကွက်မှ လျှပ်စစ်မီး သုံးစွဲသူများရဲ့အိမ်သုံးမီတာအားလုံးမှ ဖတ်ယူရရှိ ဓာတ်အားယူနစ်ပေါင်းနှင့်ကွာခြားမှုကို ဓာတ်အား ပျောက်ဆုံးမှု (Losses)အဖြစ် သတ်မှတ်ထားသော်လည်း ပဲ ကျေးရွာထရန်စဖော်မာ ပင်မမီတာ Bulk Meter က ဖတ်ယူရရှိတဲ့ ဓာတ်အားယူ နစ်ရဲ့ အိမ်သုံးမီတာများမှ ဖတ်ယူ ရရှိတဲ့ ဓာတ်အားယူနစ်များအပေါ်မှာ (၁၀)ရာခိုင်နှုန်း အပိုဆောင်းပြီးတော့ လျှပ်စစ် မီးသုံးစွဲခများ ပေးချေနေရခြင်း ကြုံတွေ့နေရတာ အချို့ တိုင်းဒေသကြီးများမှာရှိတဲ့ မြို့ပေါ် ရပ်ကွက်၊ကျေးရွာ လျှပ်စစ်မီးသုံးစွဲသူများ၊ မြို့ပေါ် စုပေါင်းအိမ်ရာ တိုက်ခန်းများတွင် နေထိုင်ကြသူများ အပါအဝင် တစ်ပြေးညီ ကျင့်သုံးဆောင်ရွက်မယ့် အစီအစဉ် ရှိ/မရှိ။ (ဂ) တိုင်းဒေသကြီး အသီးသီးရှိ ကျေးရွာ အချို့မှာ ကိုယ့်အားကို ယ်ကိုး အစီအစဉ်ဖြင့် လျှပ်စစ်မီး ရရှိခဲ့ကြသည်မှာ နှစ်ကာလ ကြာမြင့်ပြီဖြစ်သော်လည်း အိမ်သုံးမီတာများ မရရှိကြမီ ပင်မထရန်စဖော်မာ မီတာမှသာ စက်မှု လုပ်ငန်းသုံးအဖြစ် သတ်မှတ်ပြီး ဓာတ်အား တစ်ယူနစ်လျှင် ကျပ် (၅၀)နှုန်းနဲ့ ကောက်ခံနေခြင်း၊ ကျေးရွာအားလုံး တစ်ပြေး ညီ မကျင့်သုံးဘဲ မီတာထိန်းသိမ်းခနှုန်းများ အဆင့်ဆင့် တိုးမြှင့် ကောက်ခံခြင်း၊ မြင်းကောင် ရေ ခွဲခြားကောက်ခံခြင်း တို့ကို စိစစ်ပြီးတော့ တစ်ယူနစ်လျှင် ကျပ် (၂၅)ကျပ်နှုန်း သို့မဟုတ် အခု နှုန်းသစ်ပေါ့။ တစ်ပြေးညီ ကောက်ခံမယ့် အစီအစဉ် ရှိ/မရှိ။ (ဃ) နေအိမ်များမှာ တပ်ဆင်ထားတဲ့ အိမ်သုံး ရိုးရိုးမီတာနဲ့ စက်မှုလုပ်ငန်းသုံး သတ်မှတ် ပါဝါမီတာများမှ လစဉ် သုံး စွဲယူနစ်များကို ခွဲခြားမှတ်တမ်း စာရင်းပြုစု ထားခဲ့သော်လည်းပဲ ငွေတောင်းခံလွှာများ တောင်းခံချိန်မှာ အဲဒီ ငွေတောင်းခံလွှာပေါ်မှာ အိမ်သုံး ရိုးရိုးမီတာနဲ့ ပါဝါမီတာ(၂)ခု သုံးစွဲယူနစ် ပေါင်းစပ်ပြီးတော့ ပါဝါမီတာနှုန်းနဲ့ ကျပ် (၅၀)နှုန်း အခု ဆိုလို့ရှိရင် ကျပ်(၇၅)ကျပ်နှုန်းဖြင့် ကောက်ခံနေခြင်းအပေါ် ညွှန်ကြားချက်ထုတ်ပြန်မည့် အစီအစဉ် ရှိ/မရှိ။ နောက်ဆုံးအချက်ဖြစ်တဲ့ (င) ကျေးရွာအချို့မှာ လျှပ်စစ်မီးရ ရှိနေမှု အချိန်ကာလ နှစ်နဲ့ ချီပြီးတော့ ကြာနေပြီဖြစ်သော်လည်းပဲသက်ဆိုင်ရာ ကျေးရွာသားတစ်ဦးဦးအား အခဖွဲ့လုပ်အားပေး တာဝန်ပေးအပ်ထားရာ ရေရှည်မှာမသင့်လျော်ခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးရန်လိုအပ် ခြင်းတို့ကြောင့် ဌာနမှ လက်ရှိ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ ဒါမှမဟုတ်ရင် ကျေးရွာမှ သင့်လျော်

အရည်အချင်းရှိသူ တစ်ဦးဦးကို အမြဲတမ်းဝန်ထမ်း ခန့်ထားတာဝန်ပေးသည့် အခွင့်အရေးဖန်တီး၍ ဖြစ်စေ ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့နယ်ခွဲသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း က ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့နယ်ခွဲသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါဟု ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့နယ်ခွဲသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းတစ်ခု မေးမြန်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းရှိ ကာမိုင်း မြို့နယ်ဟာ အိမ်အောက် ကျောက်စိမ်း ကာမိုင်းကိန်း ဟူသော စကားအဆိုအရ မြန်မာသက္ကရာဇ် ၁၁၂၃ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၇၁၆ ခုနှစ်မှာ စတင်ပြီးတော့ တည်ထောင်ခဲ့ပါတယ်။ အဲဒီနောက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၈-၁၁-၁၉၀၅ ရက်နေ့ ရက်စွဲပါအမိန့်စာအမှတ်၊ ၂၇ ဖြင့် ကာမိုင်း မြို့နယ်အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၂-၇-၂၀၀၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀/၂၄-၄/၁ - ဦး အရ ၁-၁၀-၂၀၀၂ ရက်နေ့မှစပြီး ကာမိုင်းမြို့နယ်ခွဲအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သော မြို့တစ်မြို့ဖြစ်ပါတယ်။ ယခင်က ကာမိုင်းမြို့နယ် ခွဲတွင် (၁၀၀)ကီလိုဝပ် ဒီဇယ်အင်ဂျင်စက်နှင့် မီတာဘောက်စ် (၂၅၀)တပ်ဆင်ပြီး ည ၆း၀၀ နာရီမှ ၈း၀၀ နာရီအထိသာ လျှပ်စစ်မီးပေးနိုင်ခဲ့ပါတယ်။ ယခုအခါ ကာမိုင်းမြို့နယ်ခွဲ အတွင်းမှာရှိတဲ့

ကာမိုင်းမြို့ပေါ်ရပ်ကွက်များ၊ကောင်ရာကျေးရွာအုပ်စု၊ဂေါ်ရီကျေးရွာအုပ်စုနဲ့ထွယ်ဆန်ယန်ကျေးရွာအုပ်စုတို့မှာ အိမ်ထောင်စု(၁၈၂၃)စု၊ လူဦးရေ(၁၂၁၄၆)ဦး နေထိုင်လျက်ရှိရာ မဟာခေတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းပေးနိုင်မည်ဆိုလျှင် ဒေသခံတိုင်းရင်းသား လူမျိုးများဖြစ်သော ကချင်၊ ရှမ်း၊ ဗမာ၊ ဂေါ်ရခါး စသည်တို့ဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအဆင်ပြေချောမွေ့လာမှာ ဧကန်မလွဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မဟာခေတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လျှပ်စစ်ဓာတ်အားခ ကောက်ခံမှုနှုန်းထားများ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က လျှပ်စစ်ဓာတ်အားခ ကောက်ခံမှုနှုန်းထားများနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာအေးမောင်ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ကြွရောက်လာကြတဲ့ ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအား လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) က အမျိုးသားလွှတ်တော် ကိုယ် စားလှယ် ဒေါက်တာအေးမောင် ဖြစ်ပါ တယ်။ ကျွန်တော် ဒီ မေးခွန်းကို မေးခွန်း (၆)ခုမေးဖို့ ရှိပါတယ်။ အကြောင်းအရာလေး (၅)ချက်လေးကို နိဒါန်းပျိုးပြီး တင်ပြချင်ပါတယ်။

ကျွန်တော်တို့ အစိုးရတစ်ရပ်ဟာ ရှိမှန်းတောင် မသိတဲ့ အစိုးရတစ်ရပ်ဟာ အင်မတန်ကောင်းမွန်တဲ့ အစိုးရဆိုပြီး ကာမှ ပြောဆိုဖူးတာကို မှတ်သားဖူး ပါတယ်။ အဲဒီတော့ အခုလိုကောင်းမွန်တဲ့အစိုးရ၊ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ကို ဦးတည်ပြီး ချီတက်တဲ့ကာလမှာ အစိုးရအဖွဲ့ ရဲ့ လုပ်ငန်းအကုန်လုံးဟာ ပြည်သူကြားမှာ ဘာတစ်ခုမှ အတတ်နိုင်ဆုံးဝေဖန်နိုင်ခြင်း မရှိလောက်အောင် ပြစ်မျိုးကင်းစင်တဲ့အဆင့်ကို မရောက်ရင်တောင်မှ ကျွန်တော်တို့ဟာ အတတ် နိုင်ဆုံး အတွေ့အကြုံတွေ၊ ရှေ့က ကြုံခဲ့တဲ့ အခက်အခဲ၊ ပြန်လည်ပြုပြင်စရာ

တွေကို ပြန်လည်ထောက်ပြပြီးကာမှ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ပြုပြင်သွားကြမယ် ဆိုရင် လူထုနဲ့အစိုးရ၊ လူထုနဲ့ လွှတ်တော် အမတ်တွေ အကုန်လုံးဟာ တစ်ထပ်တည်းကျပြီး ကျွန်တော်တို့ သွားချင်တဲ့လမ်းကြောင်းဟာ အမြန်ဆုံးနဲ့ အရှိန်အဟုန်ပြင်းပြင်းနဲ့ ရောက်ရှိမည်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒါကြောင့် မို့လို့ ကျွန်တော်တို့ အခု လို ထောက်ပြဆွေးနွေးတာ အကုန်လုံးဟာလည်းပဲ အပြုသဘောနဲ့ ဘယ်လို အမြန်ဆုံး ရောက်အောင် ပြည်သူတွေအတွက် ဘယ်လိုမျိုး ဦးတည်ချီတက်ကြမလဲဆိုတဲ့ ရည်မှန်းချက်နဲ့ ဦးတည်ဆွေးနွေးတာဖြစ်ကြောင်း ဦးစွာပထမ တင်ပြချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနဆိုတာ လူထုနဲ့ အနီးစပ်ဆုံး ဝန်ကြီးဌာနပါ။ ရည်မှန်းချက်တစ်ခုကို အောင်မြင်အောင် လုပ်တဲ့ အခါမှာလည်း အထိရောက်ဆုံးနဲ့ အမြန်ဆုံး အကျိုးသက်ရောက်မှုကို ပေးနိုင်တဲ့ ဝန်ကြီးဌာနပါ။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကတော့ဖြင့် တည်ဆောက်တဲ့လုပ်ငန်းကလည်းကြာပါတယ်။ သို့သော် တည်ဆောက်တဲ့ လုပ်ငန်းကထွက်တဲ့ လျှပ်စစ်ဓာတ်အားလိုင်း ဓာတ်အားအ ကုန်လုံးကို ပြည်သူတွေဆီကိုရောက်အောင်၊ ပြည်သူဆီကို အရောက်နိုင်ဆုံး၊ အသန့်ရှင်းဆုံး နည်းနဲ့ ခုနလို Losses အနည်းဆုံးနည်းနဲ့ ကျွ န်တော်တို့ ဖြန့်ဖြူး ပေးနိုင်ရင် ယခုလို လျှပ်စစ်နဲ့ လောကနိဗ္ဗာန်ကို တည်ဆောက်တဲ့ ခေတ်ကြီးမှာ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအကုန်လုံးဟာ တိုင်းဒေသကြီး / ပြည်နယ်အနှံ့ ဖွံ့ဖြိုးမှု တစ်ပြေးညီ အဖြစ်နိုင်ဆုံးနဲ့ ကျွန်တော်တို့ ချီတက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့ ဒေသတွေ၊ ပြည်နယ် /တိုင်းဒေသကြီးမှာရှိတဲ့ ဝေးလံ ခေါင်း ပါး တဲ့ဒေသတွေ မှာရှိတဲ့ လူထုတွေ ကိုယ်စား ကျွန်တော်တို့ဟာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အမတ်တွေ အနေနဲ့ ပြည်သူ့ ကိုယ်စား အခုလို သက်ဆိုင်တဲ့ ဝန်ကြီး ဌာနတွေကို ကျွန်တော်တို့က လူထုအတွက် လုပ်ပေးပါ။ အတတ်နိုင်ဆုံး ကျွန်တော်တို့ ကြိုးစားကြရအော င်ဆိုတဲ့ ဦးတည်ချက်နဲ့ မေးမြန်း နေကြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ရခိုင်ပြည်နယ် ဆိုတာဟာ မြန်မာနိုင် ငံရဲ့ ဒီဘက် အစွန်ဆုံးမှာ ရှိပါတယ်။ အင်မတန်လည်း ခုနကလို ဆင်းရဲမှုအဆင့်နဲ့ တိုင်းတာရင် ဒုတိယအောက်မှာ ရှိပါတယ်။ ကျွန်တော်တို့ လျှပ်စစ်မီးနဲ့ပတ်သက်လို့ ပြောပြောဆိုဆို ဆွေးနွေးကြတဲ့ ကဏ္ဍတွေ အများကြီး ရှိခဲ့ ကြပါတယ်။ လူထုအစည်းအဝေးတွေမှာ ကျွန်တော်တို့ ပါတီအာဘော်တွေ မှာလည်း ရှိခဲ့ပါတယ်။ ဒါက တစ်ပိုင်းပါ။ ကျွန်တော်တို့ လူထုတွေရဲ့ တောင်းဆိုချက်တွေ၊ လိုလားချက်တွေကို ကျွန်တော်တို့ လွှတ်တော်အမတ်တွေက အတတ်နိုင်ဆုံးကြိုးစားပြီးကာမှ ဖြည့်ဆည်းပေးနိုင်အောင် တင်ပြပေးခွင့်

ရတာကိုလည်းပဲ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ခုန ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးကို လေးစားကြောင်းနဲ့ ကျေးဇူးတင်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ရခိုင်ပြည်နယ် အစိုးရလက်ထက်မှာ အခု အစိုးရလက်ထက်မှာ (၂၄)နာရီ လျှပ်စစ်မီးရအောင် စီစဉ်ပေးနိုင်ခဲ့ပြီဖြစ်တာကို ကျွန်တော်တို့ အထူးသဖြင့် စစ်တွေမြို့မှာရှိတဲ့ စစ်တွေဆိုတာ ရခိုင်ပြည်နယ်ရဲ့ မြို့တော်ပါ။ သူ့ရဲ့ မြို့နယ်လူထု၊ မြို့တော်လူထုကတော့ဖြင့် ဝမ်းပန်းတသာကြိုဆိုကြပါတယ်။ အဲဒီတော့ ဒီ အစိုးရမတိုင်ခင် ယခင်အစိုးရ လက်ထက်မှာ တိုင်းမှူးအသီးသီးရှိခဲ့ပါတယ်။ ပထမ ဒီ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ပေးနိုင်တာက (၂)နာရီပဲ ရှိပါတယ်။ ရန်ကုန်၊ မန္တလေး ဘယ်လောက်ပေးတယ်ဆိုတာကတော့ ကိုယ်တိုင်ခံစားကြရတဲ့ လွှတ်တော်အမတ်တွေက သိပါတယ်။ အဲဒီလို တစ်နေ့ကို (၂)နာရီသာပေးနိုင်တဲ့ ပြည်နယ်အမည်ခံထားတဲ့ မြို့တော်တစ်ခုရဲ့ လူထုက (၂)နာရီပဲ ရပါတယ်။ အဲဒါ ကို တိုင်းမှူး အဆက်ဆက်က (၄)နာရီလောက်ပေးနိုင်အောင် မူလသတ်မှတ်တဲ့ လျှပ်စစ်နှုန်းထားကို ပြင်ပြီးကာမှ ကျွန်တော်တို့ မြို့မီးလင်းရေးကော်မတီဆိုပြီးတော့ လူထုပါဝင်ပူးပေါင်းတဲ့ အဖွဲ့အစည်း၊ အစိုးရနှင့် လူထု ပူး ပေါင်းတဲ့ အဖွဲ့အစည်းနဲ့ ဖွဲ့စည်းပြီးကာမှ မီးပေးခဲ့ပါတယ်။ တစ်နေ့ကို (၄)နာရီရအောင် ပေးနိုင်ခဲ့ပါတယ်။ မီတာတစ်ယူနစ်ကိုလည်း (၅၀၀)ကျပ်နှုန်းလောက် သတ်မှတ်ပြီးကာမှ ပေးခဲ့တယ်ဆိုတာ ကျွန်တော်သိပါတယ်။ အခု ပြည်နယ်အစိုးရ တက်လာပြီးတဲ့နောက်မှာ ကျွန်တော်တို့ မီးလင်းရေးကော်မတီကို ပြန်ဖွဲ့ပါတယ်။ ပြန်ဖွဲ့ပြီးကာမှ တစ်ယူနစ်ကို (၅၀၀)ကျပ်နှုန်းအစား ကနဦး (၁၀)ယူနစ်ကို ခုနကလို (၂၅)ကျပ်၊ တချို့ရပ်ကွက်တွေက (၅၀)ကျပ်ပါ။ ခုနက ဆရာဦးမျိုးမြင့် ဆွေးနွေးတဲ့သဘောကျွန်တော် လက်ခံပါတယ်။ တချို့ရပ်ကွက်တွေက (၂၅)ကျပ် ပေးရပါတယ်။ တချို့ရပ်ကွက်တွေက (၅၀)ကျပ်ပေးရပါတယ်။ ဆိုပါတော့ မင်းဂံရပ်ကွက် (၂၅)ကျပ်ပေးရပါတယ်။ မင်းဂံ ရပ်ကွက်က (၂၅)ကျပ် ပေးရပါတယ်။ ဒါပေမယ်လို့ ကျေးပင်ကြီးတို့၊ အိုးတန်းတို့က (၅၀)ကျပ် ပေးရပါတယ်။ တစ်မြို့တည်းမှာ ရပ်ကွက်ချင်း တစ်ခုတစ်ခုနဲ့ မတူတဲ့နှုန်းထားလေးတွေကို ကျွန်တော် တင်ပြတာပါ။ အခုလို ပုဂ္ဂလိက မြို့မီးလင်းရေး အမည်ခံပြီးကာမှ မြို့ကိုလျှပ်စစ်မီးပေးတယ်။ တစ်ယူနစ်နှုန်းထားကို ပထမ (၁၀)ယူနစ်ကို ခုနကလို (၂၅)ကျပ်၊ (၅၀)ကျပ် သတ်မှတ်တယ်။ ကျန်တဲ့ ထပ်တိုးယူနစ်အကုန်လုံးကို (၄၄၀)ကျပ် သတ်မှတ်ပါတယ်။ ခုနကလို (၅၀၀)ကျပ်ကနေ လျော့လာတာတွေ့ရပါတယ်။ (၂၄)နာရီကို မီးလင်းပါတယ်။ သို့သော်လည်းပဲ ဒီမီးလင်းတာ ကိုပဲ ကျေးဇူးတင်စွာနဲ့ပဲ

ကျွန်တော်တို့ လူထုဟာ ခုနလိုမကျေနပ်သော်လည်း ဘာမှမတုန့်ပြန်ပဲနဲ့ ဒီအတိုင်းပဲ ကျေးဇူးတင်စွာ လက်ခံနေကြတာကို တွေ့ရပါတယ်။ အဲဒါက တစ်ချက်ပါ။

နောက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှစပြီးကာမှ ဒီ မီတာထိန်းသိမ်းခ (၁၀၀၀)ကျပ်ဆိုတာ တစ်နိုင်ငံလုံး ပေးရပါတယ်။ အဲဒီ (၁၀၀၀)ကျပ်အပြင် ကျွန်တော်တို့ တခြား တိုင်းဒေသကြီး / ပြည်နယ်မှာတော့ မကြား ဖူးပါဘူး။ ဝန်ဆောင်မှု ခေါင်းစဥ် တပ်ပြီးကာမှ (၁၀၀၀)ထပ်ပေါင်း ပါတယ်။ အဲဒီတော့ မီတာတစ်လုံး ကို (၂၀၀၀)ကျပ် ဖြစ်သွားပါတယ်။ အဲဒီလို (၁၀၀၀)ကျပ် ပေါင်းထည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ မြို့မှာ မီတာအလုံးပေါင်း တစ်သောင်း ကျော်လောက် ရှိပါတယ်။ သိန်းပေါင်းတစ်ရာလောက် ဝင်မှာဖြစ်ပါတယ်။ အဲဒီဟာ အပြင် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလက စပြီးကာမှ မီတာ တစ်လုံးကို လမ်းမီးအတွက် (၅၀၀)ကျပ်ဆိုပြီး ကောက်လာပြန် ပါတယ်။ ဆိုတော့ မီတာအလုံးပေါင်း ခုနက ကျွန်တော်တင်ပြခဲ့တဲ့ တစ်သောင်း ကျော်ရှိပါတယ်။ ဆိုတော့ ဒီ မီးလင်းရေးကော်မတီဟာ ကျွန်တော်တို့ မိမိကြိုက်သလို ခုနလို မီတာထိန်းသိမ်းခ တို့အပြင် ဝန်ဆောင်ခတို့၊ မီတာဈေးနှုန်းတွေကို ပြဋ္ဌာန်းပိုင်ခွင့် ရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းလား ဆိုတာကို ကျွန်တော်တို့ မေးခွန်းထုတ်ဖို့ ပြည်သူလူထုက ကျွန်တော်တို့ကို တာဝန်ပေးလာတဲ့ သဘော ဖြစ်လာပါတယ်။ အဲဒါကြောင့် ခုနကလို ဒီ မြို့မီးလင်းရေးကော်မတီ အမည်ခံတဲ့ အဖွဲ့ဟာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းခွင့်ရှိတဲ့ အဖွဲ့အစည်း ဟုတ်/မဟုတ်၊ ဆက်လက် ရှိသင့်/မသင့်ကို နိုင်ငံတော်က ပြန်လည်သုံးသပ်ဖို့ လိုအပ်တယ်ဆိုတာလေးကို ကျွန်တော် နံပါတ်(၂)အချက်အနေနဲ့ တင်ပြချင်ပါတယ်။

နံပါတ်(၃)အချက်အနေနဲ့ စစ်တွေမြို့ မီးလင်းရေးကော်မတီကို ယခင်တိုင်းမှူး၏ စီမံ ခန့်ခွဲပိုင်ခွင့်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလု ပ်ငန်း (ESE) ဓာတ်အားပေးချိန် နည်းတာကို လည်းပဲ နာရီအနည်းငယ် တိုးပေးပြီးကာမှ ESE က ခွဲတမ်း ကျွန်တော်တို့ ဒီဇယ်ဂါလံပေါ့နော်။ အဲဒါကို ယူပါတယ်။ နောက် မြို့မီးလင်းရေးကော်မတီက တစ်ခါ ထပ်ပြီးဝယ်တဲ့ ခုနလို စက်သုံးဆီ ဂါလံနဲ့ ပေါင်းပြီးကာမှ ကျွန်တော်တို့ရဲ့ ESE ပိုင်တဲ့ ခုနကလို ဓာတ်ကြိုးလိုင်းတွေ၊ နောက် မီးစက်ကြီးတွေ၊ ထရန်စဖော်မာကြီးတွေကို သုံးပြီးကာမှ ခုနကလို တစ်ယူနစ်နှုန်းကို ဒီလိုမျိုး တိုးမြှင့်ကောက်ခံခွင့် ပေးထားတယ်ဆိုတာ တည်ဆဲလျှပ်စစ်ဥပဒေအရ ကျွန်တော်တို့ အကျုံးဝင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းဟာလည်း ကျွန်တော်တို့ မေးဖို့ ဖြစ်လာပါတယ်။ အဲဒီတော့ ပထမ ဦးတည်တာက

လူထုနဲ့ အစိုးရ၊ အစိုးရနဲ့ လူထု အကျိုးတူပူးပေါင်းပြီးကာမှ တည်ထားတဲ့ အဖွဲ့အစည်းလို့ ယူဆတဲ့ ဒီ မြို့မီးလင်းရေးကော်မတီ အခုတစ်ခါ ကျွန်တော်တို့က လူထု နဲ့ အစိုးရအပြင် ပုဂ္ဂလိကပါ ပူးပေါင်းဖွဲ့စည်းထားတဲ့ မြို့မီးလင်းရေးကော်မတီပုံစံဖြစ်တဲ့အခါမှာ ဒီအဖွဲ့အစည်းဟာ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ တရားဝင်ခွင့်ပြုချက်နဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဟုတ် /မဟုတ် ကျွန်တော်တို့က သိဖို့လိုလာပါတယ်။ အဲဒါကြောင့်မို့ လို့ ဒီမြို့ မီးလင်းရေးအမည် ခံ ဖွဲ့ထားတဲ့ ခုနကလို အစိုးရနဲ့ ပုဂ္ဂလိက အကျိုးတူပူးပေါင်းတဲ့ ခုနက မြို့မီးလင်းရေးကော်မတီရဲ့ ထီးရိပ် အောက်က ဒီ အာဏာပိုင်ပုံစံမျိုးနဲ့ အမြတ်အစွန်းကို မရအရယူထားတဲ့ အဖွဲ့အစည်းမျိုးဟာ လူထုရဲ့ သည်းခံနိုင်မှု အတိုင်းအတာကို ပြန်ထည့်တွက် ဖို့ အစိုးရမှာ တာဝန်ရှိလာတယ်ဆိုတာ လေးကို နိုင်ငံသားတစ်ဦးရဲ့ မူလအခွင့်အရေး၊ ပြည်သူတွေရဲ့ ရပိုင်ခွင့်ကဏ္ဍဘက်က ကျွန်တော်တို့ သုံးသပ်ပြီးကာမှ တင်ပြရခြင်းဖြစ်ပါတယ်။

နံပါတ်(၄)အချက်အနေနဲ့ စစ်တွေမြို့ မီးလင်းရေးကော်မတီအောက်မှာ တော်ဝင်ထူးလင်း နှင့် ဖိုးသီးချို လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဆိုတာ (၂)ခုရှိပါတယ်။ ESE နဲ့ အကျိုးတူ ပူးပေါင်း ပြီးကာမှ တော်ဝင်ထူးလင်း ဓာတ်အားပေးလိုင်းကနေပြီးကာမှ ဖိုးသီးချိုလိုင်းကို အခြေအနေအရ ပြောင်းမယ်ဆိုရင် ပထမ မီတာ(၁၀)ယူနစ်ကို ESE က ပထမ ခွဲတမ်းအတိုင်း (၂၅)ကျပ် သို့မဟုတ် (၅၀)ကျပ်ကို စွန့်လွှတ်ကြောင်း လက်မှတ်ထိုးပေးရပါတယ်။ ကုမ္ပဏီ(၂)ခုဟာ မြို့တစ်ခုမှာ တစ်ခုက အပိုင်စား ယူထားပါတယ်။ ဒီဘက်လိုင်းကနေ ဟိုဘက်လိုင်းကို ပြောင်းချင်တယ်ဆိုလို့ရှိရင် မူလ(၁၀)ယူနစ်ကို (၂၅)ကျပ် သို့မဟုတ် (၅၀)ကျပ်ကို ခံစားခွင့် ခုနကလို ESE ရဲ့ စက်သုံးဆီ ခွဲတမ်းအရ လူထုကိုပေးထားတဲ့ ဥစ္စာကို စွန့်လွှတ်ကြောင်း လက်မှတ်ထိုးပြီးကာမှ တခြားလိုင်းကို ပြောင်းရွှေ့ခွင့် ကျွန်တော်တို့က ပေးနေရပါတယ်။ ဆိုတော့ ဒါမျိုးလုပ်ပိုင် ခွင့် ဒီကုမ္ပဏီတွေမှာ ရှိသလားဆိုတာကို ကျွန်တော်တို့က လူထုကိုယ်စား မေးမြန်းဖို့ ဖြစ်လာပါတယ်။

နောက်နံပါတ်(၅)အချက်က ဒီလျှပ်စစ်ဓာတ်အားကို သုံးစွဲရတဲ့ ပြည်သူတွေရဲ့ ရသင့် ရထိုက်တဲ့ နိုင်ငံသားတစ်ဦးရဲ့ မူလအခွင့်အရေး ဆုံးရှုံးခြင်းသည် နိုင်ငံတော်ရဲ့ ကျွန်တော်တို့ ဦးတည်သွားတဲ့ လမ်းကြောင်းရှိပါတယ်။ ဒေသစွဲ မခွဲခြားဘဲ တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်မယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိအောင်လုပ်မယ်ဆိုတဲ့ အခု နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အရ တက်လာတဲ့အစိုးရ ရဲ့ လုပ်ငန်းအပေါ်မှာ လူထုရဲ့တုံ့ ပြန်မှု၊ ဒီရှုပ်ထွေးမှု သံသရာ ဟာ

ထပ်တိုး မှာစိုး လို့ ကျွန်တော်တို့ရဲ့ သန့်ရှင်းတဲ့အစိုးရ ဖြစ်အောင်၊ ကောင်းမွန်တဲ့အုပ်ချုပ် ရေး ဖြစ်အောင် ကြိုး စားတဲ့ကာလမှာ ဒီလို ပုဂ္ဂလိက ၊ ပြည်သူကြားမှာ ပုဂ္ဂလိက အစိုးရ ပြည်သူပုံစံ ဖြစ်သွားတဲ့အခါမှာ ခုနလို Private Partnership ပုံစံမဟုတ်ဘဲနဲ့ ဒါမျိုးဖြစ်တယ်ဆိုတာဟာ ခုနလို တည်ဆဲလျှပ်စစ်ဥပဒေအရ ကျွန်တော်တို့မှာ ဒါ အကျုံးဝင်ခြင်း ရှိ /မရှိ ဆိုတဲ့ မေးခွန်း တွေကို မေးဖို့ဖြစ်လာတဲ့အတွက်ကြောင့် ကျွန်တော် မေးခွန်း(၆)ခုကို မေးမြန်းထားပါတယ်။ တင်ပြ ထားပြီးလည်း ဖြစ်ပါတယ်။ ဒီဥစ္စာနဲ့ ပတ်သက်လို့ အသေးစိတ် ပြေစာတွေကိုလည်း ပူးတွဲတင်ပြ ထားပြီး ဖြစ်ပါတယ်။

နံပါတ် (၁)မေးခွန်းက ESE နဲ့ ပုဂ္ဂလိက မီးလင်းရေးကော်မတီတို့ အကျိုးတူ ပူးပေါင်းလျက် မီးလင်းရေးကော်မတီ ဖွဲ့စည်းခွင့်ကို မည်သည့် တည်ဆဲလျှပ်စစ်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်န ည်းများကို အခြေခံပြီး ဖွဲ့စည်းခဲ့ သည်ကို သိရှိလိုပါတယ်။ နည်းတူ အဆိုပါ ကော်မတီသည် တည်ဆဲလျှပ်စစ်ဥပဒေ တစ်ရပ်ရပ်အရ တရားဝင်မှု ရှိ /မရှိ ကို သိရှိလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လည်း ကိုက်ညီမှု ရှိ /မရှိ ကိုလည်း သိရှိလိုပါသဖြင့် မေးခွန်းကို ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်။

နံပါတ်(၂)က တော်ဝင်ထူးလင်းနှင့် ဖိုးသီးချို ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖြစ်သည့်အတွက် တည်ဆဲ မည်သည့် လျှပ်စစ်ဥပဒေအရ ဖွဲ့စည်းလုပ်ကိုင်ခွင့် ရရှိခဲ့ကြသည်ကို ဖြေကြားပေးစေလိုပါတယ်။

နံပါတ်(၃)မေးခွန်းက မြို့မီးလင်းရေး ကော်မတီကို မြို့ခံ သိက္ခာသမာဓိနဲ့ ပြည့်စုံပြီး အများကြည်ညိုလေးစားသော ဂုဏ်သရေရှိ မြို့မိမြို့ဖ မည်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်၊ ၎င်း ကော်မတီ၏ တာဝန်၊ လုပ်ပို င်ခွင့်၊ ရပိုင် ခွင့်တွေကို အများပြည်သူ သိရှိရန်ထုတ်ပြန်ခဲ့ခြင်း ရှိ/မရှိ နှင့် အများပြည်သူ၏ သဘောဆန္ဒကို ရယူဖွဲ့စည်းထားသော ကော်မတီ ဟုတ်/မဟုတ် သိရှိ လိုပါသည်။ နည်းတူ ၎င်းကော်မတီ၏ လည်ပတ်သုံးစွဲနေသော ငွေကြေးပမာဏနှင့် အမြတ်ခွန် တို့ကို အစိုး ရ စာရင်းစစ်အဖွဲ့ဖြင့် ပုံမှန်စာရင်းစစ်ဆေးလျက် စာရင်းရှင်းလင်းထုတ်ပြန်ခြင်း၊ ပြည်သူသို့ အသိပေးခြင်းပြုလုပ်ပေးခြင်း ရှိ/မရှိ နဲ့ ဤသို့ပြုလုပ်ပေးရန် ကော်မတီတွင် တာဝန် ရှိ/မရှိကို သိရှိလိုပါတယ်။

နံပါတ်(၄)မေးခွန်းအနေနဲ့ မြို့မီးလင်းရေးကော်မတီသည် လျှပ်စစ်မီတာ တစ်လုံးလျှင် မီတာထိန်းသိမ်းခ(၁၀၀၀)ကျပ်အပြင် ဝန်ဆောင်ခ (၁၀၀၀)ကျပ် ထပ်မံကောက်ခံခွင့်နဲ့ စည်ပင်သာယာအဖွဲ့သို့ ရေခွန်၊ မီးခွန်၊ မြေခွန် လစဉ် ပုံမှန်ပြေစာဖြင့် ပေးသွင်းနေရပါလျက် လမ်းမီးခွန် တစ်လလျှင်(၅၀၀)ကျပ် ထပ်မံကောက်ခံခွင့် ရှိ/မရှိ နှင့် ကောက်ခံပြီးငွေများကိစ္စအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းအား ဖြေကြားပေးရန် ဖြစ်ပါတယ်။

နံပါတ်(၅) မေးခွန်းက နို င်ငံသားများ၏ တစ်ဦးချင်း ဝင်ကြေးဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး မိမိတို့ အိုးအိမ်ဥပစာများတွင် ညွှန် ကြားချက်နှင့်အညီ ချိတ် ဆွဲကာ ကိုယ်တိုင်ထိန်းသိမ်း စောင့်ရှောက်ထားရသည့် လျှပ်စစ်မီတာများအတွက် မီတာထိန်းသိမ်း စောင့်ရှောက်ခ(၁၀၀၀)ကျပ် နိုင်ငံတော် လျှပ်စစ် (၂)ဝန်ကြီးဌာ နသို့ ပေးသွင်းနေရသည်ကို မည်သည့် ကာလမှ စတင် ရပ်သိမ်းပေးမည်၊ အကယ်၍ မရပ် သိမ်းနိုင်လျှင် အဘယ် ကြောင့်ဖြစ်သည်ဆိုတဲ့ မေးခွန်းတွေကို ဖြေကြားပေးစေ လိုပါတယ်။

နောက်နံပါတ်(၆)မေးခွန်းက ပြည်ထောင် စုအစိုးရရုံးစိုက်ရာ နေပြည်တော်နှင့်တကွ စစ်တွေမြို့အပါအဝင် တိုင်းဒေသကြီး ၊ ပြည်နယ် မြို့တော်များ၏ လျှပ်စစ်ဓာတ်အား တစ်ယူနစ် အတွက် ကောက်ခံနေရသော နှုန်းထားများ၊ အများပြည်သူ တပ်ဆင်သုံးစွဲရသည့် မီတာလုံးရေနှင့် နိုင်ငံတော်မှ ဖြန့်ဖြူး ပေးသည့် လျှပ်စစ်ဓာတ်အား ပမာဏ၊ လစဉ် စက်သုံးဆီ ဖြန့်ဖြူးမှု ဂါလံ အရေအတွက်၊ ရေအားလျှပ်စစ်မှ သုံးစွဲသည့် ဓာတ်အားပမာဏ၊ သဘာဝဓာတ်ငွေ့သုံး စက်များ၏ ဓာတ်ငွေ့ကုဗပေသန်းနှင့် ဓာတ်အားဖြန့်ဖြူးမှု ပမာဏတို့ကို နှိုင်းယှဉ်လျက် နောင်တွင် နှုန်းထား အလွန်မကွာခြားပဲ အတတ်နိုင်ဆုံး တစ်ပြေးညီဖြစ်စေရန် မည်သည့်နည်းလမ်းတို့ဖြင့် ပြည်ထောင်စု အစိုးရအနေဖြင့် နှစ်တိုနှစ်ရှည်စီမံကိန်း ကာလသတ်မှတ်လျက် ဆောင်ရွက်ပေးမည်၊ ဆောင်ရွက် နေသည်တို့ကို အများပြည်သူအကျိုးငှာ သိရှိလို ပါကြောင်း မေးခွန်း (၆)ခုကို မေးမြန်းခြင်းဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ ကြားဖြတ်အနေနဲ့ ဥပဒေကြမ်းကော်မတီက ဦးမြင့်ငြိမ်း တို့ ဒီ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက မနက်ဖြန်ကစပြီးတော့ တောက်လျှောက် လုပ်မှာ ဖြစ်ပါတယ်။ အဲဒီ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ဦးစားပေးအနေနဲ့ ဒီ အမျိုးသား

စီမံကိန်း ၂၀၁၂-၂၀၁၃ နဲ့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ဒါကို အမြန်ဆုံး ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီအထဲမှာ မဖြစ်မနေ ပြည်ထောင်စုလွှတ်တော်က အတည်ပြုဖို့အတွက် လိုအပ်တာ ပြည်သူ့လွှတ်တော် ဥပဒေ ၊ အမျိုးသားလွှတ်တော် ဥပဒေ၊ နောက် လယ်ယာမြေဥပဒေ ဒီ (၃)ခုကို မဖြစ်မနေ ဆော င်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က ဒီနေ့ဟာ နောက်ဆုံးဖြစ်သွားနိုင် တဲ့အတွက် ခင်ဗျားတို့ အမျိုးသား လွှတ်တော် ဥပဒေကို ဒီနေ့ အဆုံးအဖြတ်ရယူဖို့ ရပြီလား။ အဲဒီတော့ အစီအစဉ် မှာ ပြန်ဆွဲ ရမယ်။ ဒီအစီအစဉ်မှာ ပြန်ဆွဲဖို့အတွက် လိုအပ်ရင် ထွက်သွားပြီးတော့ ဆောင်ရွက်ပါ။ ရုံးအဖွဲ့ နဲ့လည်း ညှိနှိုင်းပြီးတော့ အစီအစဉ် Script ကို ပြန်ဆွဲပါ။ ဒီနေ့ အစီအစဉ်မှာ နောက်ပိုင်းမှာ အဆိုအသစ် တွေရှိပါတယ်။ ဒီအဆိုအသစ်တွေက အမျိုးသားလွှတ်တော် ပြန်ပြီး တော့ ခေါ်ယူနိုင်ခြင်း မရှိလို့ ရှိရင် ဒီနေ့ တင်ထားလည်း ဒါ မျောသွားမယ့် အနေအထား ရှိပါတယ်။ အဲဒီတော့ အဆိုသစ်တွေအစား အမျိုးသားလွှတ်တော်ဥပဒေကို အတည်ပြုနိုင်အောင်ဆောင်ရွက်ပေးပါ။ လိုအပ်ရင် ထွက်သွားပြီးဆောင်ရွက်ကြပါ။

**ကျိုက်လတ်မြို့အား(66 KV) ဓာတ်အားလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိမရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးမောင်မောင်အေး က ကျိုက်လတ်မြို့အား (66 KV) ဓာတ်အားလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဦးမောင်မောင်အေး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် များအားလုံး စိတ်၏ချမ်းသာ ခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွ န်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ အဓိက စိုက်ပျိုးရေးသီးနှံဖြစ်တဲ့ ဆန်းစပါး စိုက်ပျိုး

ထုတ်လုပ်မှုနဲ့ ဆန်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်လျက်ရှိတဲ့ (66KV) ဓာတ်အားလိုင်း ရရှိရေး အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက လယ်ယာလုပ်ငန်းများအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာကို ကူးပြောင်းနိုင်ရေးတွင် များစွာအထောက်အကူ ဖြစ်ပါတယ်။ ထို့အတူ အရည်အသွေးမြင့် ဆန်ထုတ်လုပ်နိုင်ပါက ပြည်တွင်းပြ ည်ပဈေးကွက် ပီပြင်စွာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ၊ ကျိုက်လတ် မြို့နယ်သည် ဆန်စပါးကို အဓိကထား စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဒေသဖြစ်ပါတယ်။ ဆန်စက်ကြီးပေါင်း (၃၅)လုံး၊ ဆန်စက်အလတ် (၈)လုံးနှင့် ဆန်စက်ငယ်ပေါင်း များစွာတည်ရှိတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ၄င်း ဆန်စက်များ အပြင် လယ်ယာသုံး စက်ကိရိယာများဖြစ်တဲ့ စပါးခြွေစက်၊ လက်တွန်းထွန်စက်၊ ဘီးဒလက်ချာ၊ ရေတင်ဒလက်ချာများလည်း ထုတ်လုပ်တဲ့ လယ်ယာ ထုတ် စက်ရုံပေါင်း (၂၆)ရုံလည်း တည်ရှိတဲ့ မြို့ဖြစ်ပါတယ်။ ဆန်စက်ကြီးများကို ဆန်အရည်အသွေး ကောင်းမွန်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်ကောင်း ရရှိရန်အတွက် ပြင်ဆင်မွမ်းမံခြင်း၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ခြင်းနှင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်ရည်ရွယ်၍ အဆင့်မြင့် ပေါင်းဆန်စက်ရုံများလည်း တည်ဆောက်လျက်ရှိပါတယ်။ လယ်ယာစက်ရုံများမှ ထွက်ရှိလာတဲ့လယ်ယာသုံး စက်ကိရိယာများကို တောင်သူလယ်သမားများသို့ သင့်တင့်မျှတတဲ့ ဈေးနှုန်းဖြင့် ရောင်းချဖြန့်ဖြူးပေးနေပါသဖြင့် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင် နေကြသော ဒေသခံတောင် သူများမှ ကျေနပ်ဝမ်းသာလျက်ရှိ ပါတယ်။ သို့သော်လည်း လျှပ်စစ်ဓာတ်အားရရှိမှုမှာ ဆန်စက်ကြီးများနှင့် လယ်ယာစက်ရုံများမှ လိုအပ်တဲ့ ဓာတ်အား ပြည့်ဝလုံလောက်စွာ မရရှိပဲ ဖြစ်နေပါတယ်။ သို့ ဖြစ်ပါ၍ ခေတ်မီဆန်စက်ကြီးများ ၊ ပေါင်းဆန်စက်ရုံများ၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နိုင်သည့် စက်ရုံများမှ ထုတ်လုပ်မှု စွမ်းအားပြည့်မီ တိုးတက်ရေးအတွက် ကျိုက်လတ် မြို့ နယ် အား (66KV) ဓာတ်အားလိုင်း ရရှိအောင် တပ်ဆင်ပေးပါရန်နှင့် တပ်ဆင်ပေးနိုင်ခြင်း ရှိ /မရှိ အားသိရှိလိုပါသဖြင့် ဖြေကြား ပေးနိုင်ပါရန် လေးစားစွာ တင်ပြပါတယ်။

**ကန်ပက်လက်မြို့တွင်း ဒီဇယ်သုံး အင်ဂျင်မီးစက် ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က ကန်ပက်လက်မြို့တွင်း ဒီဇယ်သုံး အင်ဂျင်မီးစက် ခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးမနားနိုင်းချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော် များခင်ဗျား။ အာလုံးကို မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့တွင်းဒီဇယ်သုံးအင်ဂျင်မီးစက် အသစ်တစ်လုံးကို ပြည်ထောင်စုအစိုးရ အစီအမံဖြင့် ခွင့်ပြုချထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ၊ ကန်ပက်လက်မြို့တွင် ဒီဇယ်သုံးအင်ဂျင်မီးစက် နှစ်လုံးဖြစ်သော 64KVA-DEUTZ မီးစက် နှင့် 150KVA-SKODA မီးစက်နှစ်လုံးကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တပ် ဆင် အသုံး ပြုမောင်းနှ င်ခဲ့ပါတယ်။ အဆိုပါ စ က်(၂)လုံးအနက် 150KVA-SKODA စက်မှာ ပျက်စီးနေပါသဖြ င့် ခရိုင်၊ ပြည်နယ် အင်ဂျင်နီယာများ၏ စစ်ဆေးလမ်းညွှန်ချက် အရ စက်မောင်းနှင်ခြင်း မှ ရပ်နားခဲ့ ရပါတယ်။ ကျန်တဲ့ မီးစက် 64KVA-DEUTZ စက်နှင့် လက်ရှိ မောင်းနှင်လျက်ရှိရာမှာ သက်တမ်းကြာမြင့်လာသဖြင့် စက်စွမ်း ရည် ကျဆင်းလာခြင်း၊ မြို့တွင်း မီးသုံးစွဲသူဦးရေ ပို များပြားလာခြင်းတို့ကြော င့် မြို့တွင်းအားလုံး ညတိုင်းစေ့ အချိန်အပြ ည့်အဝ မီးမပေးနိုင်ပါ ။ မြို့ ကို အပိုင်း (၃)ပိုင်းခွဲပြီး တစ်ညလျှင် ၆း၃၀ နာရီမှ ၉း၀၀ နာရီအထိပေးရာ (၃)ညမှာ တစ်ညသာ မီးရရှိတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ မြို့နေပြည်သူတို့မှာ လျှပ်စစ်မီး သုံးစွဲမှုများ အခက်အခဲ တွေ့ကြုံနေကြပါတယ်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် များစွာအခက်အခဲ တွေ့ကြုံနေကြရပါတယ်။ သို့ဖြစ်ပါ၍ ကန်ပက်လက်မြို့ တွင်း လျှပ်စစ်မီး ညစဉ် ပုံမှန်ရရှိနိုင်ရေးအ တွက် ပြည် ထောင်စုအစိုးရမှ

ဒီဇယ်သုံးအင်ဂျင်စက် အသစ်တစ်လုံး ဆောလျင်စွာ ခွင့်ပြုခဲ့ဝေ ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၄။**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုး သားလွှတ်တော် ကို ယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့် အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ် ။ ကျွန်တော်ကတော့ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနမှ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ မေးမြန်း လာတဲ့ မေးခွန်းများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ နေအိမ်အတွက် မီတာများ၊ ထရန်စ ဖော်မာများ လျှော က်ထားစဉ်ကပင် နေအိမ် အတွင်း/အပြင် တပ်ဆင်အသုံးပြုမည့် ဝန်အားပမာဏ-ဝပ် သို့မဟုတ် မြင်းကောင်ရေကို ဖော်ပြဖို့လိုပါတယ်။ သို့မှသာ လျှောက်ထားတဲ့ ဝန်အား ပမာဏအတိုင်း ဓာတ်အားပေးနိုင်ခြင်း ရှိ/မရှိ ၊ ဓာတ်အားပေးနိုင်မယ့် ထရန်စဖော်မာ၊ ဓာတ်အား လိုင်းတို့၏ နိုင်နင်းမှု ရှိ /မရှိ အပေါ် စီစစ်ပြီးတော့မှ မီတာကို တပ်ဆင်ခွင့်ပြုတာ ဖြစ်ပါတယ်။ ထိုနည်းတူ အသုံးပြုမည့် ဝန် အား သို့မဟုတ် မြင်းကောင်ရေ အပေါ် မူတည်၍ တပ်ဆင်ထားသော ဝါယာကြိုး၊ မီးခလုတ်များ မှ နိုင်နင်းမှု ရှိ /မရှိ ကို စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနက စစ်ဆေးသတ်မှတ်ပြီး မှသာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ဓာတ်အား ဆက်သွယ်ခွင့် ပြုတာဖြစ်ပါတယ်။ ခွင့်ပြု ထားတဲ့ ဝန် သို့မဟုတ် မြင်းကောင်ရေထက် ပို မိုအသုံးပြုခဲ့လျှင် နေအိမ်မှာ တပ်ဆင်ထားတဲ့ ဝါယာကြိုးများ၊ မီးခလုတ်များ ဝန်အား ပိုဖြစ်လာတဲ့အတွက် အပူလွန်ကဲပြီး ဝါယာရှော့ ဖြစ်ခြင်း၊ မီးလောင်ခြင်း၊ နေအိမ်တွင် တပ်ဆင်ထားသော မီတာနှင့် Service Wire များ ဝန်အားပိုခြင်းကြောင့်

ချို့ယွင်းလောင်ကျွမ်းမှု ဖြစ်ပေါ်ခြင်း၊ နေအိမ်ကို ဓာတ်အားပေးထားသော ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ဝန်အားပို ဖြစ်လာသည့်အတွက်ဗို့အားကျဆင်းမှုများ ပေါ်ပေါက်ခြင်း၊ ဝန်အား ပိုအခြေအနေကြောင့် ဓာတ်အားလိုင်းများ ပြတ်ကျခြင်း၊ ထရန်စဖော်မာများ ချို့ယွင်းခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေပါတယ်။ ၎င်းမှတစ်ဆင့်ဓာတ်အားစနစ်ပါ ထိခိုက်နိုင်ခြင်းကြောင့်ကြိုတင် ကာကွယ်မှုအနေဖြင့် ဓာတ်အားသုံးစွဲမှု များပြားသော လုပ် ငန်းသုံး ပါဝါမီတာ၊ ထရန်စဖော်မာ၊ စီတီမီတာများကို သတ်မှတ်ချက်ထားပြီး စစ်ဆေးဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၇ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ လျှပ်စစ်ဥပဒေ ၁၉၈၄ ခုနှစ်ကို ပြင်ဆင် သည့် ဥပဒေတွင် လျှပ်စစ်ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါပုဒ် မဖြင့် အစားထိုးရမည်ဟု ဖော်ပြထားတာ ရှိပါတယ်။ မည်သူမဆို အောက်ပါ တစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဤဥပဒေအရ ဖြစ်စေ၊ တ ခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ တရားစွဲဆိုခြင်း ခံရမည့်အပြင် ပျက်စီးဆုံးရှုံး သွားသော လျှပ်စစ်ပစ္စည်း ကိရိယာ၏ ကာလတန်ဖိုး သို့မဟုတ် ယင်းပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှု အတွက် လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသည့် ငွေကြေးကို သက်ဆိုင်ရာ နိုင်ငံပိုင် အဖွဲ့အစည်းသို့ ပေးလျော်ပေးဆောင်ရမည် ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ကျွန်တော်တို့ အထွေထွေ အိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံး ပါဝါမီတာမှတစ်ဆင့် သုံး စွဲခွင့်မရှိသော စီးပွားရေး လုပ်ငန်း အတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း၊ စက်မှုလက်မှုသုံး ပါဝါမီတာကို ခွင့်ပြု ဝန်အားထက် ကျော်လွ န်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ရယူ သုံးစွဲခြင်း ဆိုပြီး ပါရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဝန်အားပို သုံးစွဲမှုများကို ဟန့်တားနိုင်ရန်အတွ က် ဝန်ပို ပြစ်ဒဏ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အိမ်သုံး မီတာအတွက် တပ်ဆင်ထားသော မီတာများတွင် ဝန်ပိုပြစ်ဒဏ် ကောက်ခံခြင်း မရှိတော့ပါ။ သို့သော် ဝန်ပိုအသုံးပြု မှုကြောင့် မီတာလောင်ကျွမ်းမှု ဖြစ်ပေါ်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ပို အသုံးပြုမှုအတွက် လျော်ကြေးငွေနှင့် မီတာအသစ် အစားထိုး တပ်ဆင်ခများကိုမူ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်သူတို့မှ ဝန်ပိုမဖြစ်ပေါ်စေရေးအတွက် လျှောက်ထားစဉ်က ဝန်အားထက် ပိုမိုသုံးစွဲမိခြင်း မဖြစ်စေရန် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါတယ်။ လျှပ်စစ် ဓာတ်အား တိုးချဲ့အသုံးပြု လိုပါကလည်း တပ်ဆင်မယ့် ဝန်အားနှင့်ညီမျှတဲ့ မီတာအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ လဲလှယ် အသုံးပြုခွင့် လျှောက်ထားပ ါက ခွင့်ပြုပေး သွားမှာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတို့ အနေဖြင့် ဝန်ပို မဖြစ်ပေါ် စေရေး လျှပ်စစ်သတိဖြင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပထမမေးမြန်းတဲ့ မေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ဒုတိယမေးခွန်းဖြစ်တဲ့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းလက်ထက်မှာ ဓာတ်အား မလုံလောက်မှု၊ မီတာ ရှားပါးမှုများကြောင့် မြို့ပေါ်စုပေါင်းအိမ်ရာ(ကွန်ဒိုမီနီယံ)များနှင့် ကျေးရွာများက လျှပ်စစ်ဓာတ်အား အသုံးပြုခွင့် လျှောက်ထားပါက ထရန်စဖော်မာ ပင်မမီ တာ (Bulk or Main Meter)များမှ ဓာတ်အားသုံးစွဲခွင့်ပြုခဲ့ပါတယ်။ အိမ်ရာအတွင်းရှိ တိုက်ခန်းများနှင့် ကျေးရွာအတွင်းမှာရှိတဲ့ နေအိမ်များ ဓာတ်အားလျှောက်ထား သူများရဲ့ အစီအစဉ်ဖြင့် ဖွဲ့စည်း ထားသော မီးလင်းရေးကော်မတီများက Sub Meter များ တပ်ဆင်စေခဲ့ပြီး မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းမှ Main Meter သာ တပ်ဆင်ခဲ့ပါတယ်။ အိမ်ရာအတွင်းရှိ တိုက်ခန်းများမှ စုစုပေါင်း သုံးစွဲယူနစ် သို့မဟုတ် ကျေးရွာအတွင်းရှိ နေအိမ်များမှ စုစုပေါင်း သုံးစွဲယူနစ်များမှာကို Main Meter မှာ ဖတ်ရှုရရှိသော စုစုပေါင်း သုံးစွဲ ယူနစ်ထက် အမြဲတမ်းလျော့နည်းနေတာ မှန်ကန်ပါတယ်။ အဆိုပါ လျော့နည်းယူနစ်သည် အိမ်ရာများ၊ ကျေးရွာများအတွင်း Technical ကြောင့် ဖြစ်စေ၊ Non-Technical ကြောင့် ဖြစ်စေ လျော့နည်း ပျောက်ဆုံးသည့် ယူနစ်များ ဖြစ်ပါတယ်။ အထူးသဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး လုပ်ငန်းများ ခွင့်ပြုပေးရာမှာ ဗို့အားအဆင့်အလိုက် သတ်မှတ်ထားတဲ့ ကြိုးအမျိုးအစားနှင့် အရွယ်အစားများ အသုံးပြုရမည် ဖြစ်သော်လည်း အချို့မှာ သတ်မှတ်ကြိုးအမျိုးအစားများ အသုံးမပြုကြကြောင်း တွေ့ရပါတယ်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှ ဓာတ်အား လွှတ်ခွင့် တောင်းခံလာသည်များရှိလာတဲ့အတွက် ဝန်ကြီးဌာနအနေနှင့် အများပြည်သူ စိတ်အနှောင့်အယှက် မဖြစ်စေလို၍တစ်ကြောင်းခြွင်းချက်ဖြင့် ခွင့်ပြုခဲ့ရသည်များလည်း ရှိနေပါတယ်။ ယင်းသို့ စနစ်တကျဆောင်ရွက်မှု မရှိခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုများ ဖြစ်ပေါ်ရပါတယ်။ ထို့ကြောင့် ယခင်ကာလက အခြေအနေအရပ်ရပ် အရ တည်ဆောက်ခဲ့ပြီးဖြစ်သော ဓာတ်အားလိုင်းများကိုလည်း အခြေအနေ ပေးပါက အသစ် လဲလှယ်ရန် လိုအပ်ပြီးတော့ အသစ်တည်ဆောက်မည့်သူများအနေနှင့် သတ်မှတ်စံချိန်စံညွှန်းများ အတိုင်း တည်ဆောက်ပါက ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူတို့ မှလည်း ဝိုင်းဝန်းကူညီသင့်ကြောင်း တင်ပြလိုပါတယ်။ ယခုအခါ အိမ်ရာများ၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာများက ထရန်စဖော်မာ စတင်လျှောက်ထားစဉ်ကပင် အိမ်သုံးမီတာများကိုလည်း တစ်ပါတည်း ခွင့်ပြု တပ်ဆင်ပေးနေပြီ ဖြစ်ပါတယ်။ ထိုသို့ အိမ်သုံးမီတာများကိုလည်း တစ်ပါတည်း တပ်ဆင်

ပေးတဲ့အတွက်ကြောင့် အိမ်သုံးမီတာမှ သုံးစွဲယူနစ်ဖတ်စေပြီးတော့မှ ဓာတ်အားခ တောင်းခံခြင်းကို တစ်နိုင်ငံလုံး လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။ ပြည်သူတို့အနေနှင့်လည်း မိမိတို့ဆောင်ရွက် သင့်သည်များကို စနစ်တကျ လိုက်နာဆောင်ရွက်ပေးရန်နှင့် ဓာတ်အားခတောင်းခံမှုနည်းလမ်းများ ကွဲပြားနေ သည်များ သိရှိပါကလည်း အမြန် ဆုံး သတင်းပေးပို့ပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။ (၁၀)ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသည့်ကိစ္စမှာ အိမ်ရာ၊ ကျေးရွာတွေကို ဆက်လက်ပြီး မဆောင်ရွက် တော့ပါ။ ကိုယ်ပိုင်ထရန်စဖော်မာ တပ်ဆင်တဲ့ ဓာတ်အားသုံးစွဲသူများနှင့်သာ သက်ဆိုင်ပါတယ်။ ကိုယ်ပို င်ထရန်စဖော် မာ တပ်ဆင်၍ ဓာတ်အား သုံးစွဲခွင့် လျှောက်ထားသူများအား ခွင့်ပြုမိန့် ထုတ်ပေးစဉ်ကပင် သုံးစွဲယူနစ်ကို အပြည့်အဝ ဖတ်ရှုနိုင်ရန် အတွက် နယ်နိမိတ် သတ်မှတ်နေရာ ဖြစ်သော ထရန်စဖော်မာ၏ အဝင်ပို့အားမြင့် နေရာ၌ပင် (High Tension Meter -HT Meter) တပ်ဆင်ရန် ဖော်ပြခဲ့ပါတယ်။ အဆို ပါ HT Meter တပ်ဆင်မှုသည် ကုန်ကျစရိတ်များပြားသဖြင့် တပ်ဆင်ခြင်းမပြုနိုင်ပါက ထရန်စဖော်မာ ၏ ပို့အား နိမ့် (Low Tension Side )တွင် LT Meter တပ်ဆင်စေပြီး ပိုင်းခြားနယ်နိမိတ် HT Side အထိ ဓာတ်အားသုံးစွဲမှု ကာမိစေရန် ထရန်စဖော်မာ အတွင်း ဓာတ်အားပျောက်ဆုံးမှုကို (၁၀)ရာခိုင်နှုန်းတိုး၍ ကောက်ခံခြင်းဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။

တတိယမေးမြန်းချက်ကို ဆက်လက်ဖြေကြားသွားပါမယ်။ ကျေးရွာများမှာ ထရန်စဖော်မာ တပ်ဆင်ပြီးတော့ ဓာတ်အားခ ကောက်ခံရာမှာ အိမ်သုံးမီတာများ မတပ်ဆင်နိုင်မီ ကာလ အတွင်း ထရန်စဖော်မာ၊ မီတာမှ ဖတ်ယူရရှိသော ယူနစ်အတိုင်း တစ်ယူနစ်လျှင် (၃၅)ကျပ်နှုန်းဖြင့်သာ ကောက်ခံပါတယ်။ တောင်သာမြို့နယ်၊ သမက္က ုနှင့် ချောင်းဆုံကျေးရွာများမှာ ၂၀၀၆ ခုနှစ်၊ မတ်လ မီးလင်းရေး စတင်ခဲ့စဉ်က ထရန်စဖော်မာ Main မီတာမှ (၂၅)ကျပ်နှုန်းဖြင့် ကောက်ခံခဲ့ သော်လည်း ၂၀၁၀ ခုနှစ်၊ မတ်လမှ ၂၀၁၁ ခုနှစ်၊ မေလအထိ အိမ်သုံးမီတာ ခေ ါ်င်းစဉ်မှ ထရန်စဖော်မာ မီတာများအား ကောက်ခံသော တစ်လုံးတစ်ခဲတည်း ခေါင်းစဉ်သို့ စာရင်းပြောင်းလဲ သွင်းမိရာမှ (၅၀)ကျပ်နှုန်းဖြင့် ကောက်ခံခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လမှစပြီး (၂၅)ကျပ် နှုန်းဖြင့် ပြန်လည် ကောက်ခံခဲ့ပြီးတော့ ပိုမိုကောက်ခံခဲ့တဲ့ ငွေများကို စာရင်း ခုနှိမ်၍ ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီး တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း အရေးယူခဲ့ပြီး ဖြစ်ပါတယ်။ အ လားတူ မှားယွင်းမှုများ မရှိစေရေးအတွက် ညွှန်ကြားချက်များထုတ်၍ စစ်ဆေးစေခြင်းများ ဆောင်ရွက် ပေးထားပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့စဥ်ကပင် မိမိကိုယ်ပိုင်ငွေနဲ့ ရပ်တည်ရန် သတ်မှတ်ထားသည်ဖြစ်၍ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ကျေးရွာများမှာ အိမ်သုံးမီတာများအား အိမ်စေ့ တပ်ဆင်မပြီးစီးမီ Bulk Meter or Main Meter များ တပ်ဆင်ပြီး ဌာနအနေဖြင့် ဆုံးရှုံး နစ်နာမှု မရှိစေရန်အတွက် ယာယီအား ဖြင့် တစ်လုံးတစ်ခဲနှုန်း ယခင် (၅၀)ကျပ်၊ ယခု (၇၅)ကျပ်နှုန်းဖြင့် ကောက်ခံခဲ့ပါတယ်။ ၎င်း မီးလင်းရေး ကျေးရွာများတွင် အိမ်သုံးမီတာများအားလုံး တပ်ဆင်ပြီးပါက ယခင် (၂၅)ကျပ် ယခု (၃၅)ကျပ်နှုန်းဖြင့် အိမ်သုံးမီတာ တစ်လုံးချင်းအလိုက် ဓာတ်အားခများ ကောက်ခံခြင်းကို အခြား ဓာတ်အား သုံးစွဲသူများနည်းတူ တစ်ပြေးညီ ကောက်ခံလျ က်ရှိပါတယ်။ ယခုအခါ အိမ်သုံးမီတာများ ကို လျှောက်ထားသမျှ တပ်ဆင်ပေးနေသ၍ ကျေးရွာများမှာ တပ်ဆင်လိုသမျှမီတာများ လျှောက်ထား ရန်သာလိုပါတယ်။ အိမ်သုံးမီတာများ အားလုံးတပ်ဆင် ပြီးစီးပါက တစ်ယူနစ်လျှင် ယခင်(၂၅)ကျပ်၊ ယခု (၃၅)ကျပ်နှုန်းဖြင့် တစ်ပြေးညီ ကောက်ခံဆောင်ရွက်လျက်ရှိပါတယ်။

စတုတ္ထ မေးမြန်း ချက်ကို ဆက်လက်ဖြေကြားသွားပါမယ်။ နေအိမ်များမှာ တပ်ဆင်ထားသော အိမ်သုံး မီတာနှင့် စက်မှုလုပ်ငန်းသုံး မီတာများကို လစဥ် သီးခြားဖတ်ရှုပြီးတော့ ငွေတောင်းခံရာမှာ အိမ်သုံးမီတာ ယူနစ်များအပေါ် မှာ တစ်ယူနစ်လျှင် ယခင် (၂၅)ကျပ်၊ ယခု (၃၅)ကျပ်နှုန်းနှင့် စက် မှုလုပ်ငန်းသုံးမီတာယူနစ်များမှာ တစ်ယူနစ်လျှင် ယခင် (၅၀)ကျပ်၊ ယခု (၇၅)ကျပ်နှုန်းဖြင့် သီးခြားတွက်ချက် ငွေတောင်းခံပါတယ်။ မေးခွန်းတွင် ဖော်ပြသကဲ့သို့ အိမ်သုံး ရိုးရိုးမီတာနှင့် ပါဝါမီတာ (၂)ခုတို့မှ သုံးစွဲယူနစ်များ ပေါင်းစပ်လျက် ယခင်(၅၀)ကျပ်နှုန်း၊ ယခု (၇၅)ကျပ်နှုန်းဖြင့် ကောက်ခံမှုမရှိပါကြောင်းနှင့် သုံးစွဲသူများစာရင်းတွင်လည်း ခွဲခြားဖော်ပြ ထား၍ ပေါင်းစပ်ရန် မဖြစ်နိုင်ပါ။ သို့ သော် အိ မ်သုံးမီတာနှင့် စက်မှုသုံးမီတာ (၂)မျိုး အတူတကွ တပ်ဆင်ထားသော အချို့မီးသုံးသူများသည် အိမ်သုံးလျှပ်စစ်ပစ္စည်းများအတွက် အိမ်သုံးမီတာမှ သော်လည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်းများအတွက် စက်မှုသုံးမီတာမှသော်လည်းကောင်း သီးခြား ဆက် သွယ် ဓာတ်အား ရယူရမည်ဖြစ်သော်လည်း ရောထွေးစွာ ဆက်သွယ်ပြီး ဓာတ်အားရယူ သုံးစွဲနေခြင်း၊ တချို့ ပါဝါနည်းသော လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများအား စက်မှုသုံးရော အိမ်သုံး မီတာ(၂)မျိုးလုံးမှ ဓာတ်အား ရယူအသုံးပြု နိုင်ရန် အထူးဆက်သွယ် ထားခြင်းများ ရှိ ပါတယ်။ ထိုကဲ့သို့သော ဓာတ်အားအသုံးပြု သူများရဲ့ လုပ်ငန်းသုံးမီတာများမှာ မီတာယူနစ် နည်းနည်းသာ တက်ပြီး၊ အိမ်သုံးမီတာများတွင် မီတာယူနစ် များများတက်သည့် ဖြစ်စဥ်များကိုလည်း ဖော်ထုတ်

ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ထိုဖြစ်စဉ်များတွင် မီတာဖတ်ရှုသူများ ဝေခွဲမရဖြစ်ပြီး လုပ်ငန်းသုံး မီတာများတွင် ယူနစ်အားလုံး ထ ည့်သွင်းသည့် ဖြစ်စဉ်များလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် ဓာတ်အားသုံးစွဲသူများအနေနှင့် စည်း ကမ်းရှိရှိဖြင့် အိမ်သုံးမီတာ နှင့် လုပ်ငန်းသုံးပ စ္စည်းများကို သီးခြားစီဆက်သွယ်ဓာတ်အားရယူရန်ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်း မှားယွင်းမှု မရှိစေရေးအတွက် ညွှန်ကြား ချက်များ ထုတ်ပြန်ထားပြီးဖြစ် ကြောင်းလည်း ဖြေကြား အပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကို ဆက်လက်ဖြေကြားပါမယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနတွင် ဝန်ထမ်းများအား ဖွဲ့စည်းပုံခွင့်ပြုချက်အရသာ ခန့်ထားရခြင်း ဖြစ်ပြီးတော့ မီးလင်းတဲ့ ကျေးရွာတိုင်းအတွက် အမြဲတမ်းဝန်ထမ်းတစ်ဦး ခန့် ထားပေးနိုင်ရန် အခက်အခဲများရှိ ပါတယ်။ လက်ရှိတွင်လည်း လိုအပ်ပါက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းတစ်ဦးအား ကျေးရွာသို့ သွားရောက်၍ ဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် တာဝန်ပေးအပ်ထားသော လျှပ်စစ်အခြေခံ ရှိသည့် ကျေးရွာသားများ ၊ ကျွမ်းကျင်သူများအား သင်တန်းများပို့ချခြင်း ၊ အသိပညာပေးခြင်း တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဆက်လက်ပြီးတော့ကချင်ပြည်နယ်၊ဖားကန့်မြို့နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြ စ်ပါတယ်။ ကာမိုင်း မြို့နယ်ခွဲဟာ မိုးညှင်းခရိုင်အတွင်း မှာ တည်ရှိပြီး တော့ မိုးကောင်းမြို့နှင့် (၂၅)မိုင်ခန့် ကွာဝေး ပါတယ်။ ကာမိုင်းမြို့နယ်တွင် မီးသုံးစွဲသူ(၂၅၇)ဦးရှိပြီး၊ မြို့ပေါ်ရပ်ကွက်(၇)ခုကို ၁၀၀ ကေဗွီအေ မီးစက်နဲ့ ညစဉ် ၁၈း၃၀ နာရီမှ ၂၀း၄၅ နာရီအထိ ဓာတ်အားဖြန့်ဖြူးပေးထား ပါတယ်။ ကာမိုင်းမြို့အား ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် မိုးကောင်းကနေပြီးတော့ ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ (၂၅)မိုင်တည်ဆောက် ပြီး ကာမိုင်းမြို့ကို ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ဓာတ်အားပေးရမှာ ဖြစ်ပါတယ်။ မိုးကောင်းမှ ဖားကန့် ဒေသသို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်း၍ ဖားကန့်ဒေသ မီးလင်းရေးလုပ်ငန်းများ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ကာမိုင်းမြို့ကိုလည်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ် ။ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်

ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပြီး တော့ ရန်ပုံငွေ ခွင့်ပြုချက် အပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် မေးမြန်းသော မေးခွန်းများနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ ဒီဇယ်အင်ဂျင်သုံး ဓာတ်အားပေး စက်နဲ့ ၁၉၇၂ ခုနှစ်ကစပြီး ၁၈း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ ဓာတ်အားပေးခဲ့ပါတယ်။ ယင်းအချိန်ကာလအတွင်း ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ မီးသုံးစွဲမှုမှာ (၄၂၀၀)ခန့်သာရှိပြီးတော့ ဒီဇယ်ဆီကို နိုင်ငံတော် မှ စိုက်ထုတ်သုံးစွဲပြီး အများပြည်သူထံမှ နိုင်ငံတော် သတ်မှတ်နှုန်းနဲ့ ကောက်ခံခဲ့ ပါတယ်။ ၂၀၀၂ ခုနှစ်နောက်ပိုင်းမှာ ဒီဇယ်အင်ဂျင်သုံး ဓာတ်အား ပေးစက်ဖြင့် ဓာတ်အားပေးနေသော ရခိုင်ပြည်နယ် အပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ် များရှိ မြို့ ရွာများသို့ တစ်ရက်လျှင် (၂)နာရီသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ ပါတယ်။ ဒီအချိန်မှစပြီးတော့ ရခိုင်ပြည်နယ်ဒေသတွင်းမှာ ဓာတ်အားပေးချိန် တိုးမြှင့်ပေးလိုသော မြို့ ရွာများ ကို ဒေသမှ စီစဉ် ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ ကွပ်ကဲမှု များဖြင့် မီးလင်းရေး ကော်မတီ များ ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ မီးလင်းရေး ကော်မတီကို ဒေသအာဏာပိုင်များရဲ့ အတည်ပြုချက်ဖြင့် ဖွဲ့စည်းရမှာဖြစ်ပြီးတော့ ဥက္ကဋ္ဌအဖြစ် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ယူ စေပြီးတော့ အဖွဲ့များဖြင့် ရပ်မိရပ်ဖနဲ့ ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီမှ တာဝန်ခံတစ်ဦး ကိုလည်း ဘဏ္ဍာရေးမှူးအဖြစ် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးကောင်စီတို့မှလည်းကောင်း၊ စာရင်းစစ်အဖြစ် ရပ်မိရပ်ဖ ငွေစာရင်းကျွမ်းကျင်သူတို့မှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပူးပေါင်းဆောင်ရွက်မည့် ကော်မတီအဖွဲ့ဝင်တစ်ဦးမှ ဥက္ကဋ္ဌ သို့မဟုတ် တာဝန်ခံတစ်ဦးဦးကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ရပ်မိရပ်ဖတစ်ဦးကိုလည်းကောင်းဖွဲ့စည်းဆောင်ရွက် စေခဲ့ပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ်မှာ စစ်တွေမြို့ရဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ လိုအပ်ချက်အရ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ဥက္ကဋ္ဌအဖြစ် စစ်တွေခရိုင် ခ.ယ.က ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖြစ် မြို့မိမြို့ဖတစ်ဦး နဲ့ တွဲဖက်အတွင်းရေးမှူးတစ်ဦးအဖြစ် စစ်တွေခရိုင် အုပ်ချုပ်ရေးမှူးနဲ့ စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာ၊ အဖွဲ့ဝင်များဖြင့် ဌာနဆိုင်ရာ

အရာရှိကြီးများ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်မှ ကုမ္ပဏီအဖွဲ့အစည်း၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များ၊ စုစုပေါင်း (၃၃)ဦး ပါဝင်သော စစ်တွေမြို့ မီးလင်းရေးကော်မတီနဲ့ ဖွဲ့စည်းခဲ့တာတွေ့ရပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ ဖော်ပြသကဲ့သို့ ရခိုင်ပြ ည်နယ်အတွင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ESE) နှင့် ပုဂ္ဂလိက မီးလင်းရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခြင်း မဟုတ်ပါ။ မြို့မီးလင်းရေးဆောင်ရွက်ရသည့် လုပ်ငန်းပမာဏအရလည်းကောင်း၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ လိုအပ်မှုများအရလည်းကောင်း ဆော င်ရွက်ပေးနိုင်မည့် အဖွဲ့အစည်း၊ ကုမ္ပဏီတို့ကို မီးလင်းရေးကော်မတီ တွင် ထည့်သွင်းဖွဲ့စည်း ခြင်းသာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လမှာ ရခိုင်ပြည်နယ် လျှပ်စ စ်မီးရရှိရေးအတွက် ရခိုင်ပြည်နယ် အစိုးရမှ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၄ ရက် ရက်စွဲပါစာ အမှတ်၊ ၁၃/၄-၆/အစိုးရ(ရခိုင်)ဖြင့် ရခိုင်ပြည်နယ် မီးလင်းရေး ကြီးကြပ်မှု ကော်မတီကို အဖွဲ့ဝင် (၁၈)ဦးနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ ကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ် မီးလင်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ် (၁၇) မြို့နယ်မှာ အများကြည်ညိုပြီး တာဝန်ပေးရန် သင့်လျော်သည့် မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အု ပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ အရာရှိများဖြင့် မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ရာ အဆိုပါ မီးလင်းရေးကော်မတီများဟာ ရခိုင်ပြည်န ယ်အတွင်း အစိုးရအဖွဲ့မှ တာဝန်ပေး ဆောင်ရွက်စေခဲ့သော အဖွဲ့များ ဖြစ်ပါတယ်။

၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေသည် လက်ရှိကျင့်သုံးနေဆဲ ဥပဒေ ဖြစ်ပြီး ထို ဥပဒေ အခန်း(၂)၊ ပုဒ်မ ၄ တွင် အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ ဝန်ကြီးအဖွဲ့သည် အောက်ပါတို့ကို လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ ခွင့်ပြုနိုင်ပါ တယ်။ (က) နိုင်ငံတော်က ဖွဲ့စည်းထားသော လျှပ်စစ်ကော်ပိုရေးရှင်း သို့မဟုတ် ယင်း ကော်ပိုရေးရှင်းအား ဆက် ခံသည့် အဖွဲ့အစည်း၊ (ခ) ဝန်ကြီးဌာန အသီးသီး၏ လက်အောက်ရှိ အလုပ်ရုံ၊ စက်ရုံများ၊ (ဂ) သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ထားသော သမဝါယမ အသင်းများ၊ (ဃ) ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိက လုပ်ငန်းများ၊ (င) အခြားသီးခြားအဖွဲ့အစည်းများ မဟုတ်ဟု ဖော်ပြထားပါတယ်။ ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် “ဖွဲ့စည်းပုံ အခြေခံဥပဒေ” အခန်း(၁၄) ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်း၊ ပုဒ်မ ၄၄၆ မှာ

"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင် ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည် " ဟုဖော်ပြထားပါတယ်။ ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေအား ပြင် ဆင်ရန် ပြည်ထောင်စုဝန်ကြီး ဌာနများက စုပေါင်း ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ လျှပ်စစ်ဥပဒေသည် လ က်ရှိတည်ဆဲ ဥပဒေအဖြစ် တည်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ထိုဥပဒေနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက် နေဆဲဖြစ်သော ရခိုင်ပြည်နယ်အတွင်း မီးလင်းရေး ကော်မတီများသည် တည်ဆဲ လျှပ်စစ်ဥပဒေ အရ တရားဝင်ဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး မေးခွန်း ဒုတိယအချက်အား ဖြေကြားသွားပါမယ်။ အမှတ် (၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေနှင့် ဓာတ်အားစနစ်ရောက်ရှိခြင်း မရှိသေးသော တိုင်းဒေသကြီးပြည်နယ် ဒေသများမှာ ဝန်ကြီးဌာန၏ ဝန်ထမ်းများနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပြီး လျှပ်စစ်ဓာတ်အားပမာဏနှင့် ဓာတ်အားပေးချိန် တိုးမြှင့်ဖြန့်ဖြူးလိုသော ဒေသများတွင် သက်ဆိုင်ရာဒေသအလိုက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်းများကို ခွင့်ပြုပေး ခဲ့ပါတယ်။ ၎င်း မီးလင်းရေးကော်မတီများကို ဒေသ အာဏာပိုင်များ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ မီးလင်းရေးဆောင်ရွက်ရာမှာ လုပ်ငန်းပမာဏအရလည်းကောင်း၊ ဘဏ္ဍာရေး ပိုင်းဆိုင်ရာ လိုအပ်မှုများအရလည်းကောင်း၊ မီးလင်းရေးဆောင်ရွက်နိုင်မည့် အဖွဲ့အစည်း၊ ကုမ္ပဏီ တို့ကို မီးလင်းရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းဆော င်ရွက်စေခဲ့ပါတယ်။ ထို အဖွဲ့အစည်း၊ ကုမ္ပဏီများသည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိရမည် ဖြစ်ပါတယ်။ ထို့ကြောင့် ဓာတ်အားစနစ် မရောက်ရှိ သေးသော ဒေသများမှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း များကို ပုဂ္ဂလိကတစ်ဦးဦးတစ်ယောက်သို့ ခွင့်ပြုပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာဒေသ၏ မီးလင်းရေး ကော်မတီကိုသာ ခွင့်ပြုပေးခြင်းဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း တတိယအချက်နှင့် ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားပါမယ်။ လက်ရှိ အခြေအနေမှာ ရခိုင်ပြည်နယ် လျှပ်စစ်မီးရရှိရေးအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သည် ရခိုင် ပြည်နယ် မီးလင်းရေးကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင် (၁၈)ဦးဖြင့် ဖွဲ့စည်းပြီး ဆောင်ရွက်နေ ပါတယ်။ ရခို င်ပြည်နယ် မီးလင်းရေး ကော်မတီ၏ ကြီးကြပ် မှုဖြင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်

ပေါင်း(၁၇)မြို့နယ်မှာ တာဝန်ပေးရန် သင့်လျော်သူများ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ အရာရှိများဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့အစည်း၊ ကုမ္ပဏီများပါဝင်၍ မီးလင်းရေးဆောင်ရွက်နေသော မြို့များတွင် အဆိုပါ အဖွဲ့အစည်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူ တစ်ဦးဦးကို အဖွဲ့ဝင်တစ်ဦးအနေဖြင့် ထည့်သွင်းဖွဲ့စည်း ထားပါတယ်။ အဆိုပါမြို့များဟာ မြို့ မီးလင်းရေး ကြီးကြပ်မှုကော်မတီသည် မီးလင်းရေး ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့် ဓာတ်အားခကောက်ခံရာတွင် စျေးနှုန်းထိန်းညှိဆောင်ရွက်ပေးရန် စသည့်တာဝန်များကိုဆောင်ရွက် လျက်ရှိပြီး ရပိုင်ခွင့် တစ်စုံတစ်ရာ မရရှိသည့် လူမှုရေးအကျိုးပြုကော်မတီတစ်ရပ်သာဖြစ်ကြောင်း တွေ့ရပါတယ်။ မီးလင်းရေးကော်မတီများ၏ သုံးစွဲသော ငွေကြေးပမာဏနှင့် ရရှိသောငွေကြေးကို အခါအားလျော်စွာ ဒေသအာဏာပိုင်မှ ကြီးကြပ်၍ ပြည်သူများအား အသိပေးထုတ်ပြန်ကြောင်း တွေ့ရပါတယ်။ အဖွဲ့အစည်း၊ ကုမ္ပဏီများရဲ့ လည်ပတ်ငွေကြေးနှင့် အ မြတ်ခွန်တို့သည် အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ သီးခြားတာဝန်များသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး မေးခွန်းစတုတ္ထအချက်အား ဖြေကြားသွားပါမယ်။ ရခိုင်ပြည်နယ် အတွင်းရှိ မြို့များအား နိုင်ငံတော်မှ တစ်ရက်လျှင် (၂)နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားပြီး မီးပေးချိန်(၂)နာရီအထက် တိုးမြှင့်ဆောင်ရွက်နေသော မြို့ပေါင်း (၁၇)မြို့ ရှိပါတယ်။ မီးပေးချိန် (၂)နာရီအထက် ဆောင်ရွက်နေသော မြို့မီးလင်းရေးကော်မတီများ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှ ဖြန့်ဖြူးပေးနေသော (၂)နာရီစာအတွက် မီးသုံးသူတစ်ဦး လျှင် (၁၀)ယူနစ်အထိ တစ်ယူနစ်လျှင် အိမ်သုံး ယခင် (၂၅)ကျပ်၊ ယခု (၃၅)ကျပ်နှုန်း၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းသုံး (၅၀)ကျပ်၊ ယခု (၇၅)ကျပ်နှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်။ မီးပေးချိန် (၂)နာရီအထက် ဆောင်ရွက်နေသော မီးလင်းရေးကော်မတီများ အနေဖြင့် စက်ပြုပြင်ထိန်း သိမ်းစရိတ်၊ ဝန်ထမ်း လစာစရိတ်၊ စက်တန်ဘိုး ၊ ယူနစ်ပျောက်ဆုံးမှုအတွ က် ကျခံပေးရသော စရိတ်များ စသည့် တစ်ယူနစ်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်များကို စိုက်ထုတ်သုံးစွဲနေရ ကြောင်း သိရပါတယ်။ ၎င်းကုန်ကျစရိတ်များ ကာမိစေရန်နှင့် မီးပေးချိန် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်ရေးတို့ အတွက် ဒေသအာဏာပို င်၊ ပြည်သူလူထု၏ သဘောတူညီချက်များ ဖြင့် ဓာတ်အားခ သတ်မှတ် ကောက်ခံဆောင်ရွက်ကြကြောင်း တွေ့ရှိရပါတယ်။ မီးသုံးသူဦးရေ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အား ပေးချိန်အပေါ် မူတည်ပြီးတော့ ဝန်ဆောင်ခ တစ်နည်းအားဖြင့် လုပ်ငန်းသုံးကုန်ကျ စရိတ်များ တစ်မြို့နှင့်တစ်မြို့ ကွာခြားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်မှာ မီးပေးချိန်

(၂)နာရီအထက် တိုးမြှင့်ဆောင်ရွက်နေသော မြို့များတွင် မီးလင်းရေးကော်မတီက ဝန်ဆောင်ခ တစ်နည်းအားဖြင့် လုပ်ငန်းသုံးကုန်ကျစရိတ် (၁၀၀၀)ကျပ်ကောက်ခံနေသော မြို့ပေါင်း(၇)မြို့နှင့် (၁၀၀၀)ကျပ်အထက် ကောက်ခံနေသော မြို့ပေါင်း (၁၀)မြို့ရှိကြောင်း သိရပါတယ်။ စစ်တွေမြို့ သာယာလှပရေးနဲ့ လုံခြုံရေးအတွက် လမ်းမီးထွန်းညှိခြင်းကို ကုမ္ပဏီမှ ငွေကြေးစိုက်ထုတ် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပြီးတော့ စက်တင်ဘာလမှစပြီး လမ်းမီး ထွန်းညှိပေးခဲ့ကြောင်း သိရှိရပါတယ်။ လမ်းမီးခ ကောက်ခံရန်အတွက် ဒေသအာဏာပိုင် အဖွဲ့အစည်း၏ သဘောတူညီမှု မြို့မီးလင်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်လမ်းမီးခ(၅၀၀)ကျပ် ကောက်ခံရန် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိ ရပါတယ်။ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၁ ခုနှစ်၊ မတ်လအထိ လမ်းမီးခွန် ကောက်ခံထားပြီး ဖြစ်သဖြင့် လမ်းမီးခအား လက်ရှိအားဖြင့် ကောက်ခံမှု မရှိသေးကြောင်းသိရပါတယ်။ အထက်ပါအချက်များဟာ တိုင်းဒေသကြီး/ ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းရဲ့ လုပ်ငန်းသာဖြစ်ပြီးတော့ ဝန်ကြီးဌာနမှ ပါဝင်စွက်ဖက်လုပ်ကိုင်ခြင်း မရှိကြောင်းလည်း ဖြေကြားအပ်ပါတယ်။

ပဉ္စမအချက်ကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မီတာထိန်းသိမ်း စောင့်ရှောက်ခဟာ ၁၉၅၁ ခုနှစ်၊ ရန်ကုန်မြို့မှာ လျှပ်စစ်ဓာတ်အား စတင်ပေးစဥ်ကပင် စတင် ကောက်ခံခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်မီတာသည် ရောင်းချခြင်း မဟုတ်ဘဲ ငှားရမ်းပေးခြင်းသာ ဖြစ်သည့်အတွက် နိုင်ငံတကာ တွင် Rent Fee ဆိုပြီးအနေဖြင့် ကောက်ခံခဲ့ပါတယ်။ အိမ်ရှင် အမည်ပေါက်ပေးပြီး နေရာပြောင်းခြင်း၊ ရောင်းချခြင်း ဆောင်ရွက်၍မရပါ။ နိုင်ငံတကာမှာ မီတာတစ်လုံးအတွက် လစဥ် ပုံသေ ပေးဆောင်ရသည့် Rent Fee ကို ကောက်ခံလေ့ရှိပါတယ်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံမှာ မီတာတစ်လုံးလျှင်Fixed Price အနေဖြင့် ရူပီး ၄၅၀ (၆၈၅၀)ကျပ် ခန့်ကောက်ခံမှု ပါဝင်ပါတယ်။ ယခု မီတာပြေစာများတွင် Rent Fee အခေါ်အဝေါ် အစား မီတာထိန်းသိမ်း စောင့်ရှောက်ခအနေဖြင့် ရေးသားကောက်ခံခြင်း ဖြစ်ပါတယ်။ မီတာ ထိန်းသိမ်း စောင့်ရှောက်ခများ ပေးသွင်းရာမှာ ဓာတ်အား သုံးစွဲသူများအတွက် မီး သုံးစွဲသူ ပယောဂကြောင့် မဟုတ်သော မီတာများ ပျက်စီးခြင်း၊ ဥပမာ ရေကြီးခြင်း၊ မီးလောင်မှု စသည့် သဘာဝဘေး အန္တရာယ်များနှင့် နှစ်ကြာမီတာများအား မီတာဖိုး မတောင်းဘဲ အစားထိုး တပ်ဆင်ပေးပါတယ်။ ဓာတ်အားဖြန့်ဖြူးပေးသော ၃၃ ကေဗွီ ၊ ၁၁ ကေဗွီ ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲ ရုံများ ထရန်စဖော်မာများ ကြံ့ခိုင်ထိန်းသိမ်းမှု လုပ်ငန်းများနှင့် ပျက်စီးချို့ယွင်းမှုများ အတွက်

ပြင်ဆင်စရိတ်များမှာ ထည့်သွင်းအသုံးပြုခြင်း၊ ဗို့အားကျဆင်းမှုဖြစ်ပေါ်သော ဓာတ်အားလိုင်းနဲ့ ဝန်အားမနိုင်သည့်ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းတို့တွင် ထည့်သွင်းအသုံးပြုပါတယ်။ ဥပမာအားဖြင့် နာဂစ်မုန်တိုင်းကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာနှင့် မြို့ပြဆိုင်ရာပစ္စည်းများ ပျက်စီးမှုမှာ ဧရာဝတီတိုင်းဒေသကြီးမှာ သန်း (၆၄၅၅)သန်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ သန်း (၆၈၁၄)သန်း ဆောင်ရွက်ရာမှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ မှာ သန်း(၂၁၆၀)သန်း၊ စုစုပေါင်း ကျပ် (၁၅၄၂၉)သန်းခန့် ပျက်စီးခဲ့ပြီးတော့ ဒီမှာ ဆုံးရှုံးသွားတဲ့မီတာတွေကို ငွေများနဲ့ ပြန်လည်ပြီးတော့ အစားထိုး တပ်ဆင်ပေးခဲ့တာကို တွေ့ရပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ဂီရိမုန်တိုင်းကြောင့် ဓာတ်တိုင်၊ ဓာတ်ကြိုး၊ မီတာများ ပျက်စီးရာမှာ အစားထိုးတပ်ဆင်ပေးခဲ့ ပါတယ်။ တာချီလိတ်မြို့ တာလေငလျင်ကြောင့် ဓာတ်ကြိုး ပျက်စီးမှုများမှာလည်း တပ်ဆင်ပေးခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ရေကြီးမှု များ ဖြစ်ပေါ်ခဲ့ရာမှာ မီတာများ ပျက်စီးမှုကိုလည်း အစားထိုးပြီးတော့ တပ်ဆင်ပေးခဲ့ပါတယ်။ သို့ဖြစ်၍ မီတာထိန်းသိမ်းစောင့်ရှောက်ခသည် ဓာတ်အားသုံးစွဲသူ၏ အိမ်တွင် တပ်ဆင်ထားသော မီတာအတွက်သာမက ယင်းမီတာ ကို ဓာတ်အားပို့လွှတ်သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၏ ပြုပြင်ထိန်းသိမ်းမှု တိုး ချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ကောက်ခံခြင်းသာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းပါ နောက်ဆုံးအချက်အား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း နေရာအသီးသီးမှာ ပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် လျှပ်စစ်ဓာတ်အားပေးရာမှာ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံထားသော နည်းလမ်းများဖြစ်သည့် နိုင်ငံတော်ဓာတ်အားစနစ်မှ မဟာဓာတ်အားလိုင်းကြီးများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားသော ဒေသများမှာ ဓာတ်အားခနှုန်းထားသည် အိမ်သုံးမီတာမှာ ယခင် (၂၅)ကျပ်၊ ယခု (၃၅)ကျပ် စီးပွားရေးသုံးမီတာမှာ ယခင်(၅၀)၊ ယခု (၇၅)ကျပ် တစ်ပြေးညီ ကောက်ခံနေပါတယ်။ ဓာတ်အားစနစ်နှင့်ဝေးကွာသော အရပ်ဒေသတွေမှာ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခဲ့သော အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဒီဇယ်စက်များဖြင့် ဓာတ်အားပေးနေရာ အရပ်ဒေသများ တွင် အထက်ပါ ဓာတ်အားခနှုန်းထား ဖြင့် တ စ်ပြေးညီ ကောက်ခံခဲ့ပါတယ်။ ယခင်ကာလများက လျှပ်စစ်ဓာတ်အား ထုတ်လု ပ်နိုင်မှုပမာဏ၊ ဒီဇယ်အသုံးပြုနိုင်မှုပမာဏတို့သည် လျှပ်စစ်ဓာတ်အား သုံးနိုင်သူပမာဏနှင့် ကိုက်ညီ၍ ဓာတ်အားပေးနိုင်ခဲ့သော်လည်း၊ ယခု ဒေသများတွင် လျှပ်စစ်ဓာတ်အား တိုးတက်အသုံးပြုလာသည့် အခြေအနေ

များကြောင့် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အကန့်အသတ်များ ရှိလာသဖြင့် တချို့ဒေသများမှာ သက်ဆိုင်ရာဒေသမှ ကြီးကြပ်၍ မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး ဓာတ်အားပမာဏတိုးမြှင့်ရေး၊ မီးပေးချိန်တိုးမြှင့်ပေးရေးတို့ကို လုပ်ကိုင်ခွင့်ပြုပေးခဲ့ရာမှာ ဒေသအလိုက် လျှပ်စစ်ဓာတ်အားခများ အမျိုးမျိုးဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးနိုင်သောဒေသများတွင်ထုတ်လုပ်မှုကုန်ကျစရိတ်နည်းသဖြင့် ဓာတ်အားခ သက်သာသော်လည်း ဒီဇယ်အင်ဂျင်များဖြင့် ဓာတ်အား ပေးနေသောဒေသများတွင် ဒီဇယ်တန်ဘိုးပေါ် မူတည်ပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်များပြားပြီး ဓာတ်အားခများရခြင်း ဖြစ်ပါတယ်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ အများပြည်သူသို့ လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရန်အတွက် နိုင်ငံတော် ဓာတ်အားစနစ်ကို တိုးချဲ့တည်ဆောက်ခြင်းများကို နှစ်စဉ်စီမံကိန်းများလျာထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ်မှ ဓာတ်အားပေး နိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ရန် လျာထားသည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားကို ဒေသတွင်း ဖြန့်ဖြူး နိုင်ရေးစီမံကိန်းများ ဆောင်ရွက်မည့်အခြေအနေများအား ပြီးခဲ့သော လွှတ်တော်အစည်းအဝေးမှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထို့ပြင် အမှတ် (၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များ၊ ရသုံးမှန်းခြေ ငွေစာရင်းဆိုင်ရာ တင်ပြချက်များကိုလည်း ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။ ရခိုင်ပြည်နယ်အား ဆောလျင်စွာ ဓာတ်အားပေးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိပြီးဖြစ်သော ဥသျှစ်ပင် ဓာတ်အားခွဲရုံမှ မန်းဓာတ် အားခွဲရုံ တို့မှတစ်ဆင့် ဓာတ်အား ပေးနိုင်ရေးအတွက် နိုင်ငံခြားချေးငွေ အမေရိကန်ဒေါ်လာ (၆၄.၀၇)သန်းကို ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီ စီမံကိန်းများကတော့ -၂၃၀ ကေဗွီ ဥသျှစ်ပင်မှ တောင်ကုတ် ဓာတ်အားလိုင်း (၆၉)မိုင်နှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ ၂၃၀ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ ၂၃၀ ကေဗွီ မအီ-စနဲ ဓာတ်အားလိုင်း(၄၂)မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း (၈၀)မိုင်နှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ ၂၃၀ ကေဗွီ အမ်း -မြောက်ဦး ဓာတ်အားလိုင်း(၁၁၀)မိုင်နှင့် ဓာတ်အားခွဲရုံ စီမံကိန်းတို့ဖြစ်ပါတယ်။ အဲဒီ ဓာတ်အားလိုင်း၊ ဓာတ်အား

ခွဲရုံ စီမံကိန်းများ ဝယ်ယူနိုင်ရေးအတွက် အိန္ဒိယနိုင်ငံ Power Grid Corporation of India ကုမ္ပဏီဖြင့် ပစ္စည်းဝယ်ယူရေးစာချုပ်ကို အစိုးရအဖွဲ့မှ ခွင့်ပြုချက် ရရှိပြီး ဖြစ်တဲ့ အတွက်ကြောင့် ၂၀၁၂ ခုနှစ်၊ မတ်လအတွင်း လက်မှတ်ရေးထိုး ချုပ်ဆိုမှာ ဖြစ်ပါတယ်။ လက်မှတ် ရေးထိုးချုပ်ဆိုပြီးချိန်မှ စပြီးတော့(၇)လအတွင်း ပစ္စည်းများ စတင်ရောက်ရှိမှာဖြစ်ပါတယ်။(၁၅)လ အတွင်းမှာ စီမံကိန်းများ စတင်နိုင်မှာဖြစ်ပြီးတော့ စီမံကိန်းကာလကို(၂)နှစ် သတ်မှတ်ထားပါတယ်။ဒါ့အပြင် ရခိုင်ပြည်နယ်ရှိ မြို့၊ ရွာများကို ဓာတ်အားပေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်မယ့် စီမံကိန်းများလည်း ရှိနေပါသေးတယ်။ အဲဒါကတော့ ၆၆ ကေဗွီ စနဲ-ကျောက်ဖြူ ဓာတ်အားလိုင်း (၃၅)မိုင်နှင့် ကျောက်ဖြူ ဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ စနဲ -ရမ်းဗြဲ ဓာတ်အားလိုင်း (၁၄)မိုင်နှင့် ရမ်းဗြဲဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ မြောက်ဦး -ပုဏ္ဏားကျွန်း- စစ်တွေ ဓာတ်အားလိုင်း (၅၇)မိုင်နှင့် ပုဏ္ဏားကျွန်း -စစ်တွေ ဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ မြောက်ဦး- ကျောက်တော် ဓာတ်အားလိုင်း (၂၆)မိုင်နှင့် ကျောက်တော် ဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း (၂၀)မိုင်နှင့် မင်းပြား ဓာတ်အားခွဲရုံစီမံကိန်း တို့ ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ် (တောင်ပိုင်း)မှာရှိတဲ့ မြို့များဖြစ်သည့် သံတွဲ၊ ကျိန္တလီ၊ ဂွမြို့များကို ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ၁၃၂ ကေဗွီ တောင်ကုတ်-သံတွဲ ဓာတ်အား လိုင်း (၃၀)မိုင်နှင့် သံတွဲ ဓာတ်အားခွဲရုံစီမံကိန်း ၊ ၆၆ ကေဗွီ သံတွဲ -ကျိန္တလီ-ဂွ ဓာတ်အားလိုင်း (၈၄)မိုင်နှင့် ကျိန္တလီ ဓာတ်အားခွဲရုံစီမံကိန်းများကိုလည်း ဆက်လက်ဆောင်ရွက်ဖို့ တင်ပြထားပြီး ဖြစ်ပါတယ်။ သို့သော် အထက်မှာ တင်ပြခဲ့ပြီးသော အိန္ဒိယချေးငွေဖြင့် ဆောင်ရွက် မယ့် စီမံကိန်း လုပ်ငန်းများအတွက် တောင်ကုတ်-မအီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း၊ မအီ -ကျောက်ဖြူ ၂၃၀ ဓာတ်အားလိုင်း စီမံကိန်း၊ မအီ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် မသင့်ဘဲ ယာယီရပ်ဆိုင်းသင့်ကြောင်း ပြည် ထောင်စု လွှတ်တော်မှ ညွှန်ကြားထားပါတယ်။ အဆိုပါ စီမံကိန်းများဟာ သူဌေးရေအားလျှပ်စစ်စီမံကိန်းမှ ဓာတ်အားကိုသာ ရခိုင် ပြည်နယ်သို့ ပို့ရန်မဟုတ်ဘဲနဲ့ သူဌေးရေအားလျှပ်စစ်စီမံကိန်းမပြီးမီ ဓာတ်အားစနစ်မှ ဓာတ်အားကို ဥသျှစ်ပင် ဓာတ်အားခွဲရုံ မှတစ်ဆင့် တောင်ကုတ်သို့ ပေးပို့ပြီး ဆက်လက်၍ မအီ၊ စနဲ (ကျောက်ဖြူ)မင်းဘူးမှ အမ်း -မြောက်ဦး မှတစ်ဆင့် ကျောက်ဖြူ- ကျောက်တော်-ပုဏ္ဏားကျွန်း-စစ်တွေကို ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ သူဌေးရေအား လျှပ်စစ်စီမံကိန်း ပြီးစီးပါရင်လည်း ဆက်သွယ်ပြီး ဆောင်ရွက်ပေး

သွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းများ ပြီးစီးပါက ရခိုင်ပြည်နယ် မြို့များ၊ ရွာများတွင် ဒီဇယ် ဓာတ်အားပေးစက်များဖြင့် ပေးနေရသည့်အတွက် ဓာတ်အားခနှုန်းထားများ တစ်ယူနစ်လျှင် (၄၅၀)ကျပ်နှုန်းပေးချေရန် မလိုအပ်တော့ဘဲ ဓာတ်အားစနစ်မှ ပို့လွှတ်သည့် ဓာတ်အားများ နည်းတူ ဓာတ်အားခနှုန်းထား များဖြင့် တ စ်ပြေးညီ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ ရခိုင်ပြည်နယ် အတွက် အကျိုးကျေးဇူးများစွာရရှိရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းများ ခွင့်ပြုပေးရန်လည်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် တင်ပြထားပြီး ဖြစ်လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုပါတယ်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ဥပဒေပြုရေး အခန်း၊ ပုဒ်မ ၁၈၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား (၂)တွင် ဖော်ပြထားသော တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း၊ အာဏာသက်ရောက် စေရန် ဥပဒေပြုခွင့် ရှိသည်" ဟု ဖော်ပြထားပါတယ်။ ထိုဇယား(၂) "စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ" ၌ "ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးခြင်း မှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့် ဖြူးရေး" ဟု ဖော်ပြထားသဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ မကြာမီကာလ အတွင်း မဟာဓာတ်အား လိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော ဒေသများတွင် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဥပဒေ များပြုစုပြီး အနီးကပ်ကြီးကြပ် စီမံခန့်ခွဲမှုများ ပြုလုပ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားခ နှုန်းထားများ အလွန်ကွာခြားမှုများ မရှိစေရန် ဆောင်ရွက် နိုင်မည် ဖြစ်ပါတယ်။ ထို့ပြင် အများပြည်သူတို့မှ လည်း သင့်တင့်သော ဓာတ်အားခနှုန်းများ ဖြစ်စေရေးအတွက် ကောင်းမွန်သော အကြံ များ၊ အပြုသဘောဆောင်သော အကြံများ ပေးခြင်းစသည့် နည်းလမ်းများ ဝိုင်းဝန်းကူညီပေးကြပါရန် တိုက်တွန်းရင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး မေးမြန်းသော မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွား မှာဖြစ်ပါတယ်။ ကျိုက်လတ်မြို့မှာ မီးသုံးသူ (၂၈၆၉)ဦး ရှိပြီးတော့ ၂၃၀/၃၃ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ လှိုင်သာယာဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်း (၉၄.၅)မိုင် ဆွဲ၍ ၃၃/၁၁ ကေဗွီ၊ ၂.၅ အမ်ဗွီအေ ထရန်စဖော်မာမှ ၁၁/၀.၄ ကေဗွီ (၁၄)လုံး၊ တပ်ဆင်အင်အား ၅၁၀၀ ကေဗွီအေဖြင့် တပ်ဆင်ပေးထားပါတယ်။၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ၆၆ ကေဗွီ လိုင်းဆွဲရန် အစီအစဉ် မရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်းကို တည်ဆောက်ပေးမှာဖြစ်ပါတယ်။ ကျိုက်လတ် မြို့မှာ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံတစ်ခု ဆောက်လုပ်ပြီးလို့ ရှိရင် ကျိုက်လတ်နှင့် ဧရာဝတီတိုင်းဒေသကြီး တောင်ပိုင်းမှာ ဗို့အားကို လျင်မြန်စွာ၊ ဗို့အား ပြည့်မီစွာ ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော် ရန်ပုံငွေခွင့်ပြုနိုင်မှု အပေါ် မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း မေးမြန်းသော မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့မှာ ၆၄ ကေဗွီအေ မီးစက်ဖြင့် မြို့ကို အပိုင်း(၃)ပိုင်းခွဲပြီး တစ်ညမှာ ၆း၃၀ နာရီမှ ၉း၀၀ နာရီအထိသာ ဓာတ်အားပေးလျက် ရှိပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ လက်ရှိ မောင်းနှင်မီးပေးလျက်ရှိသော စက်ဟာ သက်တမ်းကြာမြင့် ပြီ ဖြစ်တဲ့အတွက်ကြောင့် စက်စွမ်းရည် ကျဆင်းလာပြီ ဖြစ်ပါတယ်။ဓာတ်အားပေးရာမှာ အခက်အခဲ ဖြစ်လျက်ရှိပါတယ်။ မြို့မှာ မီးသုံးစွဲသူဦးရေ ပိုမိုများပြားလာခြင်းကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၃၀၀ ကေဗွီအေ မီးစက်အသစ်တစ်လုံး ဝယ်ယူဖြည့်တင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားရင်း ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားမယ့် မေးခွန်း ဖြစ်ပါတယ်။

**ကျေးရွာအုပ်စု မန်နေဂျာရာထူးနှင့် ကျေးရွာမန်နေဂျာရာထူးများကို မျှော်ကိုးပြီး အစမ်းခန့်ထားခဲ့သည့် ဝန်ထမ်းများအား အစမ်းခန့် ပုံသေလစာရ ဝန်ထမ်းများ၏ အမှုထမ်းစာအုပ် (Service Book) တွင် တစ်ပြေးညီ ရေးသွင်းခွင့်ရရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က ကျေးရွာအုပ်စု မန်နေဂျာရာထူးနှင့် ကျေးရွာမန်နေဂျာရာထူးများ ကို မျှော်ကိုးပြီး အစမ်းခန့် ထားခဲ့သည့် ဝန်ထမ်းများအား အစမ်းခန့် ပုံသေလစာရ ဝန်ထမ်းများ၏ အမှုထမ်းစာအုပ်(Service Book)တွင် တစ်ပြေးညီ ရေးသွင်းခွင့်ရရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဦးနိုင်ထွန်းအုံ ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်း သာကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည် နယ်၊ သံဖြူဇရပ်မြို့နယ် အမှတ် (၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါမေးခွန်းနဲ့ပတ်သက်လို့ စာပိုဒ်ကို ဖတ်ကြားခွင့်ပြုပါရန် တောင်းခံ အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် မေးတဲ့မေးခွန်းကတော့ ယခင် လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးကော်ပိုရေးရှင်းမှ ပုံသေလစာ (၂၁၀)ကျပ်နှုန်းဖြင့် ကျေးရွာအုပ်စု မန်နေဂျာရာထူး(ယခု လက်ထောက် ကြီးကြပ်ရေးမှူး)များကို မျှော်ကိုးပြီး အစမ်းခန့်ထား ခဲ့သည့် B.Ag ဘွဲ့ရနှင့် ပုံသေ လစာ (၁၅၀)ကျပ်နှုန်းဖြင့် ကျေးရွာ မန်နေဂျာရာထူး (ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး) များကို မျှော်ကိုးပြီး အစမ်းခန့်ခဲ့သည့် စိုက်ပျိုးရေး ဒီပလိုမာ လက်မှတ်ရများအား ဦးဆောင်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၏ ၅-၇-၇၆ နေ့စွဲပါစာအမှတ်၊ ၁၁၁၉-ရေး-၇၆/၂၀၉၉ ဖြင့် လုပ်သက် သတ်မှတ် ပေးခဲ့ခြင်းနှင့် တစ် ပြေးညီ ခံစားခွင့်ရရှိစေရန်အတွ က် ၁-၅-၇၄ မှစတင်၍ ထမ်းဆောင်ခဲ့သော အစမ်းခန့် ပုံသေလစာအရ အလုပ်သင်ကာလကို အမြဲတမ်းလုပ်သက်အဖြစ် တစ်ပြေးညီ

ရေတွက်ခွင့်ပြုလိုက်သည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ခွင့်ပြုစာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနခွဲ ရန်ကုန်မြို့မှ ရုံးအမိန့်စာ အမှတ်၊ ၇၁၄/၂၀၀၀ နေ့စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ သို့သော်လည်း အစမ်းခန့်ပုံသေလစာအရ ဝန်ထမ်းတချို့သည် အမှုထမ်းစာအုပ် (Service Book ) တွင်ရေးသွင်းခွင့်ရပြီး တချို့ဝန်ထမ်းများတွင် ရေးသွင်း ခွင့်မရဟု သိရှိရပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကိစ္စနှင့်ပတ်သက်၍ အစမ်းခန့် ပုံသေလစာရ ဝန်ထမ်းများ ၏ အမှုထမ်းစာအုပ်(Service Book )တွင် တစ်ပြေးညီ ရေးသွင်းခွင့်ရရန် အစီအစဉ် ရှိ /မရှိ သိလိုပါတယ်။ နောက် (၂) တစ်ပြေးညီ ပြင်ဆင်ရေးသွင်းခွင့်ရှိပါက မည် သည့်အချိန်တွင် ပြင်ဆင်ရေးသွင်းခွင့်ရှိသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၃၄။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါသည်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ၏ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

အစမ်းခန့် ပုံစံသေလစာအရ ဝန်ထမ်းများ၏အမှုထမ်းစာအုပ် (Service Book)တွင် တစ်ပြေးညီ ရေးသွင်းခွင့်ရရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ၊ ဦးဆောင်ညွှန်ကြားရေးမှူး၏ ၃-၆-၂၀၀၀ နေ့စွဲပါ အမိန့်စာအမှတ် ၊ ၇၁၄/၂၀၀၀ ဖြင့် ယခင် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းတွင် ၁-၅-၁၉၇၄ မှ စတင်၍ ပုံသေလစာ (၂၁၀)နှုန်းဖြင့် ကျေးရွာအုပ်စု မန်နေဂျာရာထူး (ယခု လက်ထောက်ကြီးကြပ်ရေးမှူး)များကို မျှော်ကိုးပြီး အစမ်းခန့် ထားခဲ့သည့် B.Ag ဘွဲ့ရများနှင့်

ပုံသေလစာ (၁၅၀)နှုန်းဖြင့် ကျေး ရွာမန်နေဂျာရာထူး (ယခု ဒု -လက်ထောက်ကြီးကြပ်ရေးမှူး) များကို မျှော်ကိုးပြီး အစမ်းခန့်ထားခဲ့သည် စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်ရများအား ဦးဆောင် ညွှန်ကြားရေးမှူး ၊ လယ်ယာစိုက်ပျိုးရေးကော်ပို ရေးရှင်း ၏ ၅-၇-၁၉၇၆ နေ့စွဲပါစာအမှတ်၊ ၁၁၁၉-ရေး-၇၆(၂၀၉၉)ဖြင့် လုပ်သက်သတ်မှတ်ပေးခဲ့ခြင်းနှင့် တစ် ပြေးညီ ခံစားခွင့်ရရှိစေရန် အတွက် ၁-၅-၁၉၇၄ မှ စတင်၍ ထမ်းဆောင်ခဲ့သော အစမ်းခန့် ပုံသေလစာရ အလုပ်သင် ကာလကို အမြဲတမ်းလုပ်သက်အဖြစ် တစ်ပြေးညီ ရေတွက်ခွင့်ပြုလိုက် သည်ဟု ထုတ်ပြန်ပေးခဲ့ ပါသည်။ ယင်းရုံးအမိန့်အရ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းတွင် ၁-၅-၁၉၇၄ နေ့မှ စတင်၍ အစမ်းခန့်ပုံသေလစာရ အလုပ်သင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဝန်ထမ်းများ၏ Service Book များတွင် ယင်းအမိန့် ထုတ်ပြန်ပြီးသည့် အချိန်မှစ၍ ထည့်သွင်းရေးသွင်းပြီး ဖြစ်ပါတယ်။

ဆက်လက်၍ အစမ်းခန့်ပုံသေလစာရ အလုပ်သင်ကာလကို အမြဲတမ်းလုပ်သက်အဖြစ် တစ်ပြေးညီရေတွက်ခွင့်ပြုရန် မေးခွန်းအပေါ်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဖြေကြားချက်ကို ရှင်းလင်းဖြေကြားပါမယ်။ အစမ်းခန့်ဝန်ထမ်းဆိုသည့် ဖော်ပြချက်နှင့်စပ်လျဥ်း၍ အကျဥ်းမျှ ရှင်းလင်းတင်ပြလိုပါတယ်။ အစမ်းခန့်ခြင်း(Probation)ဆိုသည်မှာ လစ်လပ်သော အမြဲတမ်းရာထူး တစ်နေရာအတွက် အမြဲတမ်းခန့်အပ်ရန် ရည်ရွယ်ပြီး၊ ၎င်းရာထူးကို ကျော်ထောက် နောက်ခံပြု၍ ခန့်အပ်ခြင်းဖြစ်ပါတယ်။ အမြဲတမ်းခန့်အပ်မည့် ရာထူးတာဝန်ကို ထမ်းဆောင်ရာတွင် ကျွမ်းကျင် နိုင်နင်းစွာ ထမ်းဆောင်နိုင်စေရေး အတွက် အစမ်းခန့် ကာလအတွင်း စာတွေ့၊ လေ့ ကျင့်ဆည်းပူး နိုင်စေရန် ဖြစ်ပါတယ်။ အစမ်းခန့်ကာလကို သတ်မှတ်ပေးရာမှာလည်း သက်ဆိုင်ရာဌာနကသာ သင့်တော်သလို သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်၊ အစမ်းခန့်အပ်ထားရာတွင် ခန့်ထားသည့်ရာထူး၏ ချိန်နှုန်းလစာ အနိမ့်ဆုံးအဆင့်ကို စတင်ခံစားစေ၍ ခန့်ထားရပါတယ်။ အစမ်းခန့်ကာလ ကုန်ဆုံး သည့်အခါ အတည်ပြုခန့်ထားရန်ဖြစ်ပြီး ယင်းအစမ်းခန့်ကာလကို တာဝန်ချိန်အဖြစ်သတ်မှတ်ရန် ဖြစ်ပါတယ်။ အစမ်းခန့်ကာလထားရှိခြင်း၊ အစမ်းခန့် ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ပြီးမှ သာ အမြဲတမ်းဝန်ထမ်းအဖြစ် သွတ်သွင်း ခန့်အပ်ခြင်းပြုရမည်ဟူ၍ တိကျသော ပြဋ္ဌာန်းချက် မရှိပါ။ သက်ဆိုင်ရာဌာနမှသာ ဌာန၏ လိုအပ်ချက်အပေါ်မူတည်၍ အစမ်းခန့်ရန် လို /မလိုကို စဥ်းစား ဆောင်ရွက်မည်ဖြစ်ပါတယ်၊ လိုသည်ဟု ယူဆပါကလည်း အစမ်းခန့်ကာလ မည်မျှ ထားရှိမည်ကို သက်ဆိုင်ရာဌာနမှသာ ဆုံး ဖြတ်ဆောင်ရွက်ရမည် ဖြစ်ပါတယ် ။ ယခု ရှင်းလင်းတင်ပြခဲ့သည့် အစမ်းခန့်ထားခြင်းကိစ္စနှင့် ပတ်သက်ပြီး ဝန်ထမ်းရွေး ချယ်လေ့ကျင့်ရေးအဖွဲ့၏ ၃၁.၅.၂၀၁၁

ရက်စွဲပါစာအမှတ်၊ ၃၃၆/စခ-၂/၂၀၁၁ ဖြင့် ဝန်ကြီးဌာနများ အားလုံးကို အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားပါတယ်။ အစမ်းခန့်ကာလသတ်မှတ်ထားရှိသည့် ဌာနတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သည့် ဝန်ထမ်းလောင်းတစ်ဦးသည် လုပ်ငန်းဆောင်ရွက် မှု ကျွမ်းကျင်မှုရှိပြီး သတ်မှတ်ထားသည့် အစမ်းခန့်ကာလ ကုန်လွန်၍ ၎င်းအား အမြဲတမ်း ဝန်ထမ်းအဖြစ် ချိန်နှုန်းလစာရာထူးတွင် အတည်ပြုခန့်အပ်လိုက်လျှင် အစမ်းခန့်ကာလအား ထိုဝန်ထမ်း၏ အမြဲတမ်းလုပ်သက်တွင် ထည့်သွင်းတွက်ချက်ပေးပါတယ် ။ ထိုအခါ အစမ်းခန့်ကာလအား ဝန်ထမ်း ၏ အမြဲတမ်းလုပ်သက်တွင် ပါရှိပြီး၊ ပင်စင်အကျိုး ခံစားခွင့်ရရှိသည့် လုပ်သက်အဖြစ် ရေတွက်ခွင့်ရရှိကြောင်း ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ပြေးညီ ပြင် ဆင်ရေးသွင်းခွင့်ရှိပါက မည်သည့်အချိန်တွင် ပြင်ဆင်ရေးသွင်းခွင့်ရှိသည်ကို ဖြေကြားပေးပါရန်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားပါမယ်။ ယခုဖြစ်စဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၃ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်စာပါ ရက်သတ်မှတ်ချက်ဖြစ်သော ၁.၅.၁၉၇၄ ရက်နေ့မှစ၍ အကျုံးဝင်သော အစမ်းခန့် ပုံသေ လစာရ ဝန်ထမ်းများ၏ Service Book တွင် တစ်ပြေးညီ ရေးသွင်းပြီးဖြစ်ပါကြောင်းနှင့် ပုံသေလစာရ အလုပ်သင်အဖြစ် ခန့်ထားခံရသည့် အလားတူ ဝန်ထမ်းများအား ရုံး အမိန့်ထုတ်ပြန်၍ သက်ဆိုင်သူဝန်ထမ်းများ၏ Service Book များတွင် အလုပ်သင်ကာလ လုပ်သက်အား အမြဲတမ်းဝန်ထမ်း လုပ်သက်အဖြစ် ရေးသွင်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ် ဦးက မေးမြန်း တဲ့ မေးခွန်းတွေဟာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။

**ကြားဖြတ်ရွေးကောက်ပွဲလွန်ကာလ (၂၀၁၂)အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းနှစ် သတ်မှတ်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေ က ကြား ဖြတ်ရွေးကောက်ပွဲလွန်ကာလ (၂၀၁၂)အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းနှစ် သတ်မှတ်လုပ်ဆောင်ရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ချမ်းသာကိုယ်စိတ်မြဲစေကြောင်း ဦးစွာဆုမွန် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လူဝင် မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးခွန်းတစ်ခု ကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ United Nations ကနေပြီးတော့ ကမ္ဘာ့လူဦးရေ နှစ်မှာ Every One Counts ဆိုပြီးတော့ ဆောင်ပုဒ်ကလေးတစ်ခုကို ဖော်ပြခဲ့ ပါတယ်။ အဓိပ္ပာ ယ်ကတော့ မထပ်မကျန် ၊ မှန်ကန်အချက်၊ အချက်အလက်မှန်ကန် မှန်အောင်စု လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ဆိုတဲ့ အဓိပ္ပါယ်ကို ဆောင်ပါတယ်။ ဒါကြောင့် Every One Counts ဆိုတဲ့အတွက် UNFDPA ခေါ်တဲ့ United Nations Fund for Developing Population Association လူမှုရေးဖွံ့ဖြိုးမှု တိုးတက်ရေး ရန်ပုံငွေအဖွဲ့ ကလည်း မကြာ မကြာ မြန်မာနိုင်ငံမှာ လာရောက်ပြီးတော့ ဆွေးနွေး နေတာကို ကျွန်တော့်အနေနဲ့ သတိထား မိခဲ့ပါတယ်။ ဒါကြောင့် လူဦးရေစာ ရင်းတင်ပြမှုကို Ministry of Environmental Conservation and Forestry Department က ထုတ်တဲ့ ဥပဒေကြမ်းမှာ ပြုစုတဲ့အခါမှာလည်း လူဦးရေစာရင်းဟာ အရေးကြီးကြောင်း ကျွန်တော် ဆွေးနွေးခဲ့ဖူးပါတယ်။ ဒါကြောင့် လူဦးရေ စာရင်းဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မှတ်မိသိရှိခဲ့ကြတဲ့ အတိုင်း Eco System လို့ ခေါ်တဲ့ ဂေဟစနစ်နဲ့ Relative Directly Propotional ဖြစ်ပါတယ်။ တိုက်ရိုက်အချိုးကျတဲ့ ဆက်သွယ်မှု ဖြစ်ပါတယ်။ ဂေဟစနစ်မှာ

ကျွန်တော်တို့ ဘာတွေပါခဲ့သလဲဆိုရင် သက်ရှိ /သက်မဲ့တွေနဲ့ ကျွန်တော်တို့ရဲ့ ပတ်ဝန်း ကျင်မှာရှိတဲ့ ဖြစ်ပေါ် နေတဲ့ အရာအားလုံးဟာ ဆက်သွယ်မှုရှိနေတယ်။ ဒါကြောင့် ဂေဟစနစ်လို့ဆိုပြီး အဓိပ္ပာယ် ပေါက်ခဲ့ပါတယ်။ ဒါကြောင့် ဒီလူဦးရေသန်းခေါင်စာရင်းဟာ အရေးကြီးပါတယ်။ ဒီလူဦးရေ သန်းခေါင်စာရင်းနဲ့အတူ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ဒီလူ ဦးရေအတွက် လိုအပ်တဲ့ စားဝတ်နေရေးနှင့်တကွ အလုပ်အကိုင်ရရှိရေး၊ မိသားစုစိတ်ချမ်းမြေ့မှု ရရှိရေး ၊ ကျန်းမာရေး၊ ပညာရေးတွေနဲ့ ဆက်သွယ်ပါတယ်။ ခေတ်မီတဲ့နိုင်ငံတွေမှာ (၄)နှစ်တစ်ကြိမ် ဒီလူဦးရေ ကောက်ခံမှုစနစ်ကို ဆောင်ရွက်နေတာကိုလည်းပဲ လေ့လာ တွေ့ရှိခဲ့ရပါတယ်။ ယခု ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လ မ်းစဥ်ပါတီရဲ့ခေတ်မှာ ကျွန်တော် တို့ မဟာဗန္ဓုလပန်းခြံလမ်းမှာရှိတဲ့ ယခင်က ရိုးကုမ္ပဏီခေါ် တဲ့ ရုံးကြီးမှာ စခန်းချပြီး Census Year of Myanmar ဆိုပြီးတော့ သန်းခေါင်စာရင်းနှစ်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၄ ရဲ့ နောက်ပိုင်းမှာ ယနေ့အချိန် အထိ ပြည်လုံးကျွတ်ကောက်ခံတဲ့Census Year of Myanmar ဟာ မပေါ် သေးပါဘူး။ သို့သော်လည်းပဲ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ကြိုးစားဆောင်ရွက်မှုကြောင့် ၂၀၁၄ မှာ ဒီသန်း ခေါင်စာရင်းနှစ်အဖြစ် သတ်မှတ်မယ်လို့တော့ ကျွန်တော် သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့ မေးခွန်းက ဇန်န ဝါရီလ ၂၆ ရက်နေ့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်ထောင် စုလွှတ်တော်ကြီးရဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့ ကျင်းပတဲ့အခါမှာ အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ဆွေးနွေးတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ဦးသူရရွှေမန်း က လူဦးရေနှင့် ပတ်သက်လို့ အမျိုး မျိုးကွဲပြားနေမှုကို ထောက်ပြသွားတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး အနေနဲ့ နိုင်ငံတော်အရေးကို အတော်စဥ်းစားနေပါလားဆိုတာကို ကျွန်တော် ဂုဏ်ပြုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ ဒီမေး ခွန်းဟာ ပထမတော့ ပြန်နုတ်မလို့ပါ။ သို့သော်လည်း လေးနက်တဲ့အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ အလွန်ကာလမှာ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကိုများ ကောက်ယူဖို့ အစီအစဥ် ပြုသင့်၏လို့ ကျွန်တော် တွေးမိတဲ့အတွက် ဒါကြောင့် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအား လေးစား စွာဖြင့် ကြားဖြတ်ရွေး ကောက်ပွဲလွန်ကာလ ၂၀၁၂ အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းနှစ် သတ်မှတ်လုပ်ဆောင်ရန် အစီအစဥ်ရှိ/မရှိကို လေးစားစွာဖြင့် ပြည်ထောင်စုဝန်ကြီးအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အစိုးရက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူရန် အစီအစဉ် ရှိ /မရှိ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို လျင်မြန် လွယ်ကူစွာ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က နိုင်ငံတော်အစိုးရက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူရန် အစီအစဉ် ရှိ /မရှိ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို လျင်မြန် လွယ်ကူစွာ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းတွေကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်း ကောက်ယူရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော် ပထမအနေနဲ့ မေးမြန်းလိုပါတယ်။ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် စီမံကိန်းများရေးဆွဲရန် အခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ၁၉၈၃ ခုနှစ်မှာ နောက်ဆုံး သန်းခေါင်စာရင်း ကောက်ယူ ခဲ့ပါတယ်။ ယခုဆိုရင် နှစ်ပေါင်း (၃၀)ခန့် ကြာပြီဖြစ်တဲ့အတွက် မှန်ကန်သော လူဦးရေစာရင်းထားရှိရန် လိုအပ်နေပြီဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ထုတ် ပြည် သူ့ခေတ်ဂျာနယ်မှာ အစိုးရ CSO မှ ထုတ်ဝေသော စာရင်းကတော့ ၂၀၀၈-၂၀၀၉ ခုနှစ် လူဦးရေကို (၅၈.၃၉)သန်း ဖော်ပြထားပါတယ်။ UNICEF မှ ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေသည့်စာရင်းအရ (၄၉.၅၆)သန်းနဲ့ ဖော်ပြထားပါတယ်။ယင်းစာရင်း(၂)ခုမှာ တစ်နှစ်တည်းမှာ လုပ်ထားတဲ့ စာရင်းဖြစ်သော်လည်းပဲ လူ ဦးရေစာရင်း ကွာခြားမှုက အများကြီး ရှိနေပါတယ်။ (၉)သန်းကျော်(၁၀)သန်းနီးပါးကွာခြားတာကို စာရင်းအရတွေ့ရပါတယ်။ ကျွန်တော်တို့ချင်းပြည်နယ်မှာလည်းပဲ ၂၀၁၀ ရွေးကောက်ပွဲတွေ လုပ်တော့မယ်ဆိုတဲ့အခါမှာ တချို့ပြည်နယ်တွေမှာ လူဦးရေ စာရင်းကို ဘယ်မြို့နယ်က လူဦးရေ ပိုများသလဲဆိုတာတောင်မှ မသိနိုင်လောက်အောင်ရှိနေတာကို

တွေ့ရပါတယ်။ အဲဒီလို ကျွန်တော်ပြောတဲ့အခါမှာ လ .ဝ.က နဲ့ အုပ်ချုပ်ရေးရုံးကို ကျွန် တော် အပြစ်တင်ပြောတာ မဟုတ် ပါဘူး။ ဒီဟာတွေ မျိုးကို တကယ်လို့ ဒီအတိုင်းပဲ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှာလည်းပဲ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနဲ့ လ .ဝ.က ရုံးစာရင်း မတူတာတွေ အများကြီး ရှိနိုင်ပါတယ်ဆိုတာကို ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ၂၁ ရာစုက Post Modern ခေတ်ခေါ်ပြီးမှ အသုံးပြုတဲ့ စက်ကိရိယာအမျိုးမျိုးကို အားမကိုးဘဲနဲ့ ကျွန်တော်တို့ ခြေလှမ်းကတော့ မှန်ကန်တဲ့ လူဦးရေစာရင်းကို ရရှိနိုင်ရန် လူကိုယ်တိုင်ကနေပဲအိမ်တိုင်ရာရောက် သန်းခေါင်စာရင်း ကောက်ယူရန် အစီအစဉ် ရှိ /မရှိ ကို ကျွန်တော် မေးချင်ပါတယ်။ နောက် အိမ်တိုင်ရာရောက် ကျေးလက်ဒေသ အထိ သန်းခေါင်စာရင်း ကောက်ယူရန် ရှိပါတယ်ဆိုရင် ဘယ်ခုနှစ်မှာ လုပ်မယ်ဆိုတာကို ကျွန်တော် မေးမြန်းချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယမေးမြန်းလိုသည်မှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ လျင်မြန်လွယ်ကူစွာ ပြုလုပ်ပေးရန် မေးခွန်းကို ဆက်လက် တင်ပြပါမယ်။ မှန်ကန်သော လူဦးရေစာရင်း ကောက်ယူနိုင်ရန် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများရှိရန် အရေးကြီးပါ တယ်။ သို့သော် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းရရှိရန် အခက်အခဲများ ရှိနေပါတ ယ်။ တချို့သော အခက်အခဲများမှာကတော့ လာရောက်နေထိုင်တဲ့ မြို့နယ်တွင် လာရောက်သူက ဃ.က ပုံစံ(၁၀)မရှိခြင်း၊နောက် ကိုယ်ပိုင်အိမ် မရှိ၍ အိမ်ငှားနေထိုင်ခြင်း၊ လိုအပ် သော ထောက်ခံစာနှင့် ပုံစံများရရှိရန် အခက်အခဲရှိခြင်း၊ အမျိုးမျိုးသော အကြောင်းများကြော င့် ပေးအပ်ရမည့် ငွေကြေးမပေးနိုင်ခြင်း စတဲ့အကြောင်း များကြောင့် အချို့သော မိသားစုများသည် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း များကို မပြုလုပ်နိုင်ကြကြောင်း သိရပါတယ်။ ကျွန်တော်သိတဲ့ ကလေးမြို့၊ မန္တလေး၊ ရန်ကုန်မြို့ တို့မှာ ဆိုလို့ရှိရင် အိမ်ထောင်စု စာရင်းမရှိတဲ့ လူဦးရေအများကြီး ရှိတယ်ဆိုတာကို ကျွန်တော် သိရှိပါတယ်။ ဥပမာ ရန်ကုန်မှာ ချင်းပြည်နယ်က မဟုတ်ဘဲနဲ့ ချင်းလူမျိုးတွေက ရန်ကုန်မြို့ ပေါ်မှာ သက်ဆိုင်ရာ လူမှုရေးအသင်း အဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များ ၏ စာရင်းအရ ဆိုလို့ ရှိရင် လူဦးရေ (၆၀၀၀၀)ကျော် ရှိတယ်။ ဒါပေမဲ့ အမှန်စာရင်းမှာကတော့ (၂၀၀၀၀)ကျော်နဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ မှန်ကန်သော သန်းခေါင်စာရင်း လိုတဲ့အပြင် နိုင်ငံသားမှန်လို့ရှိ ရင် နိုင်ငံသားစိစစ်ရေးကတ် ပြားလုပ်ပေးဖို့၊ အိမ်ထောင်စုစာရင်း လည်းပဲ လုပ်ပေးဖို့က အရေးကြီးတယ်ဆိုတာကိုပြောချင်ပါတယ်။ ကျွန်တော်တို့ ချင်းတိုင်းရင်းသား

များသာ မကပါဘူး။ ရန်ကုန်မှာ ရှမ်း၊ ကချင်၊ မွန်တွေလည်း အတော်လူဦးရေ များပါတယ်။ အဲဒါကြောင့် မိသားစု စားဝတ်နေရေးအတွက် မြို့နယ်တစ်ခုမှ မြို့နယ် တစ်ခုသို့ လာရောက် ပြောင်းရွှေ့နေထိုင်သူများကိုလည်း နိုင်ငံတော်လူဦးရေစာရင်းတွင် ပါဝင်နိုင်ရေးအတွက် နိုင်ငံသား မှန်သမျှ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ လျ င်မြန်လွယ်ကူစွာ ပြုလုပ်ပေးရန် အ စီအစဉ် ရှိပါသလား။ အချို့ ဆင်းရဲ နွမ်းပါးလွန်းသော အိမ်ထောင်စုဝင်များ အတွက် နိုင်ငံတော်အစိုးရက အခမဲ့ လုပ်ပေးရန် အစီအစဉ် ရှိပါ သလားဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၅၃။**

**ဦးခင်ရီ (ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ မေးမြန်းချက်နဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ပထမပိုင်း မေးမြန်းမှု (၂)ခုမှာ သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စများဖြစ်ပြီးတော့ သဘောသဘာဝ တူညီနေတာဖြစ်တဲ့အတွက် ကြောင့် အချိန်ကို လေးစားသောအား ဖြင့် ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ က တစ်ပေါင်းတည်း စုစည်းပြီး လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။

ပထမဦးစွာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက် တာတင်ရွှေ မေးမြန်းတဲ့ နိုင်ငံတ စ်နိုင်ငံ၏ လူဦးရေဟာ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် တိုက်ရိုက်အချိုးကျသည့် Directly Propotional Ratio ဆိုတဲ့ ပြောဆို ချက်ကို သဘောတူလက်ခံပါကြောင်းနဲ့ ဖြေကြား လိုပါတယ်။ နောက် မေးမြန်းချက်တစ်ခုဖြစ်တဲ့ ကြားဖြတ်ရွေးကောက်ပွဲလွန်ကာလ ၂၀၁၂ ခုနှစ်

အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းနှစ် Census Year of Myanmar သတ်မှတ် လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ ပတ်သက်ပြီး လတ်တလောမှာတော့ အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ခုလို ၂၀၁၂ ခုနှစ်အတွင်းမှာ သန်းခေါင်စာရင်း အတွက် မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူခြင်း မလုပ်နိုင်ခြင်းရဲ့ အဓိကအချက်ကတော့ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ကို အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၈၃ ခုနှစ်တွင် နောက်ဆုံး ဆောင်ရွက်ခဲ့တာဖြစ်တာကြောင့် နှစ်ပေါင်း (၃၀)ခန့် အတွေ့အကြုံ ပြတ်လပ်နေတာရယ်၊ ခေတ်သစ်နည်းစနစ်တွေအရ စာရင်းမကောက်ယူမီ ကြိုတင်ပြင်ဆင်ရမယ့် အဆင့်များ ယခင်ကထက် ပိုမိုများပြားလာတာတွေကြောင့် ပြင်ဆင်ချိန် ပိုမိုလိုအပ်လာလို့ အခုလို ရွှေ့ဆိုင်းရခြင်းဖြစ်ပါတယ်။၂၀၁၂ ခုနှစ်အတွင်း ကွင်းဆင်းဆောင်ရွက်မှု မပြုလုပ်နိုင်သော်လည်းဘဲ ၂၀၁၄ ခုနှစ်အတွင်းမှာတော့ ကွင်းဆင်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြလို ပါတယ်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါလ်ထန်ထိုင်း မေးမြန်း ချက်မှာပါတဲ့ သန်းခေါင်စာရင်း ကောက်ယူခြင်းဟာ စီမံကိန်းများ ရေးဆွဲရာမှာ အခြေခံ အဓိက လိုအပ်ချက် ဖြစ်တယ်ဆိုတဲ့အချက်ကို လည်း သဘောတူ ထောက်ခံကြောင်း ဖြေ ကြားလိုပါတယ်။ ၎င်းအပြင် သန်းခေါင်စာရင်း ကောက်ယူရာမှာ နိုင်ငံတော်အစိုးရက အိမ်တိုင်ရာရောက် ကွင်းဆင်း ကောက်ယူမယ့် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ပတ်သက်ပြီး အဲဒီနည်းကိုပဲ အသုံးပြု ဆောင်ရွက် သွားမှာဖြစ်ပါကြောင်းဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ပေါ် မူတည်ပြီး နိုင်ငံတော်က ဒီနေ့ ဆောင်ရွက်မယ့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအစီအမံကို ကျွန်တော် အလျဉ်းသင့်လို့ အကျဉ်းချုပ် ရှင်းလင်းတင်ပြ လိုပါတယ်။ မြန်မာနိုင်ငံမှာ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်မှာ တစ်ကြိမ်၊ (၁၀)နှစ်ခြားပြီး ၁၉၈၃ ခုနှစ်မှာတစ်ကြိမ် ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ ၁၉၈၃ နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည်မှာ နှစ်ပေါင်း(၃၀)နီးပါးရှိပြီ ဖြစ်ပါတယ်။ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဟာ လူအင်အား၊ ငွေအင်အားနှင့် အချိန်ရှည်ကြာစွာ

ဆောင်ရွက်ရပြီးလုပ်ငန်းပမာဏကြီးမားလွန်းတာကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာသာမက ကျွန်တော်တို့ လေ့လာချက်အရ (၁၀)နှစ်မှ တစ်ကြိမ်သာ ပျမ်းမျှကောက်ယူလေ့ ရှိကြပါတယ်။ အာဆီယံဒေသမှာတော့ စင်ကာပူနိုင်ငံတစ်ခုဟာ နိုင်ငံလည်း နည်းနည်းသေးတာရယ်၊ ငွေကြေးအနအင်အားလည်း အထိုက်အလျောက် ရှိတာကြောင့် (၅)နှစ်တစ်ကြိမ် ကောက်ယူလေ့ ရှိကြောင်း သိရပါတယ်။

ကျွန်တော်တို့ ဒီနေ့ နိုင်ငံတော်မှာ ဆောင်ရွက်မယ့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေးအစီအမံကြီးတစ်ရပ်လုံးကို လုပ်ငန်းကြီး(၄)ရပ် ခွဲခြားဆောင်ရွက် လျက်ရှိပါတယ်။ လုပ်ငန်းကြီး(၄)ရပ် ဆိုတာကတော့ ၂၀၁၁ ခုနှစ်၊ မေလ ၂ ရက်နေ့ကစပြီး (၃၂)လတာ ကြာဆောင်ရွက်မယ့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ နောက်ပြီးတော့ စာရင်းကောက် လုပ်ငန်း ဖြစ်ပါတယ်။ နောက်တစ်ခုက စာရင်းပြုစုခြင်းလုပ်ငန်းဖြစ်ပြီးတော့ နောက်ဆုံးအပိုင်း(၄) က ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြုစု ထုတ်ပြန်ခြင်း စတဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ ဒါကြောင့် စီမံချက်တစ်ခုလုံးဟာ၂၀၁၁ ခုနှစ်၊ မေလ ၂ ရက်နေ့ကနေ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ အထိ ခန့်မှန်းခြေ (၄၆)လ၊ စုစုပေါင်း (၄)နှစ်နီးပါး ကြာမြင့်စွာ ဆောင်ရွက်ရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ် ။ ဒီစီမံချ က်မှာ လတ်တလော အခြေခံကိန်း ဂဏန်း တွေအဖြစ် မူတည် စဉ်းစား ထားတဲ့ အ ချက်တွေကတော့ လူဦးရေပိုင်းကို လောလောဆယ် တရားဝင်အသိအမှတ်ပြု ထုတ်ပြန်ထားတဲ့ (၆၀.၃၈)သန်းနှင့် စဉ်းစား ဆောင်ရွက်မှာဖြစ်ပါတယ်။ အိမ်ထောင်စု က (၁၁)သန်းဖြစ်ပါတယ်။ မြို့နယ်ပေါင်း (၄၁၂)မြို့နယ်၊ ရပ်ကွက်ပေါင်း (၃၀၄၄)၊ ကျေးရွာအုပ်စု ပေါင်း(၁၃၆၂၈)၊ ကျေးရွာပေါင်း (၆၄၃၄၆)အပေါ် မှာ အခြေခံဆောင်ရွက်မှာ ဖြစ်ပါတယ်။ အကြမ်းဖျင်း အားဖြင့် အိမ်ခြေ (၁၂၅)အိမ်မှ (၁၅၀)အကြား၊ အချို့ဝေး လံခေါင်းဖျား ဒေသ တွေမှာ အိမ်ခြေ (၆၀)မှ(၇၀) ကြားကို ကောက်ကွက်တစ်ကွက်လို့ သတ်မှတ်တွက်ချက်ခဲ့ ရတာဖြစ်တဲ့အတွက် တစ်နိုင် ငံလုံးမှာ စာရင်းကောက်ရမယ့် ကောက်ကွက်ပေါင်း (၉၁၀၀၀)ခန့် တွက်ချက်ထားရှိပါတယ်။ ကောက်ကွက် တစ်ကွက်ကို စာရင်းကောက်တစ် ဦး ခန့်ထား ဆောင်ရွက်ရမှာ ဖြစ်ပြီး၊ ပညာရေးဝန်ကြီးဌာန မူလတန်းအဆင့် ပညာရေး ဝန်ထမ်းများက ကူညီဆော င်ရွက် ပေးဖို့ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ ကောက်ကွက်ပေါင်း (၉၁၀၀၀)အတွက် အရန်အပါအဝင် စာရင်းကောက် အင်အား (၁၀၀၀၀၀)ခန့်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူတာကိုတော့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ၂၀၁၄ ခုနှစ်၊ ဧပြီ ၁ ရက်နေ့ကနေ ၇ ရက်နေ့အ ထိ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ကောက်ကွက်(၅)ခုမှာ စာရင်းစစ်တစ်ဦး ခန့်ထားမှာဖြစ်ပြီး စာရင်းစစ်ပေါင်း (၁၈၀၀၀)ခန့်ရှိမှာ ဖြစ်ပါတယ်။ အဲဒီ စာရင်းစစ်တွေကို အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။အရန်အပါအဝင်အင်အား(၂၀၀၀၀)ခန့် စုစည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ လောက်င မှုမရှိပါက ကျန်းမာရေးဝန်ကြီးဌာနနဲ့ ဖြည့်ဆည်း ဆောင်ရွက်သွား မှာဖြစ် ကြောင်း လည်း တင်ပြအပ်ပါတယ်။ အကြမ်းဖျင်း အားဖြင့် မေးခွန်း ပေါင်း ခန့်မှန်း (၄၀)ခန့် ယခင်အတွေ့အကြုံ တွေအရ စီမံထားပြီးဖြစ်ပြီးတော့ ပြည်သူတွေ ဖြေကြားရမယ့် အဲဒီ မေးခွန်းတွေကိုလည်း အတည်ပြုချက်ရရှိရေး ပြုစုဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

ကိုးကားသွားရမယ့် ဥပဒေအနေနဲ့ ၁၉၇၂ ခုနှစ်၊ သန်းခေါင်စာရင်းဥပဒေကိုအခြေခံပြီး ပြည်တွင်းအခြေအနေတွေနဲ့ နိုင်ငံတကာ စံချိန်စံညွှန်းတွေကို ဆက်စပ်ပြီး အချို့သော အချက်အလက်တွေကို ပြင်ဆင်အသုံးပြုဖို့ စီမံ ထားပြီးလည်း ဖြစ်ပါတယ်။ မေးမြန်းကောက် ယူရာမှာ အသက်အရွယ်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ အိမ် ထောင်ရေး အခြေအနေ စသည့် အချက်အလက်တွေပါတဲ့ လူတစ်ဦး ချင်းစီရဲ့ဖြစ်စဉ် အကြောင်းအရာတွေ၊ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ပြောင်းရွှေ့ခြင်း စတဲ့ အချက်အလက်တွေပါတဲ့ လူဦးရေပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်တွေ အလုပ်အကိုင်၊ ဝင်ငွေ၊ အသုံးစရိတ်စသည်တို့ပါတဲ့ စီးပွားရေးဆိုင်ရာ အချက်အလက်တွေ၊ စာပေတတ်မြောက်မှုနှင့် ပညာပိုင်းဆိုင်ရာ အခြေအနေတွေ၊ အိမ်ရာ နှင့် ပိုင်ဆိုင်မှုဆိုင် ရာကိစ္စရပ်၊ ဘာသာစကား၊ နိုင်ငံသားစတဲ့ အချက်အလက်ပေါင်းများစွာကို ကောက်ယူသွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး စာရင်းကောက်ယူမည့် မှုအနေနဲ့ De-jure လို့ခေါ်တဲ့ နေမြဲအရပ်မှာ ကောက်ယူတဲ့မှုနဲ့ De-facto လို့ခေါ်တဲ့ တွေ့ရှိရာအရပ်တွင် ကောက်ယူတဲ့မှု(၂)ရပ်ကို ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စာရင်းကောက်ယူမည့် နည်းလမ်းအနေနဲ့ကတော့ ကမ္ဘာမှာ အသုံးပြုနေတဲ့Household method လို့ခေါ်တဲ့ အိမ်ထောင်စုဝင်များအား မေးခွန်းများ ကြိုတင်ဝေငှထားပြီး ကိုယ်တိုင် အဖြေရေးသွင်း ပြန်ပို့တဲ့နည်းလမ်းနဲ့ Convasser method ဟုခေါ်တဲ့ စာရင်းကောက်များက အိမ်တိုင်ရာရောက် သွားရောက်ပြီး စာရင်းကောက်ယူတဲ့ စနစ်ဆိုပြီး (၂)မျိုးရှိသည့်အနက်မှ နိုင်ငံတော်ရဲ့ လက်ရှိအခြေအနေ၊ အနေအထားနဲ့ကိုက်ညီပြီး အမှားအယွင်းနည်းနည်းနိုင်တဲ့ စာစောကပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါလ်ထန်ဆိုင်း မေးမြန်းထာတဲ့ အိမ်တိုင်ရာရောက် သွားရောက်ကောက်ယူတဲ့စနစ် (Canvasser method ) ဆိုတဲ့နည်းကို အသုံးပြုသွားမှာ ဖြစ်ပါကြောင်း ပြောကြား လိုပါတ ယ်။ ကောက်ယူမှုပြု တဲ့အခါ မှာ အိမ်ထောင်စုအလိုက် နေထိုင် သူဦးရေ၊

ရွှေ့လျားသွားလာနေတဲ့ လှေ၊ သ င်္ဘော စတာတွေ အပေါ်မှာ နေထိုင်တဲ့ လူဦးရေ၊ အိမ်ထောင်စု အလိုက် နေထိုင်သူဦးရေ၊ ရဲစခန်း၊ ဘုန်းကြီးကျောင်း၊ ဆေးရုံ၊ အကျဉ်းထောင်၊ လူမှုစောင့်ရှောက်ရေး ဂေဟာ စတာတွေမှာ နေထိုင်နေတဲ့သူတွေ အပါအဝင် အဖွဲ့အစည်းအလိုက်ရှိ နေတဲ့ လူဦးရေ၊ အိမ်ရာ အတည်တကျမရှိဘဲ ကြုံရာကျပန်း နေထိုင်သူတွေနဲ့ လှည့်လည်သွားလာနေတဲ့ လူဦးရေ၊ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားဦးရေ၊ မြန်မာနိုင်ငံအတွင်းရှိ နေထိုင်သူ နိုင်ငံခြားသားဦးရေ (သံတမန်များကိုတော့ ထည့်သွင်းကောက်ယူမှု မပြုပါ)၊ ကာကွယ်ရေးတပ်ဖွဲ့များတွင် ပါဝင်သူ ဦးရေ၊ သစ်တောကြိုးဝိုင်းတွင်းရှိ လူဦးရေ စသည် စသည်ဖြင့် အချက် အလက်ပေါင်းများစွာကို ကောက်ယူမှတ်တမ်းတင်သွားမှာဖြစ်ပါတယ်။

အခုလက်ရှိကာလဟာ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကာလရဲ့ ကြိုတင်ပြင်ဆင်ရေး ကာလဖြစ်ပြီး ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ထားပါတယ်။ အဲဒီ လုပ်ငန်းစဉ်တွေ အနက် ဆောင်ရွက်ပြီးလုပ်ငန်းစဉ်အချို့ကိုထုတ်နုတ်တင်ပြရရင် ကျွန်တော်တို့ အချိန်ဇယားပြုစုခြင်း လုပ်ငန်း ဆောင်ရွက်ပြီးပါပြီ။ ခန့်မှန်းဘဏ္ဍာငွေ ကုန်ကျမှုကို တွက်ချက်တောင်းခံပြီး ဖြစ်ပါတယ်။ မြို့နယ်အဆင့်က(၆)လတစ်ကြိမ် ပေးပို့နေတဲ့ လူဦးရေ အိမ်ထောင်စုဝင်စာရင်းတွေကို နောက်ဆုံး အခြေအနေနဲ့ ကိုက်ညီအောင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ စီမံချက်မှာ အစီအစဉ်ကျတဲ့ ရပ်ကွက်/ကျေးရွာ၊ ကျေးရွာ အုပ်စု၊ မြို့ ပြနဲ့ မြို့နယ်ကောက်ကွက်၊ မြေပုံစတဲ့ မြေပုံ(၆)မျိုးဆွဲဖို့အတွက် ဗဟိုအဆင့်မှာ နည်းပြ သင်တန်းတွေပေးပြီးဖြစ်ပါတယ်။တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် ဆင့်ပွားသင်တန်းတွေကိုလည်း ပေးပြီးဖြစ်ပါတယ်။ စီမံချက် တစ်ခုလုံး အချိန်ကိုက်ဖြစ် မှုနဲ့ အဆင်ပြေချောမောသွားအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်စွဲ ပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၉/၂၀၁၁ နဲ့ ကျွန်တော် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန(၁၈)ခုက ကိုယ်စားလှယ်တွေပါဝင်တဲ့ဗဟိုသန်းခေါင်စာရင်းကော်မရှင်နဲ့ ကျွန်တော့် ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဥက္ကဋ္ဌ အဖြစ်ပါဝင်တဲ့ သက်ဆိုင်ရာဝန်ကြီး ဌာန(၂၄)ခုက တာဝန်ရှိသူများပါဝင်တဲ့ ဗဟိုသန်းခေါင်စာရင်းကော်မတီတွေကို တရားဝင်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့် ဘောင်အတွင်းကနေပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက နာယကများ အဖြစ် ဦးဆောင်ပြီး၊ လုံခြုံ /နယ်စပ်ဝန်ကြီး များက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မယ့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်းခြင်း၊

သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး ဦးစီးမှူးများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး များမှာ တာဝန်ယူဆောင်ရွက်သွားမယ့် ကော်မတီများဖွဲ့စည်းခြင်း စတာတွေကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ရေးကာလအတွင်းမှာဆောင်ရွက်ရမယ့် ကျန်နေသေးတဲ့ လုပ်ငန်းစဉ်တွေဖြစ်တဲ့ ICR - Intelligence Character Recognitionလို့ခေါ်တဲ့ နည်းပညာသုံး စာရင်းဇယားများပေးပို့တဲ့ မှတ်တမ်းတင်မယ့် စက်ပစ္စည်းများ တပ်ဆင်တဲ့ကိစ္စ၊ မေးခွန်းပုံစံများ၊ လက်စွဲစာစောင်များ အသေးစိတ်ပြုစုခြင်းကိစ္စ၊ Pre-Census လို့ခေါ်တဲ့ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရမယ့် ကောက်ကွက်များ ရွေးချယ်ခြင်း အပါအဝင် အဆင့်ပေါင်းများစွာကိုတော့ သတ်မှတ်ချိန် အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက် လျက်ရှိ ပါကြောင်း အ လျဉ်းသင့်၍ ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့အတွက် ကျွန် တော်တို့အနေနဲ့ ပြည်တွင်း မှာရှိတဲ့ ယခင် သန်းခေါင်စာရင်းကာလတွေမှာ ပါဝင်လုပ်ဆောင်ခဲ့တဲ့ အတွေ့အကြုံရှိ ဝန်ထမ်းဟောင်းတွေ၊ မှတ်တမ်းမှတ်ရာ အထောက်အထားတွေ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်တွေ စတာတွေနဲ့ စဉ်ဆက်မပြတ် နေ့စဉ်နီးပါး ဆွေးနွေးခြင်းများ ပြုလုပ်နေပြီးတော့ အချိန်မီ လုပ်ငန်းစဉ်တစ်ခုလုံး အချိန်ကိုက်အပြည့်အဝ အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ Manual နည်းနဲ့ လုပ်တဲ့အပိုင်းတွေရှိသလို အချို့နေရာတွေမှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ယှဉ်တဲ့ ခေတ်မီနည်း ပညာများကို ပါ ရောစပ်အသုံးပြုခြင်းများကိုလည်း ဆောင်ရွက်သွားမှာဖြစ် ကြောင်း တင်ပြလိုပါတယ်။ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်မှာ ကောက်ယူ ဖို့ ယခင်လွှတ်တော်မှာ အကြမ်းဖျင်း တင်ပြခဲ့ဖူး သော်လည်း ပဲ နှစ်ပေါင်း (၃၀)ခန့် မကောက်ယူနိုင်ခဲ့လို့ ပညာရှင်များနှင့် နေ့စဉ်ရက်ဆက် အသေးစိတ် တွေ့ဆုံ ဆွေးနွေးချက်တွေ မူတည်ပြီး အချိန်ပိုမို လိုအပ်လာတာရယ်၊ နည်း ပညာသစ်တွေကို ရောစပ် အသုံးပြုဖို့ အတွက် လိုအပ်တဲ့သင်တန်းတွေကို ပေးရဦးမှာဖြစ်လို့ ကြိုတင်ပြင်ဆင်ခြင်း ကာလကို အချိန်နည်းနည်း ပို ယူဖို့ လိုမယ်လို့ ထပ်မံပြီးတော့ တွေ့ရှိလာရတာတွေကြောင့် ၂၀၁၃ ခုနှစ် အစား မြေပြင်ကွင်းဆင်း ၂၀၁၄ ခုနှစ် ကာလတွင်သာ ကွင်းဆင်း ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း တင်ပြလို ခြင်း ဖြစ် ပါတယ်။

ကောက်ယူတဲ့ရက် ကွာခြားသွား သော်လည်းပဲ နည်းပညာသစ်များကို အသုံးပြုမည်ဖြစ်တဲ့ အတွက် ပြီးစီးမည့်ကာလကတော့ ယခင် အစီအမံအတိုင်း ၂၀၁၅ ခုနှစ်မှာ ပြီးစီးသွားမှာ ဖြစ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ရဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်းဆိုင်ရာ တင်ပြချက်များဟာ အချိန်ကို ငဲ့ညှာသောအားဖြင့် သိသင့်တာလေးလောက်ကိုသာ ရွေးနုတ်တင်ပြခဲ့တာ ဖြစ်ပါတယ်။ အသေးစိတ် ဆိုပါက စီမံချက်တစ်ရပ်လုံး လွန်စွာမှ များပြားကျယ်ဝန်းလှပါတယ်။ မည်သို့ပင်ဖြစ်စေ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လူတိုင်းလူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမယ့် အမျိုးသားရေး တာဝန် တစ်ရပ်ဖြစ်တာကြောင့် စောစောက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါက်တာတင်ရွှေ တင်ပြ သွားသလို မထပ် မကျန် အမှန်ရရှိအောင် ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး များကလည်း မိမိ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်း ကျရာကဏ္ဍကနေ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီခြင်း၊ ဖေးမကူညီခြင်း၊ ပြည်သူကို ကူညီပေးခြင်း စတဲ့လုပ်ငန်းစဥ်များကိုလည်း ကူညီဆောင်ရွက် ပေးကြဖို့လည်း အလေးအနက် ပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါလ်ထန်ထိုင်း ရဲ့ ဒုတိယပိုင်း မေးမြန်းချက်ကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို သရုပ်ခွဲကြည့်ရရင်အကျဉ်းအားဖြင့်တွေ့ရတာက အချို့သောမြို့နယ်တွေမှာ လ .ဝ.က ပုံစံ(၁၀)မရှိလို့၊ ကိုယ်ပိုင်အိမ်တွေ မရှိကြလို့ ၊ ငှားရမ်း နေထိုင်ရလို့၊ လိုတဲ့ထောက်ခံစာနှင့် ပုံစံတွေရရှိဖို့ ခက်ခဲနေလို့ ၊ ပေးရမယ့် ဆင့်ဆိုသော စာရွက် စာတမ်းတွေအတွက် ငွေကြေးမတတ်နိုင်လို့ စတဲ့စတဲ့အကြောင်းတွေကြောင့် အိမ်ထောင်စုဝင် လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ မလုပ်နိုင်ကြကြောင်း၊ မည်သည့်မြို့နယ်ကို လာရောက်နေထိုင်သည်ဖြစ်ပါစေ နိုင်ငံသားမှန်သမျှ နိုင်ငံတော်လူဦးရေစာရင်းမှာ ပါဝင်နိုင်ရေး အတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွယ်ကူမြန်ဆန်စွာ ပြုလုပ် ပေးနိုင်တဲ့ အစီအစဉ် ရှိပါသလား ဆိုတဲ့အချက်နဲ့ ဆင်းရဲနွမ်းပါး အိမ်ထောင်စုတွေအတွက်

နိုင်ငံတော်က အခမဲ့လုပ်ပေးဖို့ အစီအစဉ် ရှိပါသလားဆိုတဲ့ အချက် (၂)ချက်ပါရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ခက်ခဲတယ်ဆိုတဲ့ အပိုင်း နဲ့ပတ်သက်လို့ ရှင်းလင်းပြောဆိုလိုပါတယ်။ နိုင်ငံသားတိုင်းအတွက် အိမ်ထောင်စုဝင် လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေ ရဖို့ ခက်ခဲတယ်ဆိုတဲ့ အချက်တွေကို ကျော်လွှား ပြီး၊ ယခင်ကထက် ပိုမိုလွယ်ကူလျ င်မြန်စွာနဲ့ ရနိုင်ဖို့အတွက် ယခင်က တောင်းနေတဲ့ အထောက်အထားတွေ ထဲက အချို့ကို လျှော့ ပစ်တာတို့၊ အချို့ကို လုံးဝဖြုတ်ပစ်တာတို့ စတဲ့ဖြေလျှော့နည်းတွေသုံးပြီး အထောက်အထား ပြည့်စုံတယ် ဆိုရင် အိမ်ထောင်စုဝင် လူဦးရေစာရင်းကို နေ့ချင်းပြီး /အခမဲ့နဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားကို အများဆုံး(၂၈)ရက်အတွင်းမှာ ကတ်တစ်ကတ် ကို မိမိတို့ဌာနကိုချည်းသက်သက်ပဲ ပေး သွင်းရတဲ့ငွေ(၆)ကျပ်နှုန်းဖြင့် ဆောင်ရွက်ပေးနေတဲ့ မိုးပွင့်အဆင့် (၁) ဆိုတဲ့ စီမံချက်ကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကနေ အောက်တိုဘာလ ၃၁ ရက်နေ့အထိ (၄)လတာကာလ သတ်မှတ်ပြီး ကျေးလက်တွေအရောက် ကွင်းဆင်းသွားရောက်ပြီး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မိုးပွင့်အဆင့်(၂) စီမံချက်ကိုတော့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ (၂)လတာ သတ်မှတ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ဒီစီမံချက်တွေကို မြ န်မာနိုင်ငံတစ်ဝန်းလုံးမှာ (စနေ၊ တနင်္ဂနွေ) နားရက်မရှိပဲ မြေ ပြင်ကွင်းဆင်း ဆောင်ရွက် ပေးလျက်ရှိပြီးတော့ မိုးပွင့်အဆင့်(၁)မှာ ဌာနချုပ်ရုံးစိုက်ရာ နေရာတွေကနေ နေ့ချင်းပြန်ခရီး ကွင်းဆင်း သွားရောက် လုပ်ကိုင်ပေးခဲ့ပါတယ်။ အခု ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ စတင်ဆောင်ရွက်နေတဲ့ မိုးပွင့်အဆင့်(၂) ကိုတော့ သက်ဆိုင်ရာ ရွာတွေနဲ့ညှိပြီး ညအိပ်ခရီးတွေကိုပါ တိုးချဲ့ဆော င်ရွက်နေပြီ ဖြစ်ပါတယ်။ အခြေပြု မြို့နယ်တွေကနေ လောလောဆယ်တော့ (၁၀)မိုင်ပတ်ဝန်းကျင်လောက် ဒေသတွေကိုပါ သွားရောက် ကွင်းဆင်းဆောင်ရွက်နေပြီလို့ ပြောဆိုလိုခြင်းဖြစ်ပါတယ်။ တစ်ညအိပ်ခရီးထက်ပိုလို့ ဝေးနေသေးတဲ့ ဒေသတွေကိုတော့ တ ဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တောင်ပေါ်ဒေသတွေက သီးခြားလာရောက်ခေါ်ဆောင်နေတဲ့ ရွာတွေဆိုရင်တော့ လုံခြုံရေး အပေါ်မူတည်ပြီး သွားရောက် ပြီး၊ လိုက်လံပြီး ဆောင်ရွက် ပေးနေတာလေးတွေလည်း ရှိပါတယ်။ တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့ မြို့နယ်အဆင့် အင်အားက အများဆုံး (၁၈)ယောက်သာ ရှိတဲ့အတွက် အချို့နေရာတွေမှာ နှေးကွေးမှု ဖြစ်နေတဲ့အပေါ်မှာ နားလည်ပေး

ကြဖို့ ကျွန်တော်သန်ကြားလိုပါတယ်။ လူတစ်ဦးချင်းစီရဲ့ မွေးရာမှသည် သေဆုံးချိန်အထိ ဘဝဖြစ်စဉ်များဟာ စဉ်ဆက်မပြတ်ပြောင်းနေတာဖြစ်လို့လက်ရှိဆောင်ရွက်နေတဲ့ မိုးပွင့်အဆင့်(၂) ပြီးရင်လည်း အဲဒီပြောင်းလဲချက်တွေကို မှတ်တမ်း တင်နိုင်ဖို့ မိုးပွင့်အဆင့်(၃/၄/၅/၆) စသည်ဖြင့် စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်နေဦးမှာ ဖြစ်ပါကြောင်းလည်း တင်ပြ လိုပါတယ်။ ဒါတွေဟာ ခက်ခဲနေတာတွေ လွယ်ကူအောင် ဖြေလျှော့ ပစ်တာကို ပြည်သူဘက်က အချိန်နဲ့ ကုန်ကျစရိတ် သက်သာအောင် ကွင်းဆင်းဆောင်ရွ က်ပေးနေတဲ့ အခြေအနေတွေကို ရည်ညွှန်းပြောဆိုလိုခြင်းသာ ဖြစ် ပါတယ်။ အမှန်ဆိုရင် ဦးဝန်ကြီးဌာနရဲ့ လုပ်ငန်းများဟာ မှတ်တမ်းမှတ်ရာများကို ရုံးထိုင်ကိုးကားပြီးမှ ဆောင်ရွက်ရတဲ့လုပ်ငန်းတွေဖြစ်လို့ ကွင်းဆင်းဆောင်ရွက်မှု မပြုသင့်ဘူးလို့ တင်ပြလိုပါတယ်။ သို့သော်လည်းပဲ ရုံးပြင်ကနား သွားလာရမှာ ခက်ခဲနေတဲ့ ကျေးလက်ပြည်သူတွေရဲ့ အခက်အခဲကို အခုလို ကွင်းဆင်းကူညီ ဆောင်ရွက်ပေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အနည်းငယ် ရှင်းလင်းပြောဆိုလိုပါသေးတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြ န်းခဲ့သလိုပဲ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမအကြိမ် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက် နေ့မှာ မင်္ဂလာ ဒုံ မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကြီး ဦးတင်မောင်ဝင်း ကလည်း နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုင်လူဦးရေစာရင်းများ သက်သာသော စရိတ်နှုန်းထားနှင့် လွယ်ကူမြန်ဆန်စွာ ထုတ်ပေးနိုင်မယ့် နည်းလမ်း ရှိ/မရှိ အခုလိုပဲ မေးမြန်းခဲ့ဖူးပါတယ်။ ထိုစဉ်ကတည်းက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ဟာ ပြည်သူ့ရဲ့ အသံ၊ ပြည်သူ့ရဲ့ ဆန္ဒ ဖြစ်တယ်ဟု အလေးအနက်ထားခံယူပြီး စောစောက ကျွန်တော် တင်ပြခဲ့သလိုပဲ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကပဲ စတင်ပြီး အိမ်ထောင်စုဝင် လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းစဉ်(၂)ရပ်ကို ဖြေလျှော့နည်းစနစ်သစ်နဲ့ မိုးပွင့်အဆင့်(၁)၊ အဲဒီနောက် မိုးပွင့်အဆင့် (၂) စတဲ့စီမံချက်တွေနဲ့ ယနေ့ တိုင် ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးကို နိုင်ငံရေးစိစစ်ရေးကဒ်ပြား ထုတ်ပေးနိုင်ဖို့အတွက် ပထမအဆင့် အနေနဲ့ အဲဒီနိုင်ငံသားဟာ မည်သည့်အရပ်မှာ နေထိုင်ကြောင်း အတည်ပြုနိုင်မယ့် သူ၏အမည် ပါဝင်တဲ့ အိမ်ထောင်စုလူဦးရေစာရင်းလ.ဝ.က အခေါ်(ပုံစံ-၆၆/၆)လိုအပ်မှာဖြစ်ပါတယ်။ ဖြေလျှော့

တဲ့စနစ်သစ်နဲ့ မဆောင်ရွက်နိုင်မီတုန်းက မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့ ရာမှာ ရောက်ရှိရာမြို့နယ်တွေမှာ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) လုပ်မယ်ဆိုရင် အိမ်ထောင်ဦးစီးကိုယ်တိုင် သွားရတာတို့၊ အိမ်ထောင်ဦးစီး၏ လျှောက်လွှာပါရမှာတို့၊ နောက်ဆုံး အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆)နဲ့ နေထိုင်ခဲ့တဲ့မြို့နယ်က ပြောင်းရွှေ့ပုံစံ (၁၀) ယူလာဖို့ လိုတာတို့၊ ရပ်ကွက် /ကျေးရွာအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးက ထောက်ခံတဲ့အပြင် မြို့န ယ်အုပ်ချုပ်ရေးမှူးကလည်း ထပ်ဆင့် ထောက်ခံ ရတာတို့၊ ပြောင်းဝင်မယ့်အိမ်ခန်း ဒ ါမှမဟုတ် အိမ်ကို ပိုင်ဆိုင်သူဖြစ်ပါက ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြရတာတို့၊ တိုက်ခန်းအသစ်ဖြစ်ရင် လည်း စည်ပင်သာယာရေး ကော်မတီက လူနေထို င်ခွင့် ခွင့်ပြုကြောင်း ခွင့်ပြုချက် စာ လိုတာတို့၊ အိုးအိမ်ပိုင်တိုက် ခန်း ဖြစ်ရင်လည်း အိုးအိမ်ဦးစီးဌာနရဲ့ လူနေထိုင်ခွင့် ခွင့်ပြုချက်စာ တင်ပြဖို့လိုတာတို့၊ အိမ်ငှား ဖြစ်ရင်လည်း အိမ်ထောင်စုဝင်စာရင်းနဲ့ နေထိုင်ခွင့်ကို အိမ်ပိုင်ရှင်ရဲ့ သဘောတူခွင့်ပြုချက် နှင့်အတူ အိမ်ပိုင်ရှင်ပါ လာရောက် ရှင်းပြ ရတာတို့ စတဲ့ အချက်တွေ ကို တောင်း ယူရပါတယ်။ ဒီနေရာမှာ တောင်း ခံတဲ့ အထောက်အထားတွေ ကို စိစစ်ကြည့်တဲ့အခါ လုပ်ငန်းလိုအပ်ချက်အရ မိမိဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ အချက် အလက်တွေရှိသလို အခြားသော ဝန်ကြီးဌာနတွေအနေနဲ့ အရှုပ်အရှင်းဖြစ်ရင် ဖြေရှင်းရမယ့် အထောက်အထားတစ်ခုအဖြစ် အသုံးပြုနိုင်ဖို့ ထည့်သွင်း တောင်းခံထားတာတွေလည်း ပါဝင်နေတာတွေ့ရပါတယ်။ ဒါကြော င့် ပိုင်ဆိုင်မှုကိစ္စတွေနဲ့မဆိုင်ပဲ လူတစ်ဦးချင်းစီရဲ့ ဖြစ်စဉ်၊ အကြောင်းအရာကိုသာ မူတည်စဉ်းစားရမယ့် ဤဝန်ကြီးဌာန အနေနဲ့ ဒီ အ ခက်အခဲတွေကို ဖြေလျှော့ပေးနိုင်ဖို့ အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအတွင်း စည်းဝေး ခြင်းတွေ၊ ဆက်စပ်ဝန်ကြီးဌာနတွေ နဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခြင်း တွေ၊ ကျွန်တော်တို့ ဖြေလျှော့မှုဟာ တည်ဆဲဥပဒေကို မထိခိုက် ကြောင်း ရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက် များ ရယူခြင်း စတာတွေကို ပြုလုပ်ပြီးတဲ့နောက် မှာ တင်ပြအတည်ပြုချက် တွေနဲ့ စောစောက ကျွန်တော် တင်ပြခဲ့သလို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစပြီး မိုးပွင့်အဆင့်(၁) ဟူသော အမည်နဲ့ ပြည်သူကို သက်သာလွယ်ကူစေတဲ့ ဖြေလျှော့နည်းစနစ် သစ်ကို အသုံးပြုဆောင်ရွက် ခဲ့တာ ဖြစ်ပါတယ်။ ဖြေလျှော့ပေးတဲ့ အချက်တွေ ထဲက လွှတ်တော်ကိုယ်စား လှယ်တော်ကြီး သိလိုတဲ့အချက်နဲ့ပတ်သက်ပြီး ပတ်သက်တဲ့ အချက်အလက်အချို့ကိုလည်း ကျွန်တော် ဥပမာ အချို့ ထုတ်နုတ်တင်ပြပါမယ်။ မူလ အစီအစဉ် အရ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရန်

ဆိုတဲ့အချက်တွေအစား မလာရောက်နိုင်ရင် ကိုယ်စားလှယ်ဖြင့် လာရောက်ခွင့်ပြုခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်း နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ထော က်ခံပေးရမည် ဟူသည့် အချက်အလက်တွေအစား အခြေခံကျတဲ့ အသိဆုံးဖြစ်တဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး တစ်ဦးတည်းက ထောက်ခံချက် တစ်ခုသာ တောင်းခံခြင်း၊ တိုက်ခန်းဖြစ်တယ်ဆိုရင် စည်ပင် သာယာရေးကော်မတီရဲ့ လူနေထိုင်ခွင့် ခွင့်ပြုချက်၊ အိုးအိမ်ပိုင်တိုက်ခန်းဖြစ်တယ်ဆိုရင် အိုးအိမ်ဦးစီးဌာနရဲ့ လူနေထိုင်ခွင့် ခွင့်ပြုချက်၊ အိမ်ငှားဖြစ်တယ်ဆိုရင် နေထိုင်ခွင့်ကို အိမ်ပို င်ရှင်ရဲ့ သဘောတူခွင့်ပြုချက်နဲ့ အိမ်ရှင်ကိုယ်တိုင် လာရောက်ရခြင်း စတဲ့အချက်တွေဟာ ပိုင်ဆိုင်ခွင့်နဲ့သာ သက်ဆိုင်နေတဲ့အတွက် အဲဒီအစား အိမ်ပိုင်၊ တိုက်ခန်းပိုင် မဟုတ်လို့ရှိရင် ဘယ်လိုအခြေအနေမျိုးမှာ နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက် တစ်မျိုးတည်းကိုသာ တင်ပြစေခြင်း၊ အိမ်ထောင်စု ဝင်လူဦးရေစာရင်းကို မြို့နယ်မှူးက နေ့ချင်း ပြီး အခမဲ့ဖြင့် ဆောင်ရွက်လက်မှတ်ထိုးပေး ခြင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းအရ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့သလို ပြောင်းရွှေ့ပုံစံမှာ ကာယကံရှင်ကိုယ်တိုင် အတည်ပြု လက်မှတ်ရေးထိုးပြီးတော့ သွားရောက်ယူဖို့ ဖြစ်သော်လည်း၊ ဝေးလံဒေသများအတွက် သွားရောက်ယူဆောင်ရန် အခက်အခဲရှိပါကလည်း မြို့နယ်အချင်းချင်း ဆက်သွယ်ရေးစနစ် တစ်မျိုးမျိုးနဲ့ ချိတ်ဆက်ပြီး တစ်ဖက်မြို့နယ်က အိမ်ထောင်စုဝင်လူဦးရေစာရင်းကို ပယ်ဖျက်ခြင်း၊ ဝင်မယ့်မြို့နယ်က အိမ်ထောင်စုဝင် လူဦးရေစာရင်း ကို ထုတ်ပေးခြင်း စတဲ့အချက်တွေကို ဖြေလျှော့ပေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒါဟာ ဖြေလျှော့နည်းများစွာထဲက အချို့ကိုသာ ထုတ်နု တ်ဖော်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာတော့ အမှားအယွင်းမ ရှိအောင် စနစ်တကျ စီမံကွပ်ကဲရတဲ့ အခါမျိုးလည်းရှိပါကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။ တစ်ခါ နိုင်ငံသားများကို နိုင်ငံသား စိစစ်ရေးကဒ်ပြားတွေ ထုတ်ပေးနေမှုအပိုင်းကို ကြည့်ရင်လည်း ယခင်တုန်းက တောင်းတဲ့ အထောက်အထားတွေနဲ့က လျှော က်ထားသူ အမည်စာရင်းပါတဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်း မူရင်းနဲ့မိတ္တူ အသက်အတွက် ကျောင်းထောက်ခံချက် သို့မဟုတ် မွေးစာရင်း မူရင်းနဲ့မိတ္တူ မိဘနှစ်ပါးကိုင်ဆောင်တဲ့ သက်သေခံကတ်ပြား မူရင်းနဲ့မိတ္တူ ကာယကံရှင်ရဲ့ သွေးစစ်လက်မှတ်၊ အဲဒီရပ်ကွက်/ကျေးရွာအတွင်းမှာ နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်ဓာတ်ပုံ(၄)ပုံ စတာတွေပါပါတယ်။ ဒီနေရာမှာ လ.ဝ.က နဲ့ ဆိုင်တာက အိမ်ထောင်စု ဝင်စာရင်းမူရင်းနဲ့ မိတ္တူသာဖြစ်ပါတယ်။ ကျန်အားလုံး

ကတော့ လျှောက်ထားသူက ကိုယ်တိုင်ဆောင်ရွက်ပြီးမှပြည့်စုံစွာ ယူလာရမယ့်ဟာတွေဖြစ်ပါတယ်။ လ.ဝ.က နဲ့ ဆိုင် တဲ့အပိုင်းကို ငွေကုန်ကျမှုမရှိပဲ ကိုယ်တိုင်လုပ်ရတဲ့ ကျန်ကိစ္စတွေ အတွက်သာ ငွေကုန်ကျမှုရှိကြောင်း တွေ့ရပါတယ်။ ဒီနေရာမှာ ထူးထူးခြားခြား ဖြေလျှော့ပေးတဲ့အချက်ကတော့ နိုင်ငံသားစိစစ်ရေးကတ် ရပိုင်ခွင့်ရှိတဲ့သူဟာ နိုင်ငံသားတစ်ဦးဖြစ်နေတာကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို အပြည့်အဝ ရပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေတာကြောင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူတစ်ဦး ဖြစ်တယ်ဆိုလို့ ရှိရင် အသက်အတွက် အထောက်အထား၊ မွေးဖွားရာဒေသ၊ မိဘနှစ်ပါးရဲ့ ကိုင်ဆောင်တဲ့ လက်မှတ် မူရင်းနဲ့မိတ္တူ စတာတွေဟာ အကြောင်းအမျိုးမျိုးကြောင့် အထောက်အထား မတင်ပြနိုင်ဘူး ဆိုရင်တောင်မှ သက်ဆိုင်ရာ မြို့နယ် လ.ဝ.က ဦးစီးဌာနမှူး၊ မြို့နယ်အဆင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးမှူး၊ မြို့နယ် ကျန်းမာရေးမှူး၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ ပါဝင်တဲ့ မြန်မာနိုင်ငံသား စိစစ်ရေးလက်မှတ်ထုတ်ပေးရေး ကြီးကြပ်ရေးအဖွဲ့၊ အများအခေါ် (၅)ဦးကော်မတီရဲ့ ထောက်ခံဆုံးဖြတ်ချက်နဲ့ပဲ မှန်တယ်၊ ဒီလူဟာ မြန်မာနိုင်ငံသား ဖြစ်တယ်၊ မြန်မာစကား ပြောတတ်တယ်၊ ရိုးရာဘာသာစကား ပြောတတ်တယ်၊ ဒီနေရာမှာ နေတယ်ဆိုရင်ပဲ လွယ်ကူလျင်မြန်စွာ ထုတ်ပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒါတွေကို ကွင်းဆင်းဆောင်ရွက်ချိန်မှာ မြို့နယ်အဆင့် (၅)ဦးကော်မတီက အမြဲတမ်းလိုက်ပါဖို့ အခက်အခဲရှိတယ် ဆိုရင်တောင်မှ သက်ဆိုင်ရာဒေသမှာရှိတဲ့ အဲဒီဒေသမှာရှိတဲ့ အဖွဲ့အစည်း တာဝန်ခံတွေ ဥပမာ မြို့နယ်အဆင့်ရဲတပ်ဖွဲ့မှူးအစား အဲဒီမှာရှိတဲ့ ရဲတပ်သားက တာဝန်ခံခြင်း စသည်ဖြင့် အမှန်တကယ် အလုပ်ဖြစ်အောင် လက်တွေ့ကျကျ ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်းလည်း တင်ပြလိုပါတယ်။ ဒီလိုဆောင်ရွက်ပေးမှုကြောင့် မိုးပွင့်အဆင့်(၁)၊ အဆင့်(၂) ကာလအတွင်း ဝေးလံခေါင်းပါးဒေသတွေနဲ့ အထူးသဖြင့် ကျွန်တော်တို့ရဲ့ တိုင်းရင်းသားကျေးရွာ တွေမှာ အလားတူ အခက်အခဲတွေကို ကြိမ်ဖန်များစွာ ဖြေရှင်းကူညီပေးခဲ့ပြီး ဖြစ်ပါကြောင်းလည်း အလျဉ်းသင့်၍ တင်ပြအပ်ပါတယ်။ ကျွန်တော် အထက်က ရှင်းလင်းပြောဆိုချက်များဟာ အိမ်ထောင်စုဝင်လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုအခက်အခဲအမျိုးမျိုးကြောင့် မလုပ်နိုင်ကြဆိုတဲ့ မေးမြန်း ချက်အပေါ်မှာ ဖြေလျှော့ပေးသော နည်းစနစ်အရလည်း ကောင်း၊ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးသော နည်းများဖြင့်လည်းကောင်း ကုစားပြီး ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း အသိပေးတင်ပြလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခြား မေးမြန်းချက်တစ်ခုဖြစ်တဲ့ နွမ်းပါးအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ အခမဲ့လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့အချက်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်မှ ကောက်ခံနေတဲ့ ငွေကြေးပမာဏကို အနည်းငယ် ရှင်းလင်းလိုပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တောင်းခံတဲ့ အခနှုန်းထားက အိမ်ထောင်စုဝင်လူဦးရေစာရင်းအတွက်ဆိုရင် အခမဲ့ ဆောင်ရွက်ပေးပါတယ်။ အဲဒီအတွက် ကျွန်တော်တို့မှာ ဘတ်ဂျက်ချထားပေးပြီးဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်အတွက်ဆိုရင်တော့ နိုင်ငံသားကိုယ်ရေးမှတ်တမ်း(နိုင်-၂) အတွက်က (၃)ကျပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက်က (၃)ကျပ် စုစုပေါင်း (၆)ကျပ်သာ ကောက်ယူပါတယ်။ လဲလှယ်လျှင် (၃)ကျပ်၊ ပျောက်ဆုံး/ပျက်စီး မိတ္တူပြုလုပ်ရင် (၁၀)ကျပ်သာ ကောက်ခံပါတယ်။ ဒီငွေများဟာ ဘဏ္ဍာရေးနှစ်အလိုက် ဌာနရဲ့ ရငွေခေါင်းစဉ်နဲ့ နိုင်ငံတော်ကို ပေးသွင်းရပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်အတွက် (၆)ကျပ်ဆိုတဲ့ ကောက်ခံငွေဟာ နည်းလွန်းကြောင်းနဲ့ သဘာဝမကျပါဟု ပြောဆိုမှုများလည်း အများအပြား ရှိပါတယ်။ ဒီအချက်ပေါ်မှာ ကျွန်တော်တို့လည်း လက်ခံသဘောတူပါတယ်။ သို့သော်လည်းပဲ ဒီနှုန်းထားဟာ ယခုကာလတွင်မှ အသစ်ထွင် ဆောင်ရွက်ခဲ့ခြင်းမျိုး မဟုတ်ပါဘူး။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်ခဲ့ပြီးတော့ အစဉ်အဆက် ဆောင်ရွက်ခဲ့သည့်စနစ်ဖြစ်နေတာရယ်၊ အခု ကျွန်တော်တို့ အစိုးရအဖွဲ့သစ်ရဲ့ စနစ်သစ်နဲ့ ဆောင်ရွက်နေတဲ့အချိန်မှာ ရုတ်ခြည်း အခကြေးငွေတိုးပြီး ကောက်ယူမှု မပြုလိုသေးတာရယ်၊ ဒီလုပ်ငန်းဟာ အကျိုးအမြတ်ရမယ့် စီးပွားရေးလုပ်ငန်းတစ်ရပ် မဟုတ်ဘဲနဲ့ ပြည်သူတွေ၊ အထူးသဖြင့် ကျေးလက်ဒေသနေတဲ့ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူတွေအတွက် ဖြည့်ဆည်းပေးစေလိုတဲ့ နိုင်ငံတော်ရဲ့စေတနာ၊ ရည်ရွယ်ချက်ကြောင့် အခုလိုပဲ ကာလအတိုင်းအတာတစ်ခုအထိ (၆)ကျပ်ဆိုသော နှုန်းထားနှင့် ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံသားစိစစ်ရေးကတ် (၆)ကျပ်ဆိုတဲ့ နှုန်းထားအပိုင်းမှာ မိမိဌာနကို ပေးသွင်းရတဲ့ အခငွေ သက်သက်ကိုသာ ဖော်ပြခြင်းဖြစ်ပါတယ်။ ဒီကတ်ပြားတစ်ခု ရဖို့အတွက် ကာယကံရှင်ကိုယ်တိုင်က ပြင်ပမှာ ဆောင်ရွက်ရတဲ့ အခြားကုန်ကျစရိတ်တွေဖြစ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်နှင့် ပူးတွဲပြီးပေးရတဲ့ ဓာတ်ပုံရိုက်ခတို့၊ သွေးစစ်ခတို့၊ မိတ္တူကူးခတို့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ထောက်ခံချက်တို့၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ရဲ့ ထောက်ခံချက် စတာတွေအတွက် သုံးစွဲရတဲ့စရိတ်တွေ အချို့ဆိုရင် သွားစရိတ်၊ လာစရိတ်တွေပါ

ထည့်တွက်ပါတယ်။ အဲဒီဟာတွေဟာ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းစွာသိရှိစေရန် တင်ပြလိုပါတယ်။ သီးသန့်ကုန်ကျငွေ များသာ ဖြစ်ကြောင်းကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။ ဤဝန်ကြီးဌာနအနေနဲ့ မိမိဌာနနဲ့ သက်ဆိုင်ခြင်း မရှိသော်လည်းပဲ ပြည်သူလူထုရဲ့ ကုန်ကျမှုသက်သာရေးကို ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက်ကြောင့် ပြင်ပ ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ ဆိုင်တဲ့ ကျွန်တော် စောစောက တင်ပြခဲ့သော ဓာတ်ပုံရိုက်ခ များ၊ ပြင်ပသွေးစစ်ခများ၊ စာရွက်စာတမ်း မိတ္တူတွေ အများအပြား ကူးရတဲ့ကိစ္စတွေကို သက်သာသော ဈေးနှုန်းနဲ့ ပြင်ပပုဂ္ဂလိက လုပ်ငန်းရှင်များက ကူညီဆောင်ရွက်ပေးကြဖို့ လက်ရှိကာလမှာ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ မှတစ်ဆင့် ဒေသအာဏာပိုင်အဆင့်ဆင့်တို့မှလည်း သက်ဆိုင်ရာနယ်မြေအလိုက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဝမ်းမြောက်စွာတွေ့ရပါတယ်။ ရဲစခန်းထောက်ခံချက်တို့ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ရဲ့ထောက်ခံချက်အတွက်ဒါတွေက ကျွန်တော်တို့ သက်ဆိုင်တဲ့ အစိုးရဌာနချင်း၊ ဝန်ကြီးဌာနချင်း ညှိနှိုင်းပေါင်းစပ်နိုင်တဲ့ ကိစ္စဖြစ်တဲ့ အတွက်ကြောင့် ဒါကို ကျွန်တော်တို့ အကြိမ်ကြိမ် ညှိနှိုင်းပေါင်းစပ်ပြီးတော့ပြည်သူတို့သက်သာစေ ရေးအတွက် တကယ်လက်တွေ့နယ်ပယ် မြေပြင်မှာ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။ အခုအခါမှာ မိမိဝန်ကြီးဌာနကို ပေးဆောင်ရတဲ့ နိုင်ငံသားစိစစ်ရေးကတ်အတွက် (၆)ကျပ်ဆိုတဲ့ငွေဟာ ပြင်ပဌာနများနဲ့ ဆက်စပ်ဆောင်ရွက်ရတဲ့ ကုန်ကျငွေတွေကို ရောနှော တွက်ချက်ပြီးတော့ (၆)ကျပ်မက ကုန်ကျမှုတွေရှိနေကြောင်း၊ (၆)ကျပ်ဆိုတာ မဖြစ်နိုင်ကြောင်း၊ အရေးဆို ပြောကြားမှုများ ဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်စဉ်တိုင်းကို ကျေလည်မှုရသည်အထိ ကျွန်တော်တို့ တတ်နိုင်သမျှ မြေပြင်အရောက် ရှင်းလင်းပြောဆိုမှုများ ပြုလုပ်နေရပါကြောင်း လေးစားစွာအသိပေးတင်ပြလိုပါတယ်။သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမေးမြန်းချက် ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)အတွက် အချက်အလက် အထောက်အထား ပြည့်စုံစွာတင်ပြနိုင်ရင် နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးနေပြီးတော့နိုင်ငံသား စိစစ်ရေးကတ်ပြား အသစ်ပြုလုပ်မှုအတွက် ကျွန်တော်တို့ဌာနကို သက်သက်ပေးရသည့်ငွေသည် (၆)ကျပ်နှုန်း၊ ပျောက်ဆုံး/ပျက်စီး မိတ္တူပြုလုပ်မှုအတွက် (၁၀)ကျပ်နှုန်း စသည်ဖြင့် အထူးသက်သာစွာ အမှန် တကယ် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းကို မိုးပွင့်အဆင့် (၁)၊ (၂)ကာလ မနေ့တစ်နေ့ကအထိ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း(၁၈၄၁၆၉၂)နဲ့ အိမ်ထောင်စုဝင် လူဦးရေစာရင်း စာရွက်ပေါင်း(၂၃၈၆၇၈)ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ရုတ်ခြည်း

သဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ပျောက်ဆုံး/ပျက်စီးခြင်းအတွက်ကိုတော့ နိုင်ငံတော်က အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အတိုင်း နွမ်းပါးအိမ်ထောင်စုများ အပါအဝင် အားလုံးအတွက် ခုန ကျွန်တော်ပြောခဲ့တဲ့အတိုင်း အိမ်ထောင်စုဝင်လူဦးရေစာရင်း ဆိုရင်တော့ နေ့ချင်းပြီးအခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီးတော့၊နိုင်ငံသားစိစစ်ရေးကတ်အတွက်ကတော့သက်သာသော (၆)ကျပ်နှုန်းထားဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး လတ်တလောကတော့ အဲဒီ နိုင်ငံသားစိစစ်ရေးကတ်ကို အခမဲ့ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။ ငွေကြေး ကုန်ကျမှုများနဲ့ ပတ်သက်ပြီးတော့ လက်ရှိ မှားယွင်းစွပ်စွဲမှုတွေ၊ ရောထွေးနားမလည်မှုတွေ တစ်ဆင့်စကား စတာတွေနဲ့ ဖြေရှင်းရသည်များ ရှိနေသလိုပဲ ဖြစ်ရပ်မှန်တွေနဲ့ မျက်မြင်တွေ့ရှိရတဲ့အပေါ်မှာ နားလည်မှုရှိလာကြပြီးတော့ဒေသခံ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေ၊ ဒေသခံအလှူရှင်တွေ၊ စေတနာရှင်များအနေနဲ့ ဌာနနဲ့မဆိုင်ဘဲ ပြည်သူတွေကိုယ်တိုင် ကျခံနေရတဲ့ ဓာတ်ပုံဖိုးတွေ စတာတွေအပေါ်မှာ ကုန်ကျငွေတွေကို လှူဒါန်းခြင်း၊ မိတ္တူကူးခြင်းအတွက် လှူဒါန်းခြင်း၊ သွေးစစ်ခများကို သီးသန့်လှူဒါန်းခြင်း၊ မိမိဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရန်အတွက် အချို့ဒေသတွေမှာ ယာဉ်တွေ၊ လောင်စာဆီတွေ၊ ထောက်ပံ့ပေးခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးအတွက် လှူဒါန်းခြင်း၊ ရွာတစ်ရွာအတွက် လှူဒါန်းခြင်း၊ မြို့နယ်တစ်ခုလုံးအတွက် လှူဒါန်းခြင်း စသည်ဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းတိုက်ရိုက်ပေးပို့ လှူဒါန်းခြင်းများလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာကြောင်းကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။ အားလုံးကိုလည်း ကျွန်တော်တို့ မှတ်တမ်းတင်ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိဂုံးမချုပ်မီ ကျွန်တော့်အနေနဲ့ အလျဉ်းသင့်လို့ မှာကြားလိုတဲ့အချက်ကတော့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၂(က)မှာ နိုင်ငံသားတစ်ဦးဟာ နိုင်ငံတော်ရဲ့ ဥပဒေများကို ရိုသေလိုက်နာရမည်လို့ ဖော်ပြထားပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၅ မှာလည်း နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ မိဘပြည်သူများအနေနဲ့လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနှင့်အညီ အိမ်ထောင်စုဝင်များ ပြောင်းဝင်/ပြောင်းထွက်၊ မွေးတိုး/သေလျော့၊ အိုးခွဲ/အိမ်ခွဲ ကိစ္စများအတွက်

ကာယကံရှင်ဖက်က ဆောင်ရွက်ရမည့်အပိုင်းကို တိကျစွာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ တစ်ခါ တစ်ဖက်ကလည်း အခြေခံကျတဲ့ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများရဲ့ တာဝန်ဝတ္တရားများပါအတိုင်း အိမ်ထောင်စုစာရင်းတွေ အပြောင်းအလဲများအပေါ်မှာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ မိမိမြို့နယ်ရုံးများနဲ့ ရ.ယ.ကများ၊ ဒေသခံများ နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တင်ပြသော အိမ်ထောင်စုဝင်လူဦးရေစာရင်း ပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ခြင်းများဟာ ကျွန်တော်တို့ လက်လှမ်းမမီတဲ့ ဒေသတွေမှာ ဖြစ်နေတဲ့တိုင်အောင် တစ်ဆင့်ထက်တစ်ဆင့် ယခုထက် ပိုမိုလွယ်ကူလျင်မြန်လာတာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မိမိတို့၏ ရွေးချယ်ခံမဲဆန္ဒနယ်မြေများအတွင်းမှာ ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်နေချိန်မှာ အခွင့်အခါ သင့်ပါက လာရောက်ပူးပေါင်း ကူညီဆောင်ရွက်ပေးပါရန်လည်း လေးစားစွာ ပန်ကြားအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့မေးခွန်းဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားမယ့် မေးခွန်း ဖြစ်ပါတယ်။

**မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ လုံးတုံကျေးရွာရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်အား အင်းတော်ကြီးဒေသတစ်ခုလုံး ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ လုံးတုံကျေးရွာရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်အား အင်းတော်ကြီးဒေသတစ်ခုလုံး ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၂။**

**ဦးဖေသောင်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ ဌာနဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ ကာယသုခ၊စိတ္တသုခ၊ချမ်းသာမှုများဖြင့်ပြည့်စုံပါစေလို့ပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ၊ လုံးတုံကျေးရွာမှာရှိတဲ့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်အား အင်းတော်ကြီးဒေသတစ်ခုလုံး ကြည့်နိုင်ရန်အတွက် ပြန်လည်ဆောင်ရွက်မှု ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိုးညှင်းမြို့နယ် အင်းတော်ကြီး ဒေသဟာ အိမ်ထောင်စုအားဖြင့် (၇၄၀၀) ကျော်ရှိပြီးတော့မှ လူဦးရေ (၅၆၇၀၀)ကျော် ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်တဲ့ဒေသ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ပြန်ကြားရေးဦးစီးဌာန ကနေပြီးတော့မှ နေ့စဉ်ထုတ်တဲ့ သတင်းစာ ရောက်ရှိဖြန့်ဝေမှု အားနည်းပြီး ပုံမှန်ဖတ်ရှုနိုင်ခြင်း လည်း မရှိပါဘူး။ နောက် အင်းတော်ကြီးဒေသ၊ လုံးတုံကျေးရွာမှာရှိတဲ့ ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်စက်ရုံကလည်း အင်းတော်ကြီးဒေသတစ်ခုလုံး ဖမ်းယူကြည့်ရှုနိုင်တဲ့ အနေအထားလည်း မရရှိ ပါဘူး။ ကျွန်တော်တို့ ဒီရုပ်မြင်သံကြားကို ၁၉၉၁-၁၉၉၂ နိုင်ငံတော်အတွင်းရေးမှူး(၁) ခရီးစဉ်မှာ ချမှတ်ထားပေးတဲ့ ထပ်ဆင့်လွှင့်စက်ရုံပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အင်းတော်ကြီးဒေသ ၂၀၀၉-၂၀၁၀ မှာ ဟိုပင်နယ်စပ်၊ ဟိုပင်ဒေသနဲ့ အင်းတော်ကြီးဒေသ နယ်စပ်တောင်ပေါ်မှာ သိန်း(၁၅၀)တန်တဲ့ မြဝတီ ထပ်ဆင့် လွှင့်စက်ကို ဟိုပင်မြို့နယ်ခွဲဖက်က သိန်း(၅၀)၊ ကျွန်တော်တို့ အင်းတော်ကြီးဒေသဖက်ကသိန်း(၅၀)၊နိုင်ငံတော်က သိန်း(၅၀)ဆိုပြီးတော့မှ တည်ဆောက်ထားတဲ့ မြဝတီလွှင့်စက်လည်း ရှိပါတယ်။ မြဝတီလွှင့်စက်ကတော့ ကျွန်တော် အင်းတော်ကြီးဒေသရဲ့ သုံးပုံ ပုံရင် နှစ်ပုံလောက်ကတော့ မိပါတယ်။ အဲဒီ လုံးတုံမှာရှိတဲ့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံ ကတော့ အင်းတော်ကြီးဒေသရဲ့ သုံးပုံပုံရင် တစ်ပုံလောက်ပဲ မိမယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ယခုကဲ့သို့ သတင်းစာလည်းမရောက်ဘူး။ရုပ်မြင်သံကြားကိုလည်း ဖမ်းယူကြည့်ရှု နိုင်တဲ့ အခွင့်အရေးမရှိတဲ့ ဒေသခံပြည်သူများဟာ ပြည်ပမီဒီယာများရဲ့ ထုတ်လွှင့်မှုကိုသာ နားထောင် နေရတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ

လုံးတုံကျေးရွာမှာ တည်ရှိထားတဲ့ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ကိုပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂း၂၆။**

**ဦးစိုးဝင်း (ဒုတိယဝန်ကြီး ၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံအစီအစဉ်များကို ကချင်ပြည်နယ် အတွင်းမှာ ထပ်ဆင့်လွှင့်စက်ရုံပေါင်း(၂၆)ရုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မိုးညှင်းမြို့နယ်၊ လုံးတုံ အင်းတော်ကြီးစက်ရုံကို ၂၀-၇-၁၉၉၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး စက်ရဲ့လွှင့်အားမှာ 10 Watt ဖြစ်ပါတယ်။ စက်ရုံကို နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး သက်တမ်းအားဖြင့် (၁၇)နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ လုံးတုံ အင်းတော်ကြီးဒေသမှာရပ်ကွက်(၁)ခုနဲ့ ကျေးရွာအုပ်စု(၇)အုပ်စု ရှိပါတယ်။ မြန်မာ့အသံနဲ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို လုံးတုံရပ်ကွက်နဲ့ မက်မုံကန်ကျေးရွာအုပ်စုတို့မှ ကောင်းစွာဖမ်းယူနိုင်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ် ဖမ်းယူမရရှိနိုင်သော ကျေးရွာအုပ်စု (၆)အုပ်စုရှိပါတယ်။ ၎င်းတို့ကတော့ နမ့်မွန်း၊ မိုင်းပုတ်၊ လွဲမွန်၊ ညောင်ပင်၊ လုံးစန့်နှင့် ဟဲပုကျေးရွာအုပ်စုတို့ ဖြစ်ပါတယ်။ ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူမရရှိသော ကျေးရွာများ ဖြစ်သည့် နမ့်မွန်းသည် (၁၄)မိုင်၊ မိုင်းပုတ်သည် (၁၅)မိုင်၊ လွဲမွန်သည် (၈)မိုင်၊ ညောင်ပင်သည် (၁၆)မိုင်၊ လုံးစန့်သည် (၉) မိုင်၊ ဟဲပုသည် (၈)မိုင် စသည်ဖြင့် လုံးတုံ မှ ကွာဝေးကြပါတယ်။

လုံးတုံစက် ကို 10 Watt မှ 50 Watt သို့ လွှင့်အား တိုးမြှင့်ထုတ်လွှင့်ပါက လွဲမွန်၊ လုံးစန့်နှင့် ဟဲပုကျေးရွာအုပ်စုတို့မှ ဖမ်းယူရရှိနိုင်မည်ဖြစ်ရာ 50 Watt သို့ တိုးမြှင့်ထုတ်လွှင့်ပေးရန် စီစဉ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန်ကျေးရွာ(၃)ရွာမှာ တောင်တန်းများကာရံခြင်း၊ ဝေးကွာခြင်း တို့ကြောင့် လွှင့်အားတိုးသော်လည်း ဖမ်းယူရရှိနိုင်မည် မဟုတ်ပါ။ ပြန်ကြားရေးဝန်ကြီးဌာန၊မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံအတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို တိုးချဲ့ တည်ဆောက်ရာမှာ မြို့နယ်အဆင့် နေရာဒေသများ၊ မြို့နယ်ခွဲအဆင့် နေရာဒေသများနှင့် နိုင်ငံတော် အကြီးအကဲများရဲ့ ခရီးစဉ် ညွှန်ကြားချက်အရ စက်ရုံတည်ဆောက်ပေးရန် ညွှန်ကြားလာသော နေရာဒေသများမှာ စက်ရုံများကို ဦးစားပေး တည်ဆောက်လျက်ရှိပါတယ်။ လက်ရှိ ရုပ်သံထပ်ဆင့် လွှင့်စက်ရုံပေါင်း (၂၂၆)ရုံ တည်ဆောက်ပြီးသည့်တိုင် တောတောင်ထူထပ်စွာ ကာရံလျက်ရှိသော ကျေးရွာအုပ်စုများစွာမှ ဖမ်းယူရရှိနိုင်ခြင်း မရှိသေးပါ။ နိုင်ငံအတွင်း၌ ရုပ်မြင်သံကြား အစီအစဉ် ဖမ်းယူရရှိမှု မရှိသေးသော ကျေးရွာအုပ်စုပေါင်း (၂၂၉၆)အုပ်စု ရှိနေပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ 50 Watt ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတစ်ရုံကို တည်ဆောက်ရန်အတွက် စက်ရုံအဆောက်အဦ တန်ဖိုးကျပ် သိန်း(၄၈၀)နဲ့ စက်ပစ္စည်း တန်ဖိုးကျပ် သိန်း(၄၀၀) စုစုပေါင်း ကျပ်သိန်း (၈၈၀)ခန့် ကုန်ကျမှုရှိပါတယ်။ ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူရရှိမှု မရှိသေးသော ကျေးရွာအုပ်စုတိုင်းကို စက်ရုံတည်ဆောက်ပေးရပါက ငွေကြေးမြောက်မြားစွာ ကုန်ကျမှုရှိမှာ ဖြစ်ပါတယ်။ ကျေးရွာအုပ်စု များတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါ။ ယခုအခါ SKY NET DTH စနစ်ဖြင့် တစ်နိုင်ငံလုံးမှ ရုပ်သံအစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။ SKY NET DTH များ တပ်ဆင်ခြင်းဖြင့် Free to Air ထုတ်လွှင့်လျက်ရှိသော MRTV, MITV နှင့် MRTV-4 channel များအပြင် တိုးချဲ့ထုတ်လွှင့်မည့် channel များကိုလည်း ဖမ်းယူကြည့်ရှုနိုင်မှာဖြစ်ပါတယ်။SKY NET DTH မှာ ၂၄ နာရီပတ်လုံး ထုတ်လွှင့်နေသည့်အတွက် မိမိကြည့်ရှုလိုသောအချိန်တွင် ကြည့်ရှုနိုင်ပါတယ်။ ဈေးနှုန်းမှာလည်း သင့်တင့်တဲ့ဈေးနှုန်း ဖြစ်တဲ့အတွက် ဝယ်ယူတပ်ဆင်နိုင်ကြမှာဖြစ်ပါတယ်။ သို့ပါ၍ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူရရှိမှု မရှိသေးသော ကျေးရွာအုပ်စုများတွင် DTH စနစ်ဖြင့် ဖမ်းယူခြင်းက ပိုမို၍ သင့်လျော်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မေးမြန်းသည့် မေးခွန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး က ဖြေကြားမည့် မေးခွန်း ဖြစ်ပါတယ်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တော ကြိုးဝိုင်းအတွင်းရှိသော ဆင်အမျိုးအစားနှင့် ခန့်မှန်းခြေ ဆင်စာရင်း သုတေသနပြုချက် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာ န၏ သစ်တောကြိုးဝိုင်းအတွင်း ရှိသော ဆင်အမျိုးအစားနှင့် ခန့်မှန်းခြေ ဆင်စာရင်း သုတေသနပြုချက် ရှိ /မရှိ နှင့် စပ် လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**ဒေါက်တာတင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံး မျှော်လင့်နေကြတဲ့အတိုင်းပါပဲ။ ကျွန်တော် မေးခွန်းက(၉)ခု တင်ထားပါတယ်။ တတိယပုံမှန် အစည်းအဝေးအတွက် အခု (၇)ခုမြောက်ပါ။ နောက်(၂) ခုကတော့ ခုနက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက ပြည်ထောင်စုလွှတ်တော်ကို ကျင်းပတော့မယ်ဆိုတော့ နောက်(၂)ခုကတော့ စိတ်ဝင် စားစရာလည်း ကောင်းပါတယ်။ စီးပွားရေးအတွက်လည်း ဆိုင်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး အစဉ်ထာဝရ ချမ်းသာကိုယ်စိတ် မြဲပါစေကြောင်း ထပ်ဆင့် ဆုမွန်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းလေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ဖတ်ကြားပြီးပါပြီ။ ဒါကြောင့် ခွင့်ပြုချက်အရ ကျွန်တော် ဘာကြောင့် ဒီမေးခွန်းလေးကို မေးရ သလဲဆိုတော့ ဆင်ဟာ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဘဏ္ဍာတော်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ အာရှမှာ ထိပ်ဆုံးကဝင်ခဲ့တဲ့ လေဆိပ်ကြီးမှာ လေဆိပ်ရဲ့ညွှန်ခံခန်းမမှာ ဆင်ကြီးကနေပြီးတော့ သစ်လုံးများကို ဆွဲနေတဲ့ပုံဟာ တိတိလင်းလင်းကို ကျွန်တော်တို့ မြန်မာလူမျိုးတွေအတွက် အားရ ဂုဏ်ယူစရာ ဖြစ်ပါတယ်။ အဲဒါတွေလည်း တစ်ကြောင်းပါပါတယ်။ နောက်တ စ်ခုကတော့

ရွေးကောက်ပွဲ မဖြစ်ခင် ကာလမှာ တိုက်ကြီးနဲ့ မင်းလှကြားထဲမှာ တောဆင်ရိုင်း (၃)ကောင် ထွက်ပြေးတယ်။ လူတွေကိုတော့ ရန်မူသလိုလိုတော့ ကြားရတယ်။ ဒါပေမဲ့လို့တော့ တိတိလင်းလင်း မသိခဲ့ဘူးပေါ့နော်။ အဲဒီလိုလေး ဖြစ်ခဲ့တယ်ဆိုတာလည်း ကျွန်တော် ခေါင်းထဲမှာ စွဲနေပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော် နေ့ခင်းဖက်လမ်းလျှောက်သွားရင်းနဲ့နောက် အဲဒီ ပုဂံစာအုပ်တိုက် ပေါ့လေ၊ ချက်ကရီသီရိုဒ် သွားပြီးလေ့လာတဲ့ ပုဂံစာအုပ်တိုက်မှာ ကျွန်တော် ရောက်သွားတဲ့အခါ ကျတော့ စာအုပ်စင်လေးတွေပေါ်မှာ ကြည့်ပါတယ်။ ကြည့်တဲ့အခါကျတော့ Elephant Bill ဆိုပြီးတော့ ရေးထားတဲ့ အင်္ဂလိပ်စာအုပ် တစ်အုပ်ကို တွေ့ရပါတယ်။ ကျွန်တော် အတော်လေး စိတ်ဝင်စားသွားတယ်။ အဲဒီအချိန်မှာပဲ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာလည်းပဲ ကျွန်တော်တို့ ဥပ္ပါတသန္တိစေတီရဲ့ ခြေတော်ရင်းမှာရှိတဲ့ ဆင်ရတနာဆောင်မှာ ဘဒ္ဒဝတီက နေပြီး တော့ ဆင်ဖြူတော်ပေါ့နော်။ နိုင်ငံတော်ရဲ့ အမွန်အမြတ် ရရှိထားတဲ့ ဆင်ဖြူတော် ဘဒ္ဒဝတီ ကနေပြီးတော့ ဆင်ဖြူတော်ငယ်ကလေးကိုပေါက်ဖွားတယ်ဆိုတဲ့ သတင်းကို ကျွန်တော် MRTV မှာ နားထောင်လိုက်ရပါတယ်။ အဲဒီတော့ တိုက်ဆိုင်မှုလေးတွေက တော်တော်လေး စုံသွားတယ်။ Elephant Bill ကလည်း ဘယ်သူရေးလဲဆိုတော့ ကျွန်တော်တို့ ဟိုတုန်းကတော့ ဒီ ဆေးမှာလည်းပဲ ဒီလိုပါပဲ Faculty of Medical Collage လို့ ခေါ်ပါတယ်။ နောက်ဒီ သစ်တောဌာန မှာလည်းပဲ ကျွန်တော်တို့ အတန်းတူပေါ့နော်။ စိန့်ပေါ(လ်)ကနေတက်လာတဲ့ ကျောင်းသား တစ်ယောက် ဟာလည်း တော်တော်ထူးထူးချွန် ချွန်ကို အောင်မြင်ခဲ့ပါတယ်။ ညွှန်ကြားရေး မှူးအဆင့် အထိ အောင်ရောက်တယ်။ ဒါပေမဲ့ အရက် နှိပ်စက်လို က်တဲ့အတွက် မမျှော် လင့်ပဲနဲ့ စော စောဆုံး သွားတယ်။ ဒီနားက အင်းအိုင်ကြီးတွေ ၊ ဘာကြီးတွေ သူကပဲ ထွင်ခဲ့တယ်လို့ ပြောပါတယ်။ သူငယ်ချင်းတွေပါ။ အဲဒီ တော့ Faculty of Forestry ကလည်း အဲဒီမှာ အင်္ဂလိပ်လက်ထ က်က လုပ်သွားတဲ့ ပုဂ္ဂိုလ်ကြီးကပဲ ရေးထားတဲ့ စာအုပ်ပါ၊ ကျွန်တော် ဒီတစ်ပတ် ပြန် ဖို့ကြုံရင်တော့ ဒီစာအုပ်ကလေးကို ဝယ်မယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် လှူပါမယ်။ အဲဒီတော့ အဲ ဒီလို ဆုံဆည်းမှုတွေပေါ့နော်။ အဲဒါလေးတွေနဲ့ အပြင်မှာ သူတို့ ဂျာနယ် တစ်ခုရဲ့ ဟာကို ကျွန်တော့် လာလက်ဆောင်ပေးတဲ့အတွက် ဖတ်လိုက်တယ်။ ဖတ်လိုက်တဲ့ အခါကျတော့ အဲဒီ ပဲခူးရိုးမတောင်တန်း သစ်တောကြိုးဝိုင်းထဲမှာ လူ (၃)ယောက်ဟာ၊ ပုဂ္ဂိုလ် (၃) ယောက်ကနေပြီး ဒီဆင်ကြီးကို ပစ်သတ်လိုက်တယ် ။ ပစ်သတ်လိုက်ပြီးတော့ ဆင်အရေခွံ ကို ခွာနေတဲ့ အချိန်မှာ ဒီ ရဲက လာတဲ့အတွက် သူတို့ကို ဖမ်းထားတယ်ဆိုပြီးတော့ အဲဒီလိုလေး

ကျွန်တော် ဖတ်လိုက်ရပါတယ်။ ဒါကို ကျွန်တော် တော်တော်စိတ်မကောင်း ဖြစ်နေတယ်။ ဆင်အကြောင်းတွေကွင်းဆက်ပေါ့နော် Changable ဖြစ်နေတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ၃၀-၁-၂၀၁၂ ဇန်နဝါရီလထဲမှာ ကျွန်တော်တို့ ၂၆ ရက်နေ့မှာ လွှတ်တော်စပြီ။ တတိယပုံမှန်က။ ဒါပေမဲ့ ကျွန်တော်ကြားထဲမှာ တစ်ခေါက်လောက် ပြန်သွားတဲ့အခါကျတော့ အိမ်မှာ Newspaper တွေကိုပြန်ပြီးတော့ လေ့ လာတဲ့အခါမှာ ကြေးမုံထဲမှာ ၃၀-၁-၂၀၁၂ ကျတော့ ဘာတွေ့ရသလဲ ဆိုတော့ သတိပြု ဆင်ခြင်စရာ မှုခင်းအဖြာဖြာ ဆိုတဲ့ခေါင်းစဥ်နဲ့ ဖော်ပြထားတဲ့ ဆင်အရေခွံ ခြောက်(၃၂)ပိသာနဲ့ ဆင်သားခြောက်(၅၀)ကျပ်သား သယ်ဆောင်သူ(၂)ဦး ဖမ်းဆီးအရေးယူထား ဆိုတဲ့ သတင်းစာလေး ကျွန်တော် သက်သေပြဖို့ပါ။ ဒါကို Projector တွေမရှိတော့ အမှန်ဆို Projector နဲ့ ထိုးလိုက်ရင်တော့ရတယ်။ ကျွန်တော်တို့ ဆေးပညာမှာတော့ သင်မယ်ဆိုရင် Projector ပေါ့နော်။ အခုဒီကတော့ အဆင့်မြင့်တယ်။ ကွန်ပျူတာတွေနဲ့ဆိုတော့ ကျွန်တော် လည်း ကြိုမလုပ်ထား မိဘူး။ အဲဒီသတင်းစာလေးကို ကျွန်တော် ဖတ်ရပါတယ်။ အဲဒါနဲ့ ကျွန်တော် Elephant Bill ဆိုတဲ့ စာအုပ်ကလေးလည်း တွေ့ရဖတ်ရတယ်။ နောက် ဘဒ္ဒဝတီကလည်း ဆင်မလေးကို မွေးတယ်။ ဒါကြောင့်မို့လို့ တို့ရဲ့ Ministry of Environmental Conservation and Forestry ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း ဆင်တွေကို တန်ဖိုးထားရမှာပဲ။သူတို့လည်း ဒါ ဆင်နဲ့ပဲ စတင်ပြီး လှုပ်ရှားခဲ့ရတော့။ အဲဒီတော့ အဲဒါကို သုတေ သနပြုမှုများ ရှိသလားဆိုတာ ဟိုမှာကတော့ Elephant Bill ထဲမှာတော့ ဒီ အာဖရိက ရဲ့ ဆင် အကြောင်း အမျိုးအမည်တွေကို တော်တော်များများလေးကို ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ ဝန်ထမ်းသွားတဲ့ ပုဂ္ဂိုလ်တစ်ဦးတောင်မှ ဒီလိုပြုစုထားခဲ့ ရင် ကျွန်တော် တို့ရဲ့ သစ်တောရေးရာဝန်ကြီးဌာန အနေနဲ့ကတော့ အထူးပြောစရာလိုမယ် မထင်ဘူးလို့ ကျွန်တော် ဒါနဲ့ လေးစားစွာနဲ့ပါ အ မျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွ န်တော်တို့ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနကို လေးစားစွာဖြင့် ဒီမေးခွန်းလေး မေးမြန်းခြင်း ဖြစ်ပါတယ်။ နောက်မေးခွန်းလေး တစ်ခုကတော့ ကျွန်တော်တို့ ဥပ္ပါတသန္တိစေတီရဲ့ ခြေတော်ရင်းမှာရှိတဲ့ ဘဒ္ဒဝတီတို့ သားအမိ ကတော့ ကျွန်တော်တို့ သွားကြည့်တဲ့အချိန်ကျတော့ မပြဘူးခင်ဗျား။ သူတို့နည်းနည်း နုနယ်သေးတဲ့အတွက် သိုသိုသိပ်သိပ် အဲဒီလို ထားပါတယ်ဆိုတဲ့ Quarantine ပေါ့။ ဆေးပညာအရ ဆိုရင်တော့ Quarantine လုပ်ထားတယ်။ နုနယ်သေးတယ် ဆိုတဲ့အတွက်ကြောင့် အခြားရောဂါတို့ဘာတို့ မဝင်အောင်၊ အပြင်လေ ထိတွေ့မှု မရအောင်ပေါ့။

အဲဒီလို Quarantine လုပ်ထားတဲ့အတွက် မတွေ့ခဲ့ရဘူး။ ကျွန်တော် အခုလက်ရှိ ရှိနေတဲ့ ဆင်ဖြူတော်ကိုလည်း ဓာတ်ပုံတော့ ရိုက်လာပါတယ်။ ဒါပေမဲ့ ကြိုတင် ပြင်ဆင်မှု မရှိတဲ့အတွက် နည်းနည်းမပြဖြစ်ပါဘူး။ ခုနကမေးတဲ့ မေးခွန်းကတော့ ကျွန်တော် လေးစားအပ်တဲ့ ပြည်ထောင်စု ဝန်ကြီးကို မေးမြန်းခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီ ဥပ္ပါတသန္တိစေတီ ခြေတော်ရင်း မှာရှိတဲ့ ဆ င်ဖြူတော်ကြီးများကို ဂုဏ်ပြုတဲ့ အနေနဲ့ ဆင်ဖြူတော်အကြောင်းဆိုတဲ့ စာအုပ် တစ်အုပ်လည်း ထုတ်ထားပါတယ်။ အဲဒါနဲ့ ကျွန်တော်တွေ့တဲ့အခါ နည်းနည်းRoughly ဖတ်ကြည့် လိုက်ပြီးတဲ့အခါ အဆုံးသတ်မှာတော့ ကျွန်တော်တို့ ကန်တော်မင်ကျောင်းတိုက် ဆရာတော် ရဲ့ လောဘဟူသည် ဆင်ရိုင်းစွဲ၊ ပညာ ဟူသည် ချွန်းရောက်မှ၊ သဒ္ဓါဟူသည် ချွန်းရှည်ပြု၊ သတိဟူသည် လွန်ကြိုးပြု၊ ဒိဋ္ဌိဟူသည် တွင်းတွင်ကျ၊ ယဉ်လျှင် နိဗ္ဗာန ဆိုပြီးတော့ ဒီကဗျာလေးနဲ့ အဆုံးသတ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး အနေနဲ့ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ နေပြီး တာဝန်ယူဆောင်ရွက် လာခဲ့ရတဲ့အတွက် အတွေ့အကြုံတွေ များစွာရှိပါတယ်။ ဒါကြောင့် အချိန် လေးရလျှင် ကျွန်တော် ရွတ်ဖတ်ထားတဲ့ ကဗျာလေးကို လွှတ်တော် ကိုယ်စားလှယ်ကြီးများလည်း သိရှိအောင် ကျွန်တော်တို့ အဓိပ္ပာယ်လေး ပြန်ပြုပြီးတော့ ဆုံးမဩဝါဒဖြစ်အောင် ပြန်လည်ပြောကြားပေး ပါရန် ပန်ကြားရင်း ကျွန်တော်ရဲ့ မေးမြန်းချက်ကိုနိဂုံးချုပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၂:၄၀။**

**ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာ ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ် ဒေါက်တာတင်ရွှေ ရဲ့ မေးမြန်း ချက်နဲ့ ပတ်သက်လို့ ကျွန်တော် ရှင်းလင်းပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ခုန မေးခွန်း ထဲမှာပဲ

တစ်ဆက်တစ်စပ်တည်းပါလာတဲ့ ဆင်ဖြူတော် ဘ ဒွ၀တီက မွေးထားတဲ့ ဆင်ဖြူငယ်လေး ဟာ တိုက်တိုက်ဆိုင်ဆိုင် ယနေ့မနက်ပဲ (၈)နာရီ(၁၀)မိနစ်အချိန်မှာ ကင်ပွန်းတပ်မင်္ဂလာ ဆောင်ရွက်ပါတယ်။ ဆောင်ရွက်ပြီးတော့ အများပြည်သူကိုလည်း ယနေ့မှစပြီး တော့ ဆင်ဖြူတော်ဆောင်မှာ တရားဝင်နေထိုင်ခွင့်ပေးပြီးတော့ပြသထားပြီဆိုတဲ့အကြောင်း အလျဉ်းသင့်လို့ တင်ပြခြင်းဖြစ်ပါတယ်။ ခုနကမေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ဖြင့်ရင် သစ်တောကြိုးဝိုင်းအတွင်းမှာရှိတဲ့ ဆင်ဖြူတော်များရဲ့ ဆင်များ၏ အမျိုး အစားနှင့် ခန့်မှန်းခြေစာရင်း (Elephant Bill) သုတေသနပြုလုပ်ချက်ရှိ/မရှိ သိရှိလိုပါကြော င်း မေးမြန်းချက်နှင့် စပ်လျဉ်း ပြီးတော့ မြန်မာနိုင်ငံမှာ ဆင် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှေးမြန်မာဘုရင်များ လက်ထက် ထဲက၊ ဆိုပါစို့ ၁၈၇၉ ခုနှစ်တည်းက ဆင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ဆင်အပါအဝင်၊ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေး အတွက် သစ်တောဥပဒေ၊ သစ်တောနည်းဥပဒေ၊ သစ်တောမူဝါဒ၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေများကို ကျွန်တော်တို့ ပြဋ္ဌာန်းခဲ့ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၂၆.၁၀.၁၉၉၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၈၃/၉၄ ဖြင့် ထုတ်ပြန်ကြေညာ ထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်သော တောရိုင်းတိရစ္ဆာန်များ စာရင်းတွင် ဆင်ကို လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ထားရှိပါတယ်။ ကမ္ဘာပေါ်တွင် အာရှဆင်နှင့် အာဖရိကဆင် ဆိုပြီးတော့ နှစ်မျိုးရှိတဲ့အနက်က မြန်မာနိုင်ငံမှာ နေထိုင်ကျက်စားလျက်ရှိသော ဆင်အမျိုးအစား ကတော့ အာရှဆင် အမျိုးအစားများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တောဆင်များရဲ့ ဂေဟစနစ် လေ့လာနိုင်ဖို့ အတွက်ကို ဒီလုပ်ငန်းကို Smithsonian Institutions (SI) ဆိုတဲ့ အဖွဲ့အစည်းနှင့်ပူးပေါင်းပြီးတော့ ၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်တွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ပဲခူးရိုးမအတွင်း၌လည်းကောင်း ဒီလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် Convention on International Trade in Endangered Species of Wild Fauna and Flora, CITES ဆိုတဲ့ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Monitoring the Illegal Killing of Elephant (MIKE)လို့ခေါ်ပါတယ်။ ဒီအဖွဲ့အစည်းနဲ့ ပူးပေါင်းပြီးတော့ တောဆင်ရိုင်းများထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကိုလည်း အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်နှင့် ရွှေဥဒေါင်းဘေးမဲ့တောတို့မှာ ကျွန်တော်တို့ ဆော င်ရွက်ခဲ့ပါတယ်။ အဆိုပါ MIKE အဖွဲ့အစည်းနှင့်ပဲ ပူးပေါင်းပြီးတော့

ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ASEAN-WEN လို့ခေါ်တဲ့ ASEAN- Wildlife Enforcement Network အာဆီယံဒေသတွင်း တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှု တားဆီးနှိမ်နင်းရေး ကွန်ယက်အဖွဲ့မှာ ၂၀၀၅ ခုနှစ်မှစတင်ပြီး အဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်နေမှုများအား ဥပဒေအရထိရောက်စွာ တားဆီးအရေး ယူနိုင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၇.၅.၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၁/၂၀၁၁ ဖြင့် နိုင်ငံအဆင့် တောဆင်ရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ရောင်းဝယ်နေမှုများအား ဥပဒေအရ ထိရောက်စွာ အရေးယူ တားဆီးရေးလုပ်ငန်းအဖွဲ့ (National Wildlife Law Enforcement Task Force)ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီအဖွဲ့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြ န်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်ခ င်ဗျား။ ထို့အပြင် UK နိုင်ငံမှာ University of Sheldfeild မှ ပ ညာရှင်များကလည်း အခုအချိန်ခါမှာဆိုလို့ရှိရ င် ကျွန်တော်တို့နဲ့ ဆက်သွယ်ပြီးတော့ မြန်မာနိုင်ငံအတွင်း မှာ မှီတင်းနေထိုင်ကျက်စားလျက် ရှိကြသော တောဆင်ရိုင်းများကို သုတေသနလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ပါရစေဆိုပြီးတော့ ကမ်းလှမ်းလာခဲ့တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာန ကလည်း အပြန်အလှန်ချိတ်ဆက်ပြီးတော့ ဒီလုပ်ငန်းများကို တရားဝင်လုပ်ဆောင် နိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်တဲ့ အကြောင်းလည်း ဖြည့်စွက်ပြီးတော့ တင်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တောဆင်ရိုင်းများ အများဆုံး ကျက်စားလျက်ရှိပါတယ်။ ပတ်ဝန်းကျ င် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့မှာ ရခိုင်ရိုးမ ဆင်ဘေးမဲ့တော၊ မန္တလေးတိုင်းဒေသကြီး ၊ မိုးကုတ်၊ သပိတ်ကျင်းမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်) မိုးမိတ်မြို့နယ်အတွင်း၌ ရွှေဥဒေါင်း ဆင်ဘေးမဲ့တောတို့ကို တည်ထောင် ပြီးတော့ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ

အချိန်မှာ မြန်မာနိုင်ငံအနှံ့အပြားရှိ သစ်တောကြိုးဝိုင်း များအတွင်း သိပ္ပံနည်းကျ ဆင်စာရင်းကောက်ယူခြင်းလုပ်ငန်း(National Elephant Estimation) မဆောင်ရွက်နိုင်သေး၍ သစ်တောကြိုးဝိုင်းများအတွင်း နေထိုင်ကျက်စားလျက်ရှိကြသော ခန့် မှန်းခြေ ဆင်ကောင်ရေ စာရင်းအတိအကျ မသိရှိနိုင် သေးဘူး ဖြစ်ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝနယ်မြေများအတွင်းရှိ ဆင်ဘေးမဲ့တောကြိုးဝိုင်း များတွင် ဆင်များရဲ့ ခန့်မှန်း ခြေစာရင်း (Elephant Bill) သုတေသနပြုလုပ်ချက်များကို ခုန တင်ပြပါအတိုင်း ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်သော်လည်းကောင်း ပူးပေါင်းပြီးတော့ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုသွားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာတင် ရွှေ မေးတဲ့ ခုနကဗျာက ဘယ်လိုလဲ နည်းနည်းပြန်ပြောပါဦး။

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ လောဘဟူ သည်ဆင်ရိုင်းစွ၊ ပညာဟူသည် ချွန်းရောက်မှ၊ သဒ္ဓါဟူသည် ချွန်းရှည်ပြ၊ သတိဟူသည် လွ န်ကြိုးပြ၊ ဒိဋ္ဌိဟူသည် တွင်းတွင်ကျ၊ ယဉ်လျှင် နိဗ္ဗာန တဲ့ -----

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ ရပြီ။ ဘာသာရေးနှင့် သက်ဆိုင်နေတဲ့ အတွက် လွှတ်တော်ထဲမှာတော့ မဖြေတော့ပါဘူး။ ဒေါက်တာတင်ရွှေ သိချင်ရင် လာတွေ့ပါ။ နိဗ္ဗာန်ဆို တာ ပါနေတဲ့အတွက်ပေါ့။ အခု နေ့လယ် စာ သုံးဆောင်ဖို့ လွှတ်တော်ကို တစ် နာရီခန့် ရပ်နားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၈ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က အမျိုး သားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချ က်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေ(မူကြမ်း)ကို ကျွန်တော်တို့ ၉.၃.၂၀၁၂ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခဲ့ ပါတယ်။ အဆိုပါ ဥပဒေကြမ်းတွင် အခန်း (၁၃)ခန်းနှင့် ပုဒ်မပေါင်း (၇၂)ခု ပါဝင်ပါတယ်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ၂၀၁၂ ခုနှစ်၊ အမျိုး သားလွှတ်တော်ဆိုင်ရာ

ဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။

စိစစ်တွေ့ရှိချက်များ- အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးဖြစ်သော ဦးစံပြည့်၊ ဦးကံညွန့်၊ ဦးမောင်အေးထွန်း တို့နှင့် ၁၃.၃.၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း ပြင်ဆင်အစားထိုးဆောင်ရွက်ခဲ့ပါတယ်။ (က) ဤဥပဒေကြမ်း အခန်း (၁)၊ ပုဒ်မ ၁(စ)၊ ၁(ဆ) လွှတ်တော် အဖွဲ့အစည်းများ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ ပုဒ်မ ၂၃၊ ၂၅၊ ၂၆ နှင့် ၃၁ တို့ စကားရပ်တွင် ပုဒ်မ ၂၅၊ ၂၇၊ ၂၈ နှင့် ၃၃ တို့ ဟူသည့် စကားရပ်ဖြ င့် အစားထိုးခဲ့ပါသည်။ (ခ) ဤဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၉(င)နှင့် ၁၂(စ)တို့တွင် ပါရှိသော သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့်ဟူသည့် စကားရပ်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများဟူသည့် စကားရပ်တို့အား ပုဒ်မ ၆၃ ပါ စကားရပ်နှင့် ကို က်ညီစေရန် သက်ဆိုင်ရာအာဏာပို င်အဖွဲ့အစည်းများနှင့်ဖြစ်စေ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ဟူသည့်စကားရပ်နှင့် အစားထိုးခဲ့ပါသည်။ (ဂ) ဤဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၁၃ စာကိုယ်အား လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါအထူး ခံစားခွင့်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့ အစည်းများမှ တစ်လချ င်းဖြစ်စေ၊ တစ်နှစ်ချင်းဖြစ်စေ၊ သ က်သာခွင့်အဖြစ် ခံစားခွင့်ရှိသည်။ သို့သော် ငွေကြေး အကျိုးခံစားခွင့် မဖြစ်စေရဟု ပြင်ဆင်ခဲ့ပါသည်။ (ဃ) ဤဥပဒေကြမ်း အခန်း (၆)၊ ပု ဒ်မ ၁၉ ပါ ဥက္ကဋ္ဌသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှအပ အခြားအုပ်ချုပ်ရေး ဟူသည့် ဝါကျပါ အပ နှင့် အခြား ဟူသော စကားလုံး (၂)လုံး အဓိပ္ပာ ယ်တူညီနေ၍ အခြားဟူသည့် စကားလုံးအား နု တ်ပယ်ခဲ့ပါသည်။ (င) ဤဥပဒေကြမ်း အခန်း(၉)၊ ပုဒ်မ ၅၁(င)ကို မူလဖော်ပြချက် ပုဒ်မ ၅၁ စာကိုယ်နှင့် ကိုက်ညီမှုရှိစေရန် လွှတ်တော်ကော်မတီများ၊ ကော်မရှင် များနှင့် အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သော ကိစ္စအတွက် ဆွေးနွေးတင်ပြရန် တိုက်ရိုက်ဖိ တ်ကြားပါက လာရောက်ရှင်းလင်း ဖြေကြားရမည်ဟု ပြင်ဆင်ခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်- ဥပဒေကြမ်းတွင် အစားထိုးခြင်း(၃)ခု၊ ပြင်ဆင်ခြင်း (၂)ခုနှင့် နု တ်ပယ်ခြင်း(၁)ခုတို့ကို ပြုလုပ်ခဲ့သော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၂(ဆ)

"လွှတ်တော်အဖွဲ့အစည်းများ ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၅၊ ၂၇၊ ၂၈ နှင့် ၃၃ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်" ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အပိုဒ် ၉(င)

"မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အပိုဒ် ၁၂ (စ)

"လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိ မိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများထံ ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၂(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၂ (စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အပိုဒ် ၁၃

"လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါ အထူးခံစားခွင့်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ တစ်လချ င်းဖြစ်စေ၊ တစ်နှစ် ချင်းဖြစ်စေ သက်သာခွင့်အဖြစ် ခံစားခွင့်ရှိသည်။ သို့သော် ငွေကြေးအကျိုးခံစားခွင့် မဖြစ်စေရ "ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၉

"ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှအပ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေး အပ်ခြင်း ခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်" ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၉)၊ အပိုဒ် ၅၁(င)

"လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် တိုက်ရိုက်ဖိတ်ကြား လာပါက လာရောက် ရှင်းလင်း ဖြေကြားရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၅၁(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက်အခန်း(၉)၊ အပိုဒ် ၅၁(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇၂ တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇၂ တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည် နှင့် နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ (က) အရ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥ ပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၁။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ**။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဒေါက်တာမြတ်ဉာဏစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြု ပေးရန် အဆိုတင်သွင်းသွားသော ရန်ကုန်တိုင်းဒေ သကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယု ၏ အဆိုကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ**။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကိုပြင်ဆင်ထားသည့်အတိုင်းအတည်ပြုရန်ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်ပါပြီ။ (သြဘာသံများ)

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း တင်သွင်း ထားသည့် တရားရေးမဏ္ဍိုင် ကို ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် က ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၅၈။**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့ နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ၊ ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ အဂတိတရားကင်းစင်ပြီး ဖြောင့်မတ်မှန်ကန်သော တရားစီရင်ရေး စနစ်ပေါ်ထွန်းလာစေရန် လမ်းညွှန်သင်ပြပေးသည့်ဆရာများ Master နှင့် ဝါရင့်ရှေ့နေကြီးများ Senior က ရှေ့နေ အတွေ့အကြုံ နု သေးသည့် ရှေ့နေ Junior များအား သွန်သင်ဆုံးမခြင်း ၊ ပညာရပ် အတွေ့အကြုံ ဝေငှခြင်း ဆောင်ရွက်ရန် ဒေသအလိုက် ဆွေးနွေးပွဲများ၊ Work Shop ကျင်းပခြင်း၊ ရှေ့နေများအသင်း၏ အသင်းဝ င်များနှင့် မိသားစုဝင်တို့၏ လူ မှုရေးကိစ္စရပ်များ ဆောင်ရွက်ရေး၊ နိုင်ငံတော်အသစ် တည်ဆောက်ရာမှာ အကျိုးပြု ပါဝင်နိုင်ရေးအတွက် ရှေ့နေ

များအသင်း အလုပ်အမှု ဆောင်အဖွဲ့ကို ယခင်ကထက် ပိုမိုပြင်ပြ င်ဖွဲ့စည်း၍ ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းနှင့် အခွင့် အလမ်း သင့်သည့်အခါတိုင်း တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်တို့နဲ့ အထက်အဆင့် ပုဂ္ဂိုလ်ကြီးများက ရှေ့နေ များကို ဖိတ်ကြားတွေ့ဆုံ၍ လုပ်ငန်းလမ်းညွှန်စကားများ ပြောကြားခြင်းများပြုရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုကို ရှင်းလင်းတင်ပြခွင့် ရရှိသည့် အတွက် ကျေးဇူးတင်ပါကြောင်း ပဏာမပြော ကြားလိုပါတယ်။ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်း ကို လည်းကောင်း၊ မနေ့က ပြည့်ပြည့်စုံစုံ ဆွေးနွေး ပေးကြပါသော ဦးမောင်အေးထွန်း၊ ဦးသန်းဆွေ၊ ဦးဆို င်ပေါင်းနပ် တို့ကိုလည်း အထူးကျေးဇူး တင်ရှိပါတယ်။

ရှေ့နေရှေ့ရပ် လုပ်ငန်းဟာ မြန်မာနိုင်ငံမှာသာမက ကမ္ဘာတွင် လည်း မွန်မြတ်သော လုပ်ငန်း ဖြစ်ပါတယ်။ မြန်မာမင်းများလက်ထက်ကတည်းကပဲ ရှေ့နေရှေ့ရပ်ဆိုတာ ရှိခဲ့ကြောင်း ဓမ္မသတ် မှတ်တမ်းမှတ်ရာများအရ ပေါ်လွင်ပါတယ်။ ရှေ့နေ ရှေ့ရပ်တွေဟာ မိမိရဲ့ ဂုဏ်သိက္ခာ အရ အများက လေးစားခြင်းခံရသူတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေး မရမီနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့တဲ့ ရှေ့နေကြီးတွေဟာ ထင်ပေါ် ကျော်ကြားပြီး တော့ ကမ္ဘာကပင် မှတ်ကျောက်တင်ရသော ရှေ့နေကြီးများ ဖြစ်ပါတယ်။ရှေ့နေရှေ့ရပ်တွေရဲ့ ကျင့်ဝတ် သိက္ခာနှင့် စပ်လျဉ်းပြီးတော့ တရားလွှတ်တော်ရှေ့နေများကောင်စီက ၁၉၉၀ ပြည့်နှစ်မှာ ရှေ့နေ ရှေ့ရပ်များရဲ့ ကျင့်ဝတ်သိက္ခာများ တာဝန်နဲ့အခွင့်အရေးများစာအုပ်ကို ပြုစုပြီးတော့ အများပြည်သူ သိရှိစေရန် ထုတ်ဝေခဲ့ပါတယ်။ အဲဒီစာအုပ်မှာ ရှေ့နေရှေ့ရပ်တွေရဲ့လုပ်ငန်းဟာတရားစီရင်ရေးမှာ တရားမျှတ မှန်ကန်မှု ရရှိ ရေးအတွက် အကျိုးဆောင်ပေးရတဲ့ မွန်မြတ်တဲ့ သက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်ကို လုပ်ကို င်ဆောင်ရွက်နေတဲ့ တရားရုံးအရာရှိများ Officers of the Court ဖြစ်ကြောင်း၊ ကျင့်ဝတ်သိက္ခာဆိုတာဟာ ကောင်းမြတ် တဲ့ ကိုယ် ကျင့်တရားပင်ဖြစ်ပြီးတော့ မိမိရဲ့ လုပ်ငန်းအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိ ပြည့်ဝတဲ့သဘောထားနဲ့ ဆောင်ရွက်သူတွေအတွက်တော့ အထူးသတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်မှာမဟုတ်ကြောင်း၊ များစွာသော ရှေ့နေကြီးတွေဟာ မိမိတို့ရဲ့ မွန်မြတ်တဲ့ ရှေ့နေရှေ့ရပ် လုပ်ငန်းတာဝန်တွေကို ရိုသေလေးစားလျက် စောင့်စည်းလိုက်နာအပ်တဲ့ ကျင့်ဝတ်သိက္ခာများကို စောင့်စည်းလိုက်နာကြကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံမှာရှေ့အစဉ်အဆက် ရှေ့နေကြီးများရဲ့ အစဉ်အလာကောင်းများကိုယူပြီးတော့ ကျင့်ဝတ်သိက္ခာတွေ၊ တာဝန်တွေနှင့်

အခွင့်အရေးတွေ ကို သတ်မှတ်ခြင်းဖြစ်ကြောင်း ဖော်ပြ ထားပါတယ်။ ရှေ့နေချုပ်ရုံးအဖြစ် ပေါ်ပေါက်လာပြီးတဲ့နောက်မှာလည်း ဥပဒေပညာရှင်တွေအနေနဲ့ ဥပဒေလုပ်ငန်းနှင့် အသက် မွေးဝမ်းကျောင်းပြုရာမှာ အကျင့်သိက္ခာကို ထိန်းသိမ်းရတဲ့ အလျောက် ရှေ့နေချုပ်ရုံး မှာ ၁၉၉၉ ခုနှစ်၊ The Legal Profession Is A Noble Profession ဆိုပြီးတော့ ဆောင်ပုဒ်ကို သတ်မှတ်ခဲ့ ပါတယ်။ မြန်မာနိုင်ငံမှာ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေတွေဟာ ပြဋ္ဌာန်းဥပဒေ (Statute Law)တွေ ဖြစ်ပါတယ်။ ယင်းတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အခြေခံပြီး ပြဋ္ဌာန်းထားတဲ့ တစ်ဆင့်ခံ ဥပဒေ (Subordinate Law) များလည်း ဖြစ်ပါတယ်။ ရှေ့နေ ရှေ့ရပ်တွေဟာ အဲဒီဥပဒေတွေကို အခြေခံပြီး လိုက်ပါဆောင်ရွက်ကြပါတယ်၊ ပြစ်မှုတွေမှာ လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေရှေ့ရပ်တွေ တရားမမှုတွေမှာ လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေ့ရှေ့ရပ်တွေ၊ Corporate Lawyer ခေါ်တဲ့ ငွေကြေးကိစ္စရပ်တွေ၊ ကုမ္ပဏီကိစ္စရပ်တွေမှာ လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေ့ရှေ့ရပ်တွေ၊ မြေ၊ အိမ်ကိစ္စတွေကို ဆောင်ရွက်ပေးတဲ့ Consultant တွေ၊ Legal Advisor တွေ ရှိပါတယ်။ ပြည်ပ ရှေ့နေရှေ့ရပ်နယ်ပယ်မှာလည်း ဒီလိုပဲ ဆောင်ရွက်နေတာရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ အရ နိုင် ငံတော်မှာ ဈေးကွက်စီးပွားရေး စနစ်ကို ဦးတည်ဆောင်ရွက် နေတာ ရှိပါတယ် ။ ဈေးကွက်စီး ပွားရေးစနစ်နဲ့ အညီ လုပ်ငန်းတွေအတွက် ချုပ်ဆိုတဲ့ စာချုပ်တွေကိစ္စ၊ ကုမ္ပဏီလုပ်ငန်းတွေ ကိစ္စနဲ့ ဆက်စပ်တဲ့ Finance Law တွေ၊ Corporate Law တွေ စတဲ့ ဥပဒေတွေ ကိုလည်း သိရှိရန်လိုအပ်တဲ့အပြင် စာချုပ်စာတမ်းတွေ ချုပ်ဆိုရာမှာ အသုံးပြုရတဲ့ ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေ ၊ မှတ်ပုံတင် ရေး အက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ၊ ကုန်စည်ရောင်းချရေးအက်ဥပဒေ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်း ခြင်းကို ကန့်သတ်တဲ့ ဥပဒေ စတဲ့ ဥပဒေတွေဟာလည်း ကျွမ်းကျင်ဖို့၊ သိရှိဖို့ လိုအပ်ပါ တယ်။ အမှုတွေ လိုက်ပါဆောင်ရွက်ရာမှာ ဥပဒေတွေ၊ စီရင်ထုံးတွေကို ကျွမ်းကျင်စွာသိရှိရန် လိုပါတယ်။ ၎င်းပြင် သက်သေခံအက်ဥပဒေ မှာ ပါရှိတဲ့ အတွင်းရေးဆက်သွယ်စာများ (Confidential Communication) မှာ အကျုံးဝင်တဲ့ ရှေ့နေရှေ့ရပ်နဲ့ အမှုသည်တွေဆက်ဆံရေးကိုလည်း သိရှိဖို့ လိုအပ်ပြီးတော့ ၎င်းတို့ကို သိရှိမှသာလျှင် အဆင့်မီ ရှေ့နေတစ်ဦး ဖြစ်လာမှာ ဖြစ်ပါတယ်၊ မိမိတို့ မြန်မာနိုင်ငံမှာရှိတဲ့ ရှေ့နေရှေ့ရပ်တွေရဲ့ လုပ်ငန်းတွေ ကို Bar Council Act နှင့် Legal Practitonal Act တို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အ ခုအခါမှာ တရားလွှတ်တော် ရှေ့နေများကောင်စီအနေနဲ့ ပြောင်းလဲလာတဲ့ ခေတ်အခြေအနေတွေနဲ့အညီ Bar Council Act

ကို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နေတာ ရှိပါတယ်။ မြန်မာနိုင်ငံမှာ ယနေ့အထိ အများပြည်သူ လေးစားရတဲ့ ဝါရင့်ဥပဒေပညာရှင်များ၊ ထင်ပေါ်သောတရားသူကြီးများ၊ အတွေ့အကြုံရှိတဲ့ ဥပဒေအရာရှိများ၊ ရှေ့နေများ ဦးဆောင်ပြီးတော့ ကျွမ်းကျင်ရာ ဘာသာရပ်အလိုက် ဟောပြောပွဲတွေကို အခါအားလျော်စွာ ပြုလုပ်လျက်ရှိပါတယ်။ ဒါတွေဟာ Workshop အသွင်ဆောင်တယ်လို့ပဲ ဆိုရမှာ ဖြစ်ပါတယ် ။ ရှေ့နေရှေ့ရပ်တွေအနေနဲ့ ရှေး အခါက Lower Grade Pleader, Higher Grade Pleader နဲ့ Advocate ဆိုပြီး ရှိခဲ့ပေမယ့်လို့ ဒီကနေ့ခေတ်မှာတော့ Higher Grade Pleader နဲ့ Advocate ဟူ၍သာ ရှိပါတယ်။ HGP တစ်ဦးအဖြစ် ပေါ်ပေါက်လာရေးရဲ့ အတတ် ပညာပိုင်းမှာ ပထမဆုံး လိုအပ်ချက်ဟာ သတ်မှတ်တဲ့ ပညာအရည်အချင်း၊ ဘွဲ့၊ ဒီဂရီ ရရှိပြီးသူ ဖြစ်ရပါမယ်။ သတ်မှတ်ထားတဲ့ ဘွဲ့၊ ဒီဂ ရီ ရပြီးသူ တစ်ဦးဟာ တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၅)နှစ် လုပ်သက်ရှိပြီးတဲ့ ဝါရင့်ရှေ့နေ (Senior Lawyer ) ထံမှာ တစ်နှစ်အထိ အလုပ်သင်ကြားရပါတယ် ။ Chamber Master နှင့် Chamber Student - ဆရာနဲ့တပည့်အဖြစ် ရင်အုပ်မကွာ ရှေ့နေအတတ် ပညာတွေကို သင် ရပါတယ်။ အလုပ်သင်ရှေ့နေ (Chamber Student ) တစ်ဦးအနေနဲ့ သင်ယူရတဲ့ အဓိကပညာရပ် တွေမှာ ရှေ့နေအတတ်ပညာ (Advocacy) နဲ့ တရားခွင်ကျင့်ဝတ် (Court Etiquettee) တို့ ပါဝင်ပါတယ်။ တက္ကသိုလ်က ဥပဒေဘွဲ့ရရှိပြီးတော့ ဥပဒေအရာရှိအဖြစ် စတင်ခန့်ထား ခံရ တဲ့သူတွေ၊ တရားသူကြီးအဖြစ် စတင်ခန့်ထားခံရတဲ့သူတွေကတော့ အလုပ်မဝင်မီ လုပ်ငန်းခွင်ဝင် သင်တန်းတွေမှာ တရားခွင်ကျင့်ဝတ် (Court Etiquettee) တွေကို လေ့ကျင့်သင်ကြားကြရပါတယ် ။ ဥပဒေအရာရှိများ လုပ်ငန်းခွင်ဝင် သင်တန်းတွေမှာတော့ ရှေ့နေအတတ်ပညာ (Advocacy) ကိုပါ တစ်ပါတည်း လေ့ကျင့်သင်ကြားပေးပါတယ် ။ အဆိုပါ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေဟာ အထက်အဆင့်ဆင့်ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ မိမိရဲ့ လုပ်ငန်းဖြစ်တဲ့ အမှုစစ်ဆေးခြင်း ၊ စီရင်ခြင်းတွေကို ဆောင်ရွက်ခြင်းဖြင့် Chamber Student တစ်ဦးကဲ့သို့ ရှေ့နေအတတ်ပညာကို လေ့လာသင်ကြားတဲ့ သဘောဖြစ်ပါတယ်။ ယင်းတို့ တာဝန်ထမ်းဆောင်တဲ့ကာလကို Chamber Reading ကာလအဖြစ် ရေတွက်ပါတယ်။ ပြင်ပဥပဒေ ဘွဲ့ရများမှာမူ လက်တွေ့ တရားခွင်သင်ခန်းစာတွေ၊ တရားခွင်ကျင့်ဝတ်တွေ လေ့လာသင်ကြားဖို့ အထက်ဖော်ပြပါ သင်တန်းမျိုး မရှိနိုင်တဲ့အတွက် ဝါရင့်ရှေ့နေကြီးတစ်ဦးရဲ့ သင်ကြားဆုံးမမှုဖြင့် တရားခွင်အသီးသီးကို သွားရောက်ကာလေ့လာသင်ကြားကြရပါတယ်။ သတ်မှတ်တဲ့ Chamber Reading ကာလစေ့ရောက်တဲ့

အခါမှာ တရားသူကြီးများ၊ ဥပဒေအ ရာရှိများ၊ အလုပ်သင်ရှေ့နေများဟာ အထက်တန်းရှေ့နေ အသိအမှတ်ပြုလွှာ လျှောက်ထားခွင့် ရရှိနိုင် မှာ ဖြစ်ပါတယ်။ Chamber Student တစ်ဦးဟာ ရှေ့နေကောင်းတစ်ဦး ဖြစ်လာစေရေးအတွက် Chamber Master က ကောင်းစွာလေ့ကျင့် ပျိုးထောင်ပြီးတဲ့နောက်မှာ သက်တမ်း တစ်နှစ် ကြာတဲ့အခါမှာ Master ရဲ့ ထောက်ခံချက်၊ ဆိုင်ရာတရားခွင်များရဲ့ ထောက်ခံချက်များပြည့်စုံမှသာ အထက်တန်းရှေ့နေတစ်ဦးအဖြစ် တရားလွှတ်တော်ချုပ်က အမှုလိုက်ပါခွင့် ပေးပါတယ်။ အထက်တန်းရှေ့နေတစ်ဦးအဖြစ် (၃)နှစ်(၃)မိုးလိုက်ပါဆောင်ရွက်ပြီးမှသာ သတ်မှတ်တဲ့ပညာအရည်အချင်း ပြည့်စုံတဲ့သူဟာ လုပ်သက်(၁၀)နှစ်ရှိတဲ့ တရားလွှတ်တော် ရှေ့နေ (၂)ဦးရဲ့ ထောက်ခံချက်နဲ့ အတူ Advocate တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းပေးဖို့ လျှောက်ထားခွင့်ရှိပါတယ်။ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့် နည်းဥပဒေများ၊ နည်းဥပဒေ(၁)၊ နည်းဥပဒေခွဲ(ခ)အရ ရန်ကုန်တက္ကသိုလ်က ဥပဒေဝိဇ္ဇာဘွဲ့ ရရှိသူ ဒါမှမဟုတ် ပညာရေးဝ န်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်တစ်ခုခုက ဥပဒေဘွဲ့ရရှိသူ ဒါမှမဟုတ် မှတ်ပုံတင်ရှေ့နေသင်တန်း အောင်မြင်ပြီးသူ ဒါမှမဟုတ် ဒီအရည်အချင်းတွေနဲ့ အဆင့်အတန်း တူညီတယ်လို့ ပညာရေးဝန်ကြီးဌာနက သတ်မှတ်တဲ့ စာမေးပွဲအောင်မြင်ပြီးသူများကို တရားလွှတ်တော်ရှေ့နေအ ဖြစ် ဝင်ခွင့်ပြုနိုင်ပါတယ်။ ရှေ့နေတွေမှာ ဝါစဉ်သတ်မှတ်ချက် ရှိပါတယ်။ လိုင်စင်နံပါတ်ငယ်သူကို လိုင်စင်နံပါတ်ကြီးသူက ဦးစားပေး ရပါတယ်။ တရားလွှတ်တော်တွေမှာ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်များမှာ အမှုရင်ဆိုင် လျှောက်လဲရန် နေရာယူကြတဲ့ အခါမှာ ရှေ့နေရှေ့ရပ်တွေရဲ့ ဝါစဉ်အရ နေရာယူကြရပါတယ်။ ဒီလို သတ်မှတ်ထားခြင်းဟာ ဝါစဉ်အရ ရိုသေလေးစားမှုကို ပြသရာရောက်ပြီးတော့ အဆင့်ဆင့် ဆုံးမညွှန်ပြနိုင်ဖို့လည်း ဖြစ်ပါတယ်။ ရှေ့နေရှေ့ရပ်လုပ်ငန်းမှာ အမှုတစ်ရပ်ချင်းစီရဲ့ အကြောင်းချင်းရာ အချက်အလက်၊ ဥပဒေအချက်အလက် တွေကို မူတည်ပြီးတော့ လိုက်နာကျင့်သုံး ဆောင်ရွက်ရ တာ ဖြစ်တဲ့အတွက်ကြောင့် တသမတ်တည်း မူဘောင်ချပြီးတော့ စည်းကမ်းသတ်မှတ်ဖို့တော့ မလွယ်ကူပါ ခင်ဗျား။ အသက် မွေးမှု သဘာဝအရ ကြီးသူက ငယ်သူကို အဆင့်ဆင့် သင်ကြားဆုံးမခြင်းဖြင့် ထိန်း ကျောင်းကာ Noble Profession အဖြစ် တည်ဆောက်ယူရတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ အရည်အချင်း ပြည့်ဝတဲ့ ရှေ့နေများ ပေါ်ထွန်းလာရေး အဆိုပြုချက်နှင့် စပ်လျဉ်း ပြီးတော့ အရည်အချင်း ဆိုတာဟာ ဥပဒေ တတ် ကျွမ်းမှု၊ စိတ်ထား ကောင်းမွန်မှန်ကန်မှု၊ ကျင့်ဝတ် သိက္ခာ လိုက်နာ

စောင့်စည်းမှုတို့ပဲ ဖြစ်ပါတယ်၊ ဥပဒေမဏ္ဍိုင် ကြံ့ခိုင်ဖို့အတွက် ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်များ၊ အရည်အချင်း ပြည့်ဝတဲ့ ရှေ့နေ့ရှေ့ရပ်များ ဖြစ်ဖို့ဆိုရာ မှာ အထက်ပါ အချက်များနဲ့ ညီညွတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပဒေနယ်ပယ်မှာ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ၎င်းမှာ Latin ဘာသာ စကားဖြင့် Ignorantia juris non execusat အင်္ဂလိပ်ဘာသာနဲ့တော့ Ignorance of Law is no excuse ဆိုတဲ့ ဥပဒေကို မသိနားမလည်၍ ပြုလုပ်မိခြင်းကို ဥပဒေက ခွင့်မလွှတ် ဆိုတဲ့ ဆိုရိုးစကားပဲ ဖြစ်ပါတယ်။ ဒီ ဆိုရိုးစကားအရ ဥပဒေကို မသိနားမလည်၍ ပြုလုပ်မိခြင်း ဖြစ်ပါတယ်လို့ ခုခံချေပနိုင်ခွင့် မရှိတဲ့အတွက်ကြောင့် ရှေ့နေရှေ့ရပ်တွေအနေနဲ့ ဥပဒေတွေကို အများပြည်သူ သိရှိနိုင်စေရန် ဖြန့်ဖြူးပေးသင့်ပါတယ်။ ဒီလို ဖြန့်ဖြူးပေးနိုင်ဖို့အတွက်လည်း ရှေ့နေရှေ့ရပ်များကိုယ်တိုင် အရည်အချင်း ပြည့်ဝဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့သော အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရလျှင် လွပ်လပ်ရေးရပြီးစဉ်ကစ ပြီးတော့ တရားသူကြီးချုပ်၊ တရားရေးဝန်ကြီးများ၊ ရှေ့နေချုပ်၊ အစိုးရရှေ့နေများနဲ့ တရားလွှတ်တော် ရှေ့နေတွေဟာ တရားရေးရာ တာဝန်တွေ ကို ဆောင်ရွက်ခဲ့ ကြပါတယ်။ ဒီ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ တာဝန်ရှိပြီးတော့ မွန်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းပညာကို ဆက်လက် ပျိုးထောင်ပေးဖို့၊ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အတွေ့အကြုံနုတဲ့ ရှေ့နေရှေ့ရပ်တွေ ပညာ ပြည့်ဝစေဖို့ ဝါရင့်တဲ့ ပညာရှိရှေ့နေကြီးများက မိမိတို့ရဲ့ အတွေ့အကြုံနဲ့ ပညာရပ်တွေကို ဟောပြောပွဲများ ပြုလုပ်၍ ဖြန့်ဝေရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုခဲ့တဲ့ နိုင်ငံတော်သစ် တည်ဆောက်ရာမှာ တစ်ထောင့် တစ်နေရာမှ အကျိုးပြုပါဝ င်နိုင်ရေးအတွက် ရှေ့နေများအသင်းအလုပ်မှုဆောင်အဖွဲ့ကို ယခင်ကထက် ပိုပိုပြင်ပြင် ဖွဲ့စည်းဆောင်ရွက်ရေး ကိစ္စဟာလည်း Bar Council Act ကို ပြင်ဆင်ဖို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်က တာဝန်ရှိ ပုဂ္ဂိုလ်များအနေနဲ့လည်း ရှေ့နေရှေ့ရပ်များနှင့်ပတ်သက်ပြီး အခါအားလျော်စွာ လမ်းညွှန် ပြောကြားလျက်ရှိပါတယ်။ တရားစီရင်ရေးရဲ့ အဓိက ဦးတည်ချက်ဟာအမှန်တရား ပေါ်ပေါက်ရေး ဖြစ်ပါတယ်။ ရှေ့နေရှေ့ရပ်တွေဟာ တရား စီရင်ရေးကဏ္ဍမှာ တစ်ဖက်တစ်လမ်းမှ ပါဝင် ဆောင်ရွက်နေကြရသူများ ဖြစ်တဲ့အလျောက် ယင်းတို့ရဲ့ အရည်အချင်း ပြည့်ဝတာနဲ့အမျှ တရား စီရင်ရေးရဲ့ ဦးတည်ချက်ဖြစ်တဲ့ အမှန်တရား ပေါ်ပေါက်ရေးကို အထောက်အကူပြု နိုင်ကြမှာ ဖြစ်ပါတယ်။ ရှေ့နေ ရှေ့ရပ်များဟာ ဥပဒေပညာ အရည်အချင်း ပြည့် ဝရုံမျှမက ရှေ့နေတစ်ဦး လိုက်နာရမယ့် ကျင့်ဝတ်သိက္ခာတွေနဲ့လည်း ကျင့်ကြံဆောင်ရွက်ကြသူများလည်းဖြစ်ဖို့လိုပါတယ်။

ဒီလို ရှေ့နေကောင်းတစ်ယောက်ရဲ့ အရည်အချင်းများနှင့် ပြည့်ဝတာနဲ့အမျှ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေး ဖြစ်ထွန်းစေဖို့လည်း အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေး အတွက် အစီ အမံများ ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်း ရဲ့ အဆိုမှာ ပါရှိတဲ့ အချက်တွေဟာ ယခုအခါမှာ လက်တွေ့ဆောင်ရွက်လျက်ရှိပြီးတော့ ဆက်လက်၍လည်း အကောင် အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက်ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးဦးမောင်အေးထွန်းနဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆိုင်ပေါင်းနပ် တို့ တင်ပြသလိုပဲ အဆိုကို မှတ်တမ်းတင်ထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးဉာဏ်လင်း ရဲ့ သဘောထားကို တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရဲ့ အဆိုနဲ့ပတ်သက်ပြီး ပြန်လည် ဖြေရှင်းဆွေးနွေးပေးတဲ့ ဒုတိယ ရှေ့နေချုပ် နဲ့ ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင် ပြလိုပါတယ်။ ဒုတိယရှေ့နေချုပ် ရဲ့ ပြန်လည်ရှင်းလင်းချက်များအရ ကျွန်တော်ရဲ့ အဆိုကို လွှတ်တော်မှတ်တမ်းအဖြစ် မှတ်တမ်းတင်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ ကာယကံရှင် ရဲ့ဆန္ဒအရ ဦးဉာဏ်လင်းရဲ့အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ဝန်ထမ်းအဖွဲ့အစည်းအချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီးနိုင်ငံ့ဝန်ထမ်း များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင် အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင် အာရှစံဖြစ်ရေးလုပ်ဆောင်ရန် ပြည်ထောင်စု အစိုးရအား တို က်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် တင်သွင်းထားသည့် ဝန်ထမ်းအဖွဲ့အစည်းအချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျ ပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်း များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံ တကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှ စံဖြစ်ရေး လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက အမည်စာရင်း တင်သွင်း ထားပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၁။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် အကြောင်းအရာကတော့ ဒေါက်တာအေးမောင် ရခိုင်ပြ ည်နယ် မဲဆန္ဒနယ်အမှတ်(၁)ရဲ့ ဝန်ထမ်းအဖွဲ့အစည်း အချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျ ပြုလုပ်ပြီး နိုင်ငံ့ ဝန်ထမ်း များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ ၊ လစာနှုန်းထားများကို

နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံ ဖြစ်စေရေး လုပ်ဆောင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒေါက်တာအေး မောင် ဆွေးနွေးသွား တဲ့ အချက်အလက်များက နိုင်ငံတော်အစိုးရအဖွဲ့အသီးသီးမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်နေတဲ့၊ ဆက်လက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်များ ဖြစ်ပါတယ်ခင်ဗျား။

ယခင် တပ်မတော်အစိုးရ လက်ထက်ကတည်းက နိုင်ငံတော်အတွက် လုပ်ငန်းစဉ်များ၊ တပ်မတော်အစိုးရ လက်ထက်ကတည်းက နိုင်ငံတော်အတွက် အထူးလိုအပ်တဲ့ Infrastructure များကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ယခု အစိုးရလက်ထက် နိုင်ငံတကာအဆင့်မီ အဆင့်ကျော်လွန် သွားအောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်များလည်းဖြစ်ပါတယ်ခင်ဗျား။ ယခင် တပ်မတော်အစိုးရ လက်ထက်ကတည်းက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မတီကို ဖွဲ့စည်း ပြီးတော့ အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စက်ရုံများ၊ အလုပ်ရုံများနှင့် လုပ်ငန်းများကို လွှဲပြောင်းပေးခဲ့ပြီး အဖွဲ့အစည်းများကိုလည်း ဖျက်သိမ်းခြင်း၊ ချုံ့ခြင်းများကို ဆောင်ရွက်ကြ သလို ဒီနေ့ အစိုးရ လက်ထက်မှာလ ည်း ဆက်လက်ပြီး အရှိန်အဟုန် နဲ့ လုပ်နေတာကိုလည်း တွေ့နေရပါတယ် ခင်ဗျား။ ဥပမာအားဖြင့် ပို့ဆောင်ရေးဝန် ကြီးဌာနအောက်မှာရှိတဲ့ လေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပြီး ဖြစ်သလို စက်မှုဝန်ကြီးဌာနမှာရှိတဲ့ စက် ရုံအကြီးစား၊ စက်ရုံအသေးစား ပေါင်း (၁၀၀)ကျော် ကိုလည်း ဇီးရိုးစက်ရုံ၊ ဇီးရိုး အဆင့်ထိ ရောက်အောင် လွှဲပြော င်း၊ ရောင်းချ၊ ငှားရမ်းမှုများကို ဆက်လက် လုပ်မယ်ဆိုပြီးတော့ စက်မှုဝန်ကြီးဌာနကနေ ဆောင်ရွက် နေတာကိုလည်း ကျွန်တော် တွေ့ရှိရ ပါတယ်။ ခေတ်မီ ဖွံ့ဖြိုးပြီး နိုင်ငံတွေဟာဆိုလို့ရှိရင် စီး ပွားရေးလုပ်ငန်းများကို ပုဂ္ဂလိက အား ဆောင်ရွက်စေပြီးတော့ အောင်မြင်မှုရရှိလာအောင်လည်း ကူညီဆောင်ရွက်ပေးနေကြတာ တွေ့ရ ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများအောင်မြင်လျှင် တိုင်းပြည်တိုးတက်ပြီးတော့ နိုင်ငံချမ်းသာလာမှာ ဖြစ်သလို တစ်ဦးချင်းလည်း လူနေမှုအဆင့်အတန်းမြင့်မားလာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်နိုင်ငံ ချမ်းသာတယ်ဆိုတာ အစိုးရချမ်းသာတာကို ပြောတာ မဟုတ်ပါဘူးခင်ဗျား။ ပြည်သူ/ပြည်သားများ ချမ်းသာမှ တိုင်းပြည် ချမ်းသာမှာ ဖြစ်ပါတယ်။ တစ်ဦးချင်း ချမ်းသာလာလျှင် အစိုးရအနေဖြင့် အခွန်အကောက်များ ကောက်ခံပြီး နိုင်ငံတော် အတွက် လိုအပ်တဲ့ Infrastructure များ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့

အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ နိုင်ငံကို အမေရိကန်၊ ဥရောပ နောက်တော့ ကျွန်တော် များနှင့်တကွ ကျွန်တော်တို့ အာရှနိုင်ငံများရဲ့ ထိပ်သီးဖြစ်တဲ့ ဂျပန်၊ ကိုရီးယား အပါအဝင် နိုင်ငံ များမှ စီးပွားရေး အဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍ အသီးသီးကို ဝင်ရောက်နေပြီ ဖြစ်ပါတယ်။ ဒီအချိန်မှာ နိုင်ငံတော်အစိုးရပို င်းကလည်း ကျွန်တော်တို့ မစ္ဆရိယ စိတ်ကင်းကင်းနဲ့ မုဒိတာ ပွားပြီးတော့ ရှုံးနေတဲ့လုပ်ငန်းများကို လွှဲပြောင်းလု ပ်ကိုင်စေပြီး ရရှိလာတဲ့ အကျိုး အမြတ်များကို လိုအပ်နေသေးတဲ့ ရေ၊ မီး၊ လမ်း အပါအဝင် Infrastructure များကို ဆောင်ရွက်ရမှာ ဖြစ် ပါ တယ်ခင်ဗျား။ အုပ်ချုပ်မှုစနစ်ဟာ တြိဂံ ပုံစံဖြစ်တဲ့အတွက်ကြောင့် အောက်ခြေ စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေး အဖွဲ့အစည်းများ လွှဲပြောင်းပြီးလို့ရှိရင်လည်း အပေါ်မှာ ကျန်နေသေးတဲ့ ရုံးဝန်ထမ်း အဖွဲ့အစည်း များကိုလည်း ကျွန်တော်တို့ ပြန်လည်စဉ်းစားပြီးတော့ ချုံ့တာတွေ၊ လျှော့တာတွေ ရဲရဲတင်းတင်း ဆောင်ရွက် သွားရမယ့် အချိန်လည်း ဖြစ်ပါတယ် ခင်ဗျား။ ဒီကာလကတော့ မိမိရဲ့ အစိုးရဝန်ထမ်းများကိုလည်း ထိုက်ထိုက်တန်တန် လုံလုံလောက် လောက်နဲ့ ခံစားခွင့်၊ ရပိုင်ခွင့် များကို သတ်မှတ်ပြီး လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်း ထိထိ ရောက်ရောက် ပေးပြီးတော့ တာဝန်ကျေရင် ကျေသလို ချီးမြှင့်မြှောက်စားပြီးတော့ တာဝန်မကျေရင် မကျေသလို မမှန်မကန်မှု များကို ဖော်ထုတ်အရေးယူသွားရမယ့်အချိန်လည်း ဖြစ်ပါတယ်ခင်ဗျား။ အလုပ်လက်မဲ့ ဖြစ်သွားမယ့် ပြဿနာကို တွေးပြီးတော့ ကြောက်စရာလိုနေတဲ့ကာလလည်း ဖြစ်ပါတယ်ခင်ဗျာ။ မကြာခင်မှာ ပြည်တွင်းပြည်ပက စီးပွားရေးလုပ်မယ့် အဖွဲ့အစည်းများ ဝင်ရောက်လာတဲ့အခါမှာ ကျွမ်းကျင် ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများနဲ့ အထွေထွေ လုပ်သားများ အမြောက်အမြား လိုမှာဖြစ်တဲ့ အပြင်ကို ပြည်ပမှာ အလုပ်သွားရောက် လုပ်ကိုင် နေကြတဲ့ မြန်မာတိုင်းရင်းသား (၃)သန်းကျော် ဟာလည်း မြန်မာနိုင်ငံကြီး ခေတ်မီတိုးတက်ဖို့ကို လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်း အသစ်များ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ချုံ့သင့်တာ ချုံ့၊ လျှော့သင့်တာ လျှော့ပြီးတော့ နိုင်ငံတော်ရဲ့ ရှုံးနေတဲ့လုပ်ငန်းများကို ပြန်လည် မြတ်အောင် ပြုလုပ်ဖို့လိုပါတယ်။ အစိုးရဝန်ထမ်းများကိုလည်း ထိုက်ထိုက်တန်တန် လစာများ ပေးဖို့ အလွန်အရေးကြီးတဲ့ကာလ အချိန်ရောက်နေပါပြီခင်ဗျား။ ပြင်ပကုမ္ပဏီများ၊ အဖွဲ့အစည်း များကပေးတဲ့ လစာ၊ အဆောင်အယောင် လုပ်ပိုင်ခွင့်များဟာ ဝန်ကြီးဌာနများကပေးတဲ့ လစာထက် အလွန်များနေတဲ့အတွက် ထိုက်ထိုက် တန်တန် မပေးလို့ရှိရင် အရည်အချင်းရှိတဲ့ ဝန်ထမ်းများက တစ်စ တစ်စနှင့် နိုင်ငံတော် အဖွဲ့အစည်း များမှာ လျော့နည်းလာပြီးတော့ ပြင်ပကုမ္ပဏီများ

အဖွဲ့အစည်းများသို့ ရောက်သွားနိုင်ပါတယ်ခင်ဗျား။ ဌာနအနေနဲ့လည်း အခက်အခဲများ ကြုံလာနိုင်ပါတယ်။ ဒါကြောင့် Quality ဝန်ထမ်းများရဖို့အတွက်၊ ဌာနမှာ ကျန်ဖို့အတွက် ထိုက်တန်တဲ့ ရပိုင်ခွင့်များ ပေးရမှာလည်း ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ဆောင်ရွက်ဆဲဖြစ်တဲ့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရမယ့် ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် အရေအတွက် Quantity မှ အရည် အချင်း Quality ဆက်လက်ဆောင်ရွက်သွားပါလို့ အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၇။**

**ဦးမန်းကံညွန့် ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြ ည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေး တင်ပြသွားမှာကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှ တ်တော် ကိုယ်စားလှယ် ဒေါက်တာ အေးမောင် ရဲ့ အဆို ဝန်ထမ်းအဖွဲ့အစည်း အချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်လုပ်ပိုင်ခွင့်၊ ရပို င်ခွင့်နှင့် အဆောင် အယောင်များ ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီး ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့် အဆို ကို ဖတ်ကြားဆွေးနွေးခွင့်ပြုပါ။ ကျွန်တော် ကြိုတင် ပန်ကြားပါရစေ။ ကျွန်တော်သည် ဖေဖေ တပ်မတော်သား အခြားအဆင့်မှ မွေးဖွားသော တပ်မတော်သားမျိုးဆက် ဖြစ် ပါတယ်။ ငယ်ငယ်ကတည်းက (၆)ခန်းတွဲ လိုင်းမှာပဲ မွေးဖွား ကြီးပြင်းခဲ့ပြီး (၁၀)တန်းအောင် တော့ တပ်မတော်ထဲဝင် (၃၅)နှစ်တာဝန်ထမ်းဆောင်ပြီး အခု ၂၀၁၀ ရွေးကောက်ပွဲမှ တပ်မတော်မှ ထွ က်ခဲ့တာမို့ အရပ်သားလောကမှာ

(၂)နှစ် မပြည့်သေးပါဘူး။ ဒါကြောင့် စကားပြောတဲ့အခါ သွယ်ဝိုက်ပြီး မပြောတတ်ပါဘူး။ ချစ်ရင် ချစ်တယ်။ မုန်းရင် မုန်းတယ်။ သဘောကျရင် ထော က်ခံမယ်။ သဘောမကျရင် ကန့်ကွက် မယ် ဆိုတဲ့ စိတ်ထားမျိုးမို့ သဘော မကျတဲ့ကိစ္စ တစ်ခုကို ကန့်ကွက်ဆွေးနွေး တဲ့အခါ အမှားပါလေ မလားလို့ စိုးရိမ်ပါတယ်။ ဒါကြောင့် အမှားပါရင် ခွ င့်လွှတ်ဖို့ ကြိုတင်တောင်းပန် ပါတယ်။ မှားခဲ့လို့ ဥက္ကဋ္ဌကြီးက ဆုံးမခဲ့ရင်လည်း ကျိုးနွံစွာ နာခံပါ့မယ်လို့ တင်ပြပါတယ်။ ထပ်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုရှင်ကိုလည်း ပန်ကြားလိုပါတယ်။ အဆိုရှင်နဲ့ ကျွန်တော်သည် ယခင်က မသိဘူး။ မတွေ့ဘူး။ မဆက်ဆံဘူးပါ။ ပုဂ္ဂိုလ်ရေး အာဃာတ မရှိခဲ့ပါ။ ဒါကြောင့် အဆို ရှင်ရဲ့ အဆိုပေါ်တွင်သာ ပြည်သူတို့၏အကျိုးကိုလိုလား၍ ကျွန်တော် ယုံကြည်သည့်အတိုင်း ဆွေးနွေးမှာ ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ သဘောထား နဲ့ ဆန့်ကျင်နေခဲ့ရင် ဒီမိုကရေစီ စိတ်ထားနှင့် နားလည် ပေးပါလို့ ပန်ကြားချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာအေးမောင် ရဲ့ အဆိုမှာ အပိုင်း (၂)ပိုင်း တွေ့ရပါ တယ်။ တစ်ပိုင်းက ဝန်ထမ်းအဖွဲ့အစည်း အချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်း ဆိုတာကို ကျွန်တော် ကန့်ကွက်ပါတယ်။ ဒုတိယ တစ်ပိုင်းဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထား များကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှ စံ ဖြစ်ရေးဆိုတဲ့ အဆိုကို လက်ခံ သဘောတူပါသော်ငြားလည်း အချိန်မကျသေး၊ စောလွန်းသေးတယ်လို့ မြင်တဲ့အတွက် လုပ်သင့် လုပ်ထိုက်သော်လည်း လမပြည့်မီ မီးဖွားတဲ့ သားသည်မိခင်လို အန္တရာယ်ရှိနိုင်ကြောင်း သတိပေး လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းအဖွဲ့အစည်းဖြစ်ဖြစ်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဖွဲ့အစည်းဖြစ်ဖြစ် အဖွဲ့အစည်းတစ်ခု စတင်ထူထောင်ပြီဆိုရင် ဖွဲ့စည်းပုံနဲ့ တာဝန်ဟာ အရေးအကြီးဆုံး အသက်ဖြစ်ပါတယ်။ မဖွဲ့စည်းခင်ကပင် ဖွဲ့ စည်းပုံကို ပညာရှင်များ၊ လုပ်ငန်း ကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသောသူများ ပါဝင်တဲ့ အဖွဲ့နှင့် အကြိမ်ကြိမ် အကြမ်းရေးဆွဲ၊ ပြင်ဆင်ရေးဆွဲ၊ ဆွေးနွေးညှိနှိုင်းရေးဆွဲ ဘက်စုံ၊ ထောင့်စုံက လေ့လာဝေဖန်ပြီးမှ ချို့ယွင်းချက်၊ အားနည်းချက် မရှိဘူးလို့ ဆုံးဖြတ်ပြီဆိုမှ အတည် ပြုရတာဖြစ်ပါတယ်။ အတည်ပြုပြီး ရင်တော့ ဒီဖွဲ့စည်းပုံကို စိတ်ကူးထဲမှာ ဖြစ်ပေါ်တိုင်း ပြင်ချင်သလို ပြင်လို့မရအောင် ကာကွယ်ထားပေး ရပါတယ်။ အချိန်အခါ ခေတ်အခြေအနေ နဲ့အညီ ပြင်ဆင်ဖို့ လိုအပ်လာရင် လည်း ပြင်ဆင်ရ

ပါမယ်။ သို့ရာတွင် ပြင်ဆင်ဖို့ အချိန်တန်ပြီလား။ ပြင်ဆင်ဖို့ အသင့်ဖြစ်ပြီလား။ ပြင်ဆင်ခဲ့သော် ဘယ်လိုဆိုးကျိုးတွေ ရှိလာမလဲ။ အဖက်ဖက်က စဉ်းစားသုံးသပ်ပြီး ပြင်သင့်မှ ပြင်ရပါမယ်။ ဒါကြောင့် လွယ်လွယ်ပြင်လို့မရအောင် အကာအကွယ် ပေးထားရတယ်ဆိုတာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို သေသေချာချာ လေ့လာ ဖတ်ရှုရင် သဘော ပေါက်မှာပါ။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တိုင်တည်ပြီး ကတိသစ္စာ ၊ ကျမ်းသစ္စာပြုခဲ့သော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွယ်လွယ်ပေါ့ပေါ့တွေးပြီးလုပ်ရင် ကတိသစ္စာပျက်ပါတယ်။ ဒီလိုပါပဲ ဝန်ထမ်းအဖွဲ့အစည်းတွေကို ဖျက်လိုက်ပါ၊ ချုံ့လိုက်ပါ၊ ချဲ့လိုက်ပါ၊ အသစ်ပြင်ဖွဲ့ လိုက်ပါလို့ တောင်းဆိုနေတာတွေဟာ မှန်ကန်ပါရဲ့လား၊ သဘာဝကျပါရဲ့လားလို့ ကျွန်တော် မေးချင်ပါတယ်။ အဖွဲ့အစည်းတစ်ခု ဖျက်သိမ်းမယ်၊ ဝန်ထမ်းအဖွဲ့အစည်းတစ်ခု ဖျက်သိမ်းမယ် ဆိုရင် ဒီ အဖွဲ့အစည်းက ဝန်ထမ်းတွေကို မနက်ဖြန်အလုပ်မ ဆင်းနဲ့ အိမ်ပြန်တော့လို့ ပြောရုံ နဲ့ မရပါဘူး။ အဲဒီဝန်ထမ်းတွေရဲ့ စားဝတ်နေရေးဆက်လက်ရပ်တည်ဖို့ သူ့ကိုမှီခိုနေတဲ့ သားသမီးများ၊ သက်ကြီးရွယ်အိုများကို ဘယ်လိုဆက်လက် လုပ်ကျွေးမလဲဆိုတာ ပြင်ဆင်ထားရပါမယ်။ ပြင်ဆင် မထားဘဲ ဖျက်သိမ်းရင် အဲဒီဝန်ထမ်းတွေ ဒီမိုကရေစီ နည်းလမ်းနဲ့အညီ စုရုံးဆန္ဒပြ တောင်းဆို ပါလိမ့်မယ်။ ပို မိုပြင်းထန်လာခဲ့သော် တိုင်းပြည်ရဲ့ အုပ်ချုပ်မှုယန္တရားကြီး ရပ်ဆိုင်းသွားတဲ့အထိ ဖြစ်လာနိုင် ပါတယ်။ အဲဒီအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျောက်ဆုံးပြီး ပျော က်ဆုံးတဲ့အထိ ဖြစ်လာ မယ်ဆိုတာကို သတိပြုဖို့ လိုပါတယ်။ ချုံ့ခြင်းဆိုတာနဲ့ အချို့သော ပိုလျှံလာမယ့် ဝန်ထမ်း တွေကို အလုပ်က ထုတ်ပစ်ရတော့မယ်။ အဆိုရှင်ကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးချင်ပါတယ်။ ဝန်ထမ်း လုပ်ဖူးပါသလား။ ဝန်ထမ်းလုပ်ဖူးခဲ့ရင် ဖျက်သိမ်းခံရသော ၊ ရွှေ့ပြောင်းခံရသော ဝန်ထမ်းဘဝ ခံစားဖူးပါသလား။ ခံစားဖူးရင် ပျော်ရွှင်ခဲ့ပါသလား။ စိတ်နာခဲ့ပါသလား။ သားစဉ် မြေးဆက် စိတ်အနာတရ ဖြစ်ဖူးခဲ့ပါသလားလို့ မေးချင်ပါတယ်။ ပြဿနာတစ်ရပ်ကို စဉ်းစားမယ် ဆိုရင် ကိုယ်ချင်းစာစိတ်ကို အရင်မွေးပါ။ ကိုယ်နဲ့နှိုင်းပြီး ကောင်းရင် လုပ်ဖို့ အကြံပြုပါ။ မကောင်းဘူးဆိုရင် အကောင်းဆုံးလုပ်နိုင်ဖို့ နည်းလမ်းရှာပြီး နည်း လမ်းရမှ နည်းလမ်းနှင့်တကွ တင်ပြသင့် တယ်ဆိုတာကို အဖွဲ့အစည်း အကြီးအကဲတစ်ဦးအဖြစ် တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်တိုင်း သိပါတယ်။ မသိရင်တော့ အရည်အချင်း ပြည့်ဝတဲ့ အကြီးအကဲတစ်ဦးဖြစ်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ကျွန်တော်တို့ ရွေးတင်လိုက်တဲ့အစိုးရ လုပ်သက်တစ်နှစ် မပြည့်သေးပါဘူး။ မတ်လ ၃၁ ရက်နေ့ မှ တစ်နှစ်ပြည့်မှာပါ။ တစ်နှစ်သား အစိုးရအပေါ် တောင်းဆိုမှုတွေ များမနေဘူးလား။ လွှတ်တော်

ကိုယ်စားလှယ်များ ဖြစ်ချင်တာတွေ များမနေဘူးလား။ ကို ယ်ကိုတိုင် အစိုးရဖြစ်ခဲ့ရင် ဒီ တောင်းဆိုမှုဒဏ်တွေကို ခံနိုင်မှာလား။ ကျွန်တော်တို့ လက်ရှိရရှိထားတဲ့ဘဝဟာ ကျွန်တော်တို့ ဘဝပါပဲ ။ ကောင်းကောင်းဆိုးဆိုး လက်ခံရပါမယ်။ အဆိုးဆုံးအခြေအနေ ဖြစ်ခဲ့ရင်လည်း အကောင်းဘက်ကို တဖြည်းဖြည်းချင်း ညင်သာစွာ သင့်လျော်သော အချိန်ယူ ကူးပြောင်းရပါ မယ်။ ဆန္ဒစောလို့ မဖြစ်ပါဘူး။ ယခု လက်ခံရတဲ့ အခြေအနေတွေဟာ သိပ်ဆိုးနေပါသလား။ အီရတ်လို ဖြစ်နေပါသလား။ လစ်ဗျားလို ဖြစ် နေပါသလား။ ကျွန်တော် သိတာကတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အကောင်းဆုံးအခြေအနေနဲ့ ညင်သာစွာ ကူးပြောင်းနေတယ်လို့ ပဲ သိနေ၊ ကြားနေ၊ ယုံကြည်နေပါတယ်။ တိုင်းပြည်တစ်ပြည်လုံး အုပ်ချုပ်မှုယန္တရား ရပ် ဆိုင်းသွား စေချင်တာလား။ အဲဒီလို ဖြစ်ပြီးမှ အသစ်ပြန်စချင်တာလား။ ဝန်ထမ်း တွေအားလုံး အလုပ်က အနားပေး အုပ်ချုပ်မှုယန္တရားကြီးပျက်မှ ဖွဲ့စည်းပုံအသစ်နဲ့ နိုင်ငံတကာစံနှုန်းတွေ၊ အာဆီယံ စံနှုန်းတွေ၊ ရပိုင်ခွင့်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ အဆောင်အယောင်တွေ ပေးချင်တာလား။ တပ်မတော် အစိုးရလက်ထက် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုခံရတာကြောင့် အထည်ချုပ် စက်ရုံပေါင်းများစွာ ပိတ်ခဲ့ရပါတယ်။ အရွယ်ကောင်း စက်ချုပ်အလုပ်သမ ဝန်ထမ်း (၇၀၀၀၀)ခန့် အလုပ်လက်မဲ့ ဖြစ်ခဲ့ပါတယ်။ မိသားစု စားဝတ်နေရေး အခက်အခဲကြောင့် စက်ရုံက မိန်းကလေးတချို့ အရှက်ကို မငဲ့နိုင်ဘဲ ဝမ်းရေးအတွက် အနှိပ်ခန်းတွေ၊ ကာရာအိုကေအခန်းတွေ ရောက်ကုန်ခဲ့ ပါတယ်။ အ ခု ဝန်ထမ်းအဖွဲ့အစည်းအချို့ကို ဖျက်သိမ်းပြီး အလုပ်လက်မဲ့ ဖြစ်သွားတဲ့ ဝန်ထမ်းတွေကို ဘယ်လိုဘဝမျိုး ရောက်စေချင်ပါသလဲလို့ မေးချင်ပါတယ်။ အစည်းအဝေးခန်းမ ထဲမှာ ရှိနေပါသော လွှတ်တော်ကိုယ်စားလှယ်ကြီးများတွင် သားသမီးများ၊ ဆွေ မျိုးသားချင်းများ လက်ရှိဝန်ထမ်းဘဝမှာ ရှိနေ နိုင်ပါတယ်။ အကယ်၍ အဆိုရှင်ရဲ့အဆို အောင်မြင်သွားခဲ့သော် ဖျက်သိမ်းခံရသော ဝန်ထမ်းစာရင်းတွင် မိမိတို့ သားသမီး၊ ဆွေမျိုးသားချင်းများ ပါသွားခဲ့မယ် ဆိုရင် ဒီအဆိုကို လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံခဲ့တာ တို့ပါလားလို့ သတိရရင် ကျွန်တော် ကျေနပ်ပါပြီ။ ဝန်ထမ်းတွေဟာ လူသားတွေ ပါ။ ရွှံ့ရုပ်တွေ မဟုတ်ပါဘူး။ ဟိုနား လှီးလိုက်၊ ဒီနား ဖဲ့လိုက်၊ ဟိုဘက် ပြန်ဆက်လိုက် လုပ်လို့မရပါဘူး။ ဝန်ထမ်းအဖွဲ့အစည်းတွေ ဖျက်သိမ်းဖို့ ချုံ့ ဖို့ စဉ်းစား ပြီလား။ ဒါဆိုရင် လူသားဆန်ဆန် အဲဒီ ဝန်ထမ်းတွေအတွက် ဆက်လက်ပြီး အသက်ရှင် ရပ်တည်ရမယ့် စားရေး၊ဝတ်ရေး၊နေရေးအတွက် စဉ်းစားပြီးပါပြီလား။ အလုပ်ရှာဖွေရေးအဖွဲ့တွေ ထူထောင်ပေးပြီးပါပြီလား။ ပုဂ္ဂလိက အလုပ်ရုံ၊ စက်ရုံတွေ ထူထောင်ပြီးပြီလား။ အဲဒီအလုပ်

တွေမှာ ထုတ်ပယ်လိုက်တဲ့ဝန်ထမ်းတွေ ပြောင်းရွှေ့အလုပ်အကိုင်ခန့်ထားပေးဖို့ လုပ်ပြီးပြီလား။ ဘာတစ်ခုမှ မလုပ်သေးဘဲ ဖျက် သိမ်းခြင်း၊ ချုံ့ခြင်း လုပ်ဖို့ မစဉ်းစားပါနဲ့။ ကျွန်တော် ကန့်ကွက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တည်းခိုရာ အဖွဲ့အစည်းက တပ်ဆင်ပေးထားတဲ့ အင်တာနက်မှာ နိုင်ငံရေးကိုယ်စားလှယ်တစ်ဦးရဲ့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တစ်ဦးရဲ့ ခရီးစဉ် ဆွေးနွေးဟောပြောမှုတစ်ခုကို ကြည့်လိုက်ရပါတယ်။ ဒီဆွေး နွေးပွဲကို တက်လာတဲ့ ပရိသတ်ထဲမှာ ဘွဲ့ရအလုပ်လက်မဲ့များလို့ ပိုစတာထောင်ပြီး လာနားထောင်တဲ့ ပရိသတ်အချို့ကို တွေ့လိုက်ရပါတယ်။ သူတို့ကတော့ မျှော်လင့်မှာပါပဲ။ အကယ်၍ တို့ထောက်ခံခဲ့တဲ့ ကိုယ်စားလှယ်လောင်း အရွေး ခံရပြီး လွှတ်တော်ထဲ ရောက်လာရင် တို့တော့ အလုပ်ရမှာပဲလို့ ကျွန်တော်ကလည်း သူတို့မျှော်လင့်ချက် အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ ဒါပေမဲ့ သူတို့ အလုပ်မရခင် လက်ရှိ တာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းတွေ အလုပ်က အနားပေးခံရပြီး အဲဒီလို ဆိုင်းဘုတ်ထောင်၊ ဆိုင်းဘုတ်ကိုင် ဆန္ဒပြလာမှာကိုတော့ မလိုလားပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးကတော့ ကျွန်တော်တို့ကို အမြဲ ဆုံးမသြဝါဒပေးပြီး စည်းမျဉ်း စည်းကမ်း၊ ဥပဒေတွေကို ကိုယ်ချင်းစာတရားနဲ့ လိုက်နာစေလိုတဲ့ ကြီးမားတဲ့ ဆန္ဒရှိကြောင်း ကြားသိနေရပါတယ်။ ထို င်းနိုင်ငံ၊ ထိုင်း လူမျိုးတွေကို ယခင်က ကျွန်တော်တို့တစ်တွေ ခေါ်သလို ယိုးဒယား လို့ မခေါ်ဖို့ သွန်သင်နေခဲ့ပါတယ်။ အဆိုရှင် ကတော့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲတပ်ရင်း များကို လုံ /ထိန်းလို့ ခေါ်ဝေါ်သုံးစွဲသွားတဲ့အပြင် ဖျက်သိမ်းဖို့အထိ တောင်းဆိုသွားတာ ကြားသိရပါတယ်။ တောင်းဆိုပါရစေ။ လုံ /ထိန်းလို့ မခေါ်ပါနဲ့။ မြန်မာနိုင်ငံ ရဲတပ်ရင်းများလို့ပဲ ခေါ်ပေးပါ။ အဖွဲ့အစည်းတစ်ခုကို ခေါင်းဆောင် လုပ်မလား။ တိုင်းပြည်ကို ခေါင်းဆောင် လုပ်မလား။ အာဃာတတရားတွေ ဖယ်ရှားရပါမယ်။ နိုင်ငံ့တာဝန်ကို ထမ်းနေတဲ့ ဝန်ထမ်း အဖွဲ့အစည်းတွေဟာ သူတို့ရဲ့တာဝန်ကျေပွန်ဖို့ သူတို့ လုပ်ရတဲ့အခါ ချစ်သူ ရှိသလို၊ မုန်းသူလည်း ရှိပါတယ်။ နိုင်ငံကို၊ တိုင်းပြည်ကို၊ အဖွဲ့အစည်းကို ခေါင်းဆောင်မယ့် ပုဂ္ဂိုလ်တွေဟာ သူ့တာဝန်၊ ကိုယ့်တာဝန်အပေါ် ကိုယ်ချင်းစာစိတ်ထားနဲ့ နားလည်ခွင့်လွှတ်နိုင်ရပါမယ်။ ဒါမှ ခေါင်းဆောင် မှုအရည်အချင်းနဲ့ ခေါင်းဆောင် ဖြစ်လာမှာပါ။ ကျွန်တော်ဟာ တပ်ထဲမှာမွေး၊ တပ်ထဲမှာကြီး တပ်မှာပဲ (၃၅)နှစ် တာဝန်ထမ်း ဆောင်ခဲ့ပါတယ်။

တိုင်းပြည်ချစ်စိတ်၊ တပ်မတော်ချစ်စိတ် အပြည့်ရှိပါတယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်အချို့ဟာ ရန်သူ့လက်ချက်ကြောင့် ကျွန်တော့်လက်ပေါ်မှာ အသက်စွန့်သွားသလို ကိုယ်လက်အင်္ဂါတွေ ဆုံးရှုံးခဲ့ ရပါတယ်။ ယုံကြည်ချက်ကြောင့်လို့ ပြောပြီး ထောင်ကျခံရသူတွေ (၁)နှစ်၊ (၂)နှစ်၊ (၁၀)နှစ် ထောင်ထဲနေခဲ့ ရတယ်လို့ပြောရင် ကျွန်တော်တို့ တပ်မတော်သားတွေဟာ တိုင်းပြည်ချစ်တဲ့ ယုံကြည်ချက်ကြောင့် တပ်ထဲစဝင် ကတည်းက လူမှုအခွင့်အရေး ဆုံးရှုံးပြီး ထောင်ထဲမနေရပေမယ့် မိုင်းတွေကြား၊ တောတွေ၊ တောင်တွေကြား၊ ထူပြောတဲ့ရောဂါ တွေကြား၊ အသက်စွန့် ကိုယ်လက်အင်္ဂါ စွန့်နေခဲ့တာ တပ်က ထွက်တဲ့အထိပါပဲ။ ကျွန်တော် တပ်က ထွက်ပြီး အရပ်ထဲရောက်တာ (၂)နှစ်မပြည့်သေးပါဘူး။ အလွန်နည်းပါးသော အရေ အတွက်ရှိတဲ့ အချို့ အရပ်သားများသည် တပ်မတော်သားများအပေါ် နားလည်မှု လွဲမှားနေကြတာကို တွေ့ရတော့ ကြေကွဲဝမ်းနည်းမှုကို ပြင်းပြင်းထန်ထန် ခံစားရပါတယ်။ ကျွန်တော့်ဘဝမှာ ဦးစီး အရာရှိ တာဝန်၊ နယ်ဖက်အုပ်ချုပ်ရေး တာဝန်ဖြစ်တဲ့ မ.ဝ.တ၊ ခ.ဝ.တ၊ ခ.ရ.က ဘာမှ မလုပ်ဖူးပါဘူး။ နယ်ဖက် ကိုလည်း ပြောင်းရွှေ့တာဝန် မထမ်းဆောင်ခဲ့ဖူးပါဘူး။ ရုံးမှာ တယ်လီဖုန်းနဲ့ အဲယားကွန်းနဲ့ တီဗွီနဲ့ အောက်စက်နဲ့ မနေခဲ့ရဖူး ပါဘူး။ တောထဲတောင်ထဲမှာ ဝါးကပ်တဲနဲ့ ဝါးစားပွဲနဲ့ပဲ အနေများ ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့် တာဝန်ထမ်းဆောင်မှုကို ကျွန်တော် ကျေနပ်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော် ရွေးချယ်တဲ့ ဘဝပါပဲ။ ဘယ်ဝန်ထမ်းမဆို မိမိအလုပ် မိမိဘဝကို ဂုဏ်ယူလျက် ရှိနေ ကြပါတယ်။ ဘယ်တရားသူကြီးကမှ ပြစ်မှုရှိတဲ့ တရားခံများကို ထောင်ချတဲ့အလုပ်ကို ပျော်ရွှင်မှာ လုပ်ချင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တာဝန်အရ လုပ်နေကြရတာပါပဲ။ ဒါကြောင့် နိုင်ငံ့ဝန် ထမ်းတာချင်းအတူတူ နိုင်ငံဝန်ထမ်းများ အပေါ် အမုန်းအာဃာတများ ထားမယ်ဆိုရင် သူ့ဘဝ ကိုလည်း ထဲထဲဝင်ဝင် လေ့လာပေးစေချင် ပါတယ်။ အားလုံးလေ့လာပြီးမှ မုန်းချင်ရင် မုန်းပါ။ ကိုယ့်ဆန္ဒပါပဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင် စုလွှတ်တော်မှာ ဘတ်ဂျက်ကိစ္စဆွေးနွေးတဲ့အခါ အချို့ ဝန်ကြီးဌာန များဟာ အရှုံးပေါ်နေတဲ့ လုပ်ငန်းတွေကို ဖျက်သိမ်းချင်နေပါတယ်။ ဖျက်သိမ်းဖို့ ကိစ္စမှာ တာဝန် ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကိုဘယ်လိုစီမံဆောင်ရွက်ရမယ်ဆိုတဲ့နည်းလမ်းတွေရှာနေကြောင်း ကြားသိနေရပါတယ်။ အကယ်၍များ အခုအဆို အောင်သွားခဲ့ရင် အဲဒီ ဌာနတွေဟာ ဝန်ထမ်း တွေရဲ့ နောင်ရေးကို မစဉ်းစားတော့ဘဲ အမျိုးသားလွှတ်တော်ရဲ့ အဆိုကြောင့် တိုက်တွန်း ခံရလို့

ဝန်ထမ်းများကို အလုပ်မှ ထုတ်ပယ် အနားပေးရပါတယ်ဆိုတဲ့ အကြောင်း ပြုချက်ရသွားခဲ့သော် လွှတ်တော်သည် သမိုင်းမှာ တရားခံဖြစ်မှာ စိုးရွံ့ မိပါတယ်။ ပိုပြီးစိုးရိမ်တာ ကတော့ အဆိုရှင် တင်ပြသမျှ ဝန်ကြီး ဌာနနဲ့ ဝန်ထမ်းများ ဖျက်သိမ်းမယ်ဆိုရင်တော့ အလုပ် အနားပေးခံရသော ဝန်ထမ်းများမှသည် နိုင်ငံတစ်ဝန်း အလုပ်လက်မဲ့ လူထုဆန္ဒပြမှုများ ကြီးထွားလာပြီး အစိုးရ ယန္တရားလည်းပျက်၊ လွှတ်တော်လည်း သက်တမ်းမပြည့်မီ ရ ပ်ဆိုင်းလို့ ပြည်သူ့အကျိုး ဘာမှ ဆောင်ရွက်လို့ မရတော့ မှာကို ပူပန်မိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၂။**

**ဦးလှဆွေ ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ် ပါတယ်။ ရခိုင်ပြည်နယ်မှ ဒေါက်တာအေးမောင် ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒေါက်တာအေး မောင် ရဲ့ အဆိုဟာ အရမ်းကောင်းပါတယ်။ ဒီအချိန်မှာ ကျွန်တော် နည်းနည်း Advance ဖြစ်နေသလားလို့ စိုးရိမ်မိပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ အဆောင်အယောင်၊ လစာနှုန်းထားကို နိုင်ငံတကာစံ၊ အရှေ့တောင်အာရှစံဖြစ်ရေး ဆိုတာ သိပ် ဖြစ်သင့်တာပေါ့ခင်ဗျား။ ဒါပေမဲ့ ဖြစ်ပျက်သမျှ ပြဿနာအားလုံးကို တစ်နှစ်သာ ရှိသေးတဲ့ ဒီအစိုးရခေါင်းပေါ် မှာ ပုံချသလိုဖြစ် လာရင် ဝန်နဲ့အား မမျှဘူးဖြစ်လာပါမ ယ်။ ရောမမြို့ကြီးကို တစ်ရက်ထဲနဲ့ ဆောက်သလို ဖြစ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော် ့ဖခင်ဟာ တပ်မတော်မှာ ဗိုလ်ကြီးအဆင့်နဲ့ တာဝန်ထမ်းဆောင်ခဲ့ ဖူးပါတယ်။ သူ ဗိုလ်ကြီးတုန်းက ရွှေတစ်ကျပ်သားကို (၃၅၀)၊ သူ့လစာက (၇၀၀)ရပါတယ်။ ကျွန်တော့်အမေက (၁)လကို

ရွှေတစ်ကျပ်သား ဝယ်ပြီးတော့မှ မောင်နှမ (၆)ယောက်ကို ဗိုက်ရိုက် ကျွေးနိုင်ခဲ့ပါတယ်။ အခု ရွှေတစ်ကျပ်သား (၇၅၀၀၀၀)၊ ဒီတော့ ဗိုလ်ကြီးတစ်ယောက်၊ ဦးစီးအရာရှိ တစ်ယောက်လစာဟာ တစ်လ(၁၅)သိန်းပေးရမှာ ဖြစ်ပါတယ်။ ဒါမှ တစ်လ (၇၅၀၀၀၀)နဲ့ ရွှေတစ်ကျပ်သား ဝယ်ပြီးတော့ ကျန်တဲ့ကျန်ငွေ (၇၅၀၀၀၀)နဲ့ မိသားစု ပိုပိုလျှံလျှံ သုံးနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဒီလိုဖြစ်လာအောင် ယခင်အစိုးရအဆက်ဆက်က တစ်ဆင့်ချင်းတစ်ဆင့်ချင်း ဖြ ည်းဖြည်းချင်း တိုးလာမှ သဘာ ဝကျပါမယ်။ အခုလို သိပ်အလှမ်းကွာ ဝေးနေတဲ့အချိန်မှာ ဇွတ်တိုးလိုက်ရင် အကော်ဒီယမ်ပုံစံ ရထားမျိုး ဖြစ်သွားမယ်။ အရှေ့က တအားဆွဲမယ်။ ဒါမှမဟုတ် နောက်ကနေ တအားတွန်းမယ်။ ရှေ့ကို တအားသွားခိုင်း နောက်က အကော်ဒီ ယမ် ပုံစံလို Elasticity ဖြစ်သွားပြီးတော့ ရှေ့က ခေါင်းတွဲကို သွားဆောင့်မယ်ဆိုရင် ဒီရထားဟာ လမ်းချော်ပြီးတော့ ချောက်ထဲကို ကျမယ်။ ဒီမိုကရေစီလမ်းကြောင်း ပြောင်းသွားမှာ စိုးရိမ်မိပါတယ်။

ဒီကနေ့ ကျေးလက်မှာနေတဲ့ ကျောင်းဆရာမတစ်ယောက်ရဲ့ အနေအထားကို ကျွန်တော့် အနေနဲ့ တင်ပြပါမယ်။ ဘာကြောင့် ကျေးလက်ကို ပြောတာလဲဆိုတော့ (၇၀)ရာခိုင်နှုန်းရှိတယ်လို့ လူတွေသိထားတဲ့ ကျေးလက်ကို ကျွန်တော် ဦးတည်ပြီး ပြောပါမယ်။ ကျေးလက်မှာနေတဲ့ ဆရာမတစ်ယောက်ဟာ သူနေဖို့အိမ်၊ ရေ၊ ထင်း အခမဲ့ ရနိုင်ပါတယ်။ အာလူးသီး၊ ခရမ်းသီး၊ ပန်စရာပန်းကအစ အလကား ရနိုင်ပါတယ်။ နိုင်ငံခြားမှာ ဒေါ်လာ(၇၀၀) မြန်မာငွေအားဖြင့် (၇)သိန်းခန့်ရတဲ့ သူတစ်ယောက် ရဲ့ တစ်ရက် သုံးစွဲပိုင်ခွင့် ရှိတဲ့ငွေဟာ ၂၃.၃ ဒေါ်လာ ဖြစ်တယ်ဆိုရင် နိုင်ငံခြားမှာ Breakfast ကို (၅)ဒေါ်လာလောက် ကျပါတယ်။ Lunch (၁၀)ဒေါ်လာလောက် ကျပြီး၊ Dinner (၁၅)ဒေါ်လာလောက် ပေးရတဲ့အတွက် တစ်နေ့ကို သူဟာ ဒေါ်လာ ၃၀ လောက် ရှိမှ လောက်မှာ ဖြစ်တဲ့အတွက် သူဟာ ၂၃.၃ ဒေါ်လာ တနည်းအားဖြင့် တစ်လကို ၇၀၀ ဒေါ်လာ ရပေမယ့် မလောက် ပါဘူး။ တစ်နေ့ကို မြန်မာငွေ (၇၀၀၀)လောက်သူဟာ minus ပြနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာပြည်မှာ (၃၅၀၀၀)ရတဲ့ ကျောင်းဆရာမလေးတစ်ယောက်ဟာ သူကကျေးလက်မှာ နေတဲ့အတွက် ကျေးလက်ပြည်သူဆိုတော့ ကျေးလက်ပြည်သူတွေက ဘာတွေ လုပ်လဲ၊ လယ်ယာတွေလုပ်တာပေါ့။ အဓိက အဲဒီတော့ သူ့ကျေးလက်ကထွက်တဲ့ စပါး။ အဲဒီမှာ ထွက်တဲ့ပဲ အဲဒီကထွက် တဲ့နှမ်းကို ကြိတ်ပြီးတော့ နှမ်းဆီလေးဆမ်းပြီး ပဲပြုတ်လေးနဲ့ Breakfast စားသုံးရင် (၁၅၀)လောက် ကျတယ်။ နေ့လယ်မှာ ငပိထောင်းနဲ့စားပြီး ညစာကို အသားဟင်းနဲ့ စားရင် (၅၀၀)လောက် ကျတယ်။ သူသုံးသောင်း ခွဲဆိုတော့ တစ်လမှာ သူက

၁၁၇၀ တစ်ရက်ကို သုံးနိုင်ပေမယ်လို့ သူဟာ တစ်ရက်ကို (၉၅၀) နဲ့ လောက်တယ်။ ဒါကြောင့်မို့ တစ်နေ့ကို သူက (၂၂၀) လောက်ပိုတယ်။ တစ်လကို (၆၆၀၀)လောက် သူက စုမိဆောင်း မိဖြစ်ပါတယ်။ ဒါ ကျွန်တော် တို့က သုံးသောင်းခွဲရပေမယ့်လို့လည်း ဒီနေ့ဒီအချိန်ထိတော့ လောက်နေသေးတယ်။ နောက်ထပ် တက်လာရင်တော့ လောက်ချင်မှ လောက်မယ်၊ အခုလတ်တလော နေနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ကျွန်တော် သတင်းတစ်ခု ကြားပါတယ်။ ဝန်ကြီးဌာနအလိုက် ယာယီရှားပါးစရိတ်ပေးမယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်။ ဒါ သေချာတပ်အပ် မပြောနိုင်သေးလို့ ကောလဟာလဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ မတင်ပြလိုပါဘူး။ ကျွန်တော်တို့က ကိုယ်စားလှယ်ကောလဟာလကို မယုံသင့်ပါဘူး။ ဥပမာ ကျော်သူ ပါလို့ သွေးဇာတ်ကား မပြရဘူးလို့ ဒါတွေက ကောလဟာလပါ။ တကယ်တမ်းကျတော့ ကျော်သူ ရိုက်တဲ့ နိုင်ငံခြားသား ကြီးက ဒေါ်လာ(၅၀၀၀၀) မသွင်းနိုင်လို့ ဒီဇာတ်ကားကို ချုပ်ပိတ်ထားတာဖြစ်တယ်။ ခုတော့ INGO အဖွဲ့က အဲဒီ (၅၀၀၀၀) ကို ပေးမယ်ဆိုတော့ ဒီဇာတ်ကားလည်း မ ကြာခင် တစ်လ၊ နှစ်လအတွင်း နိုင်ငံမှာ ပြနိုင်မဲ့ အနေအထားဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကောလဟာလကို မယုံသင့်တဲ့ အကြောင်း ဖြစ်ပါတယ်။ ကျွန်တော် သမ္မတကြီးဒေါက်တာမောင်မောင် ပြောသွားတာ သွားသတိရပါတယ်။ အရေးအခင်းကာလကြီးမှာ ပြောတာပါ၊ ဒေါက်တာမောင်မောင်က သူပြောတဲ့ စကားလုံးအတိအကျတော့ ကျွန်တော် မေ့သွားပြီ။ ဒါပေမဲ့ အဓိပ္ပာယ်ကတော့ ငါးပိချက်နဲ့ စားမှာလား၊ ကြက်သားဟင်းလေး ကျက် အောင် မစောင့်တော့ဘူးလား။ ဒီလိုမျိုးပြောသွားတာ ဖြစ်ပါတယ်။ မစောင့်နိုင်တော့ရင်တော့ ငါးပိချက်နဲ့ပဲ စားရတော့မှာပေါ့၊ ကျွန်တော်တို့ ငါးပိချက် စားလာတာကြာပြီ။ အဲဒီတော့ ကျွန်တော်တို့ဟာ ကာလတစ်ခုအထိ စိတ်ရှည်စွာစောင့်သင့်တယ်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်။ ဝန်ထမ်းတွေကို လစာတိုးပေးမယ် ပြီးရင် ချုံ့ပစ်မယ်၊ မလိုတဲ့ဌာနတွေကို ဖျက်ပစ်မယ်ဆိုတော့ လစာတော့ရပါရဲ့ အင်အားလျော့နည်းတဲ့အထဲ ပါသွားလို့ မကျေနပ်ဘူးဆိုပြီးတော့ ထပေါက်ကွဲရင် ဆူပူမှု ဖြစ်လာမယ်။ ဆန္ဒပြပွဲတွေ ဖြစ်လာမယ်။ အခု အဆိုရှင် ပြောတဲ့အတိုင်း လုပ်ကြည့်လိုက်ရင် ဆူပူမှုကို ဦးတည် လိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့က အမြင်ကျယ်သင့်ပါတယ်။ လိုချင်တဲ့ Want ကို မပြောဘဲနဲ့ လိုအပ်တဲ့ Need ကိုပဲ ပြောသင့်တယ်လို့ ကျွန်တော် ထင်တယ်။ အများဆန္ဒဆိုတိုင်း ဒီမိုကရေစီလို့ မပြောနိုင်ဘူး။ ဦးသန့် ပြောတာလေးသွား သတိရတယ်။ မြန်မာပြည်မှာ ပညာရှိနဲ့ ပညာမဲ့သည် ပညာရှိကနည်းပြီး ပညာမဲ့ကပေါ၏ အများသဘောသည် အမှားပေါ၏အများပြောတိုင်း

အမှန်ဟု မဆိုနိုင်၊ ပညာရှိသူတို့က ပညာမဲ့သူများကို တော်တဲ့ မှန်ကန်တဲ့လမ်းကြောင်းသို့ ဦးဆောင်လမ်းပြနိုင်ရန် အရေးကြီးလှပေသည်လို့ ဦးသန့် ကပြောတယ် ။ ဆိုတော့ ကျွန်တော်တို့က အမ တ်တွေဆိုတော့ ပညာရှိအမတ်မင်းပေါ့။ ပညာရှိ အမတ်မင်းတွေက ဒါ တော်တဲ့ မှန်ကန်တဲ့လမ်းကြောင်းကို ဦး ဆောင်လမ်းညွှန်ပေးဖို့ လိုအပ်တယ်လို့ ဦးသန့် ပြောသလို ဦးသန့်က အမျိုးကောင်းသားကြီးပေါ့ ။ အမျိုးကောင်း သား ယောကျ်ားကြီးပြောတဲ့ အဆိုအမိန့်ကို ကျွန်တော် ပြောချင်ပါတယ်။ ကျွ န်တော်ကတော့ ဒီလို အမျိုးကောင်းသား ယောကျ်ားတွေရဲ့ ပြောတဲ့စကားကို နည်းနည်း ယူသုံးလေ့ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူတစ်ပါး တိုင်းပြည်တွေမှာ ငွေဖောင်းပွမှုအလိုက်လစာတိုးပေးသွားတဲ့အတွက် အလျှင်မီပါတယ်။ ကျွန်တော်တို့ကတော့ မေ့လောက်မှ တစ်ခါလောက် တိုးပေးတဲ့အတွက် ခက်တာပေါ့ခင်ဗျား။ ဒါပေမဲ့ မကြာခင် မီသွားမှာပါ။ တိုင်းပြည်ဝင်ငွေတိုးရင် ရေမြင့်ရင် ကြာမြင့်ပေါ့။ တိုင်းပြည် ဝင်ငွေ မတိုး ပဲတော့ ကြာကို မြှင့်ပစ်လိုက်ရင် ရေနဲ့ဝေးပြီ ကြာပန်းဟာ တာရှည်မခံပဲ ညှိုးနွမ်းသွားပါလိမ့်မယ်။ ကြာမြင့်ဖို့ ရေကိုမြှင့်ရမယ်၊ ရေမြင့်အောင် အရင်မစဥ်းစားပဲ ကြာကို မြှင့်ပေးပါ မြှင့်ပေးပါလို့ ဆိုရင်တော့ အခက်တွေ့မှာပါပဲ ။ ဝန်ထမ်းအင်အား လျှော့ပစ်တာ စာရင်တော့ နည်းနည်းနဲ့ လုပ်တာ ကို သဘောတူပါတယ်။ လက်ရှိ ဝန်ကြီးဌာနအားလုံးမှာ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း လက်ထက်ကစပြီး လုံးဝ အသစ်ခန့်ထားမှုကို ခက်ခဲသွားအောင် ဝန်ကြီးဌာနသုံးလေးခုကို ဖျက်ပြီးတော့မှ နေ့စားတစ်ယောက်ကို ခန့်နိုင်တဲ့အနေအထား ကန့်သ တ်ခဲ့ပါတယ်။ ဒီအရေးတွေ ကြိုမြင်လို့ လုပ်ခဲ့တာလို့ ထင်ပါတယ်။ ဒီနေ့ လွှတ်တော်ထဲက တယ်လီဖုန်းဘေးမှာ စောင့်နေတဲ့ ဆက်သွယ်ရေးက ဝန်ထမ်းတွေကို မေးကြည့်တယ်။ နေ့စားလုပ်သက် (၈)နှစ် ရှိပြီလို့ ပြောပါတယ်။ Permanence ကိုတော့ မရသေး ဘူးလို့ ပြောတယ် ။ အေးရမှာ မဟုတ်ဘူးလို့ ကျွန်တော် အားပေး လိုက်ပါတယ်။ ဝန်ကြီးဌာနတိုင်း ဒီလိုပဲ ကုန်ကုန်ပြော ရရင်တော့ တပ်မတော် တပ်ရင်း တပ်ဖွဲ့တွေတောင်မှ ထပ်ပြီးတော့မချဲ့ပါဘူး။ဇွတ် လူမစုဘူး ရှိတဲ့လူနဲ့ဖြစ်အောင် စစ်ဆင်ရေးထိုးတာပဲ။ ကျွန်တော်တို့ကို အင်အားဖြည့်ပေးပါလို့ ဘယ် တပ်မှူးမှ မအော်ပါဘူး။ နောက်ဆုံး ဒီလွှတ်တော်ကြီး အသစ်ဖွဲ့စည်းပုံ နဲ့ ပေါ်ပေါက်လာတာတောင်မှ ကျွန်တော် မေးကြည့်တော့ လူသစ်မပါ ပါဘူး။ မေးကြည့်လိုက်တော့ ဟိုဝန်ကြီးဌာနက ပြောင်းလာတာ ဒီဝန်ကြီးဌာ နက ပြောင်းလာတာနဲ့ စုပေါင်းစပ်ပေါင်း ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ အဆိုရှင်ရဲ့ ဆွေးနွေးချက်ထဲမှာ တစ်ချိန်က လုံ /ထိန်းလို့ ခေါ်တဲ့ ရဲတပ်ရင်း တွေဟာ ဆန္ဒပြသမားတွေကို နှိပ်ကွပ် ဖို့

ဖွဲ့စည်းထားတာဖြစ်လို့ ခုချိန်မှာ လျှော့ချသင့်တယ်လို့ ဆွေးနွေးသွားတာ ကြားရပါတယ်။ ဒီရဲတပ်ရင်းတွေနဲ့ ပတ်သက်ပြီး တော့ အဆိုရှင်ရဲ့ ဌာနေ ရခိုင်ပြည်နယ်က ရဲတပ်ရင်းတွေ အကြောင်းကို ကျွန်တော် ဆွေးနွေးလို ပါတယ်။ မောင်တောမှာ ရဲတပ်ရင်း တစ်ရင်းရှိပါတယ်။ ရခိုင်ပြည်နယ်အကြောင်းကို ဘယ်လောက်သိလို့လဲ ဆိုတော့ ကျွန်တော်ဟာ ရခိုင်ပြည်နယ်မှာ (၉)နှစ် တာဝန် ထမ်းဆောင် ဖူးပါတယ်။ ဒါကြောင့်မို့လို့ ပင်လယ်ထဲက ဝက်စတာကျွန်း ကအစ ရောက်ဖူးပါတယ်။ ကျွန်တော့် သား အကြီးဆုံးက ကျောက်ဖြူမှာမွေးပြီးတော့ အခု ဆရာဝန် လုပ်နေပါတယ်။ ကျွန်တော် သမီးအလတ် ကတော့ စစ်တွေမှာ မွေးပြီးတော့ အခု သမ္မတရုံးမှာ ရှိပါတယ်။ အငယ်ဆုံးကတော့ ဘူးသီးတောင် မှာ မွေးပြီးတော့ အခု ဒုတိယနှစ် တက်နေပါတယ်။ ကျွန်တော် ဟာ မဂ္ဂဇင်းအသီးသီးမှာ စာတိုပေ စရေးတဲ့ စာရေး ဆရာတစ်ယောက်ဖြစ်လို့ ကျွန်တော့် နာမည်ကိုတော့မှ ဆွေလေးဝတီ ဆိုပြီး ရခိုင်နာမည် ပေးထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လကလည်း ဝတ္ထု စ်ပုဒ်ပါလာပါတယ်။ အဆိုရှင် ပြောသလို လုံ /ထိန်း လို့ တ စ်ချိန်ကခေါ်တဲ့ ရဲတပ်ရင်းတွေ မတိုး ချဲ့ဖို့ဆိုတာ အမြင်ကျဥ်းလွန်း တယ်လို့ ယူဆပါတယ်။ အထူးသဖြင့် အဆိုရှင် ဟာ ရခိုင်ပြည် မှာနေတဲ့သူမှ ဟုတ်ရဲ့လား လို့ ပြန်မေးရမလို ဖြစ်နေ ပါတယ်။ နိုင်ငံတကာ ထုံးစံ အရ နယ်စပ်မှာ Regular Army ချထားလို့ မရပါဘူး။ Border Police ပဲ ထားရပါတယ်။ နိုင်ငံတိုင်းမှာ ဒီလိုပါပဲ ။ မောင်တောမှာရှိတဲ့ ရဲတပ်ရင်း ကြောင့် ဘယ်သူတွေ ခိုးဝင်လာမှာကို အတားအဆီး ဖြစ်စေသလဲ။ ဘူးသီးတောင်၊ မောင် တောမှာ တစ်ဖက်နိုင်ငံသား (၁၀၀)ရာခိုင်နှုန်း ဖြစ်ဖို့ ဘယ်လောက်ပဲ လိုတော့သလဲဆိုတာ အဆိုရှင်ကြီး သိသိကြီးနဲ့ ရဲတပ်ရင်းကို လျှော့ချပေး ပါလို့ ပြောနေတာဆိုရင် လူမျိုးလို့ လူမျိုးပျောက်မယ့် အနေအထား ကြောင့် အဆိုရှင်ရဲ့ အဆိုကို ထောက်ခံခြင်းအားဖြင့် ချစ်လှစွာသော ရခိုင်တိုင်းရင်းသား မျိုးသုဥ်း ပျောက်ကွယ်သွားမှာ စိုးရိမ်လို့ ကျွန်တော် ဦးလှဆွေ မှ အ မြော်အမြင်ကြီးစွာဖြင့် ကန့်ကွက်ပါရစေလို့ တင်ပြအပ် ပါတယ် ။ ဒါကြောင့် ဒေါက် တာအေးမောင် ရဲ့ အဆိုမှာ ဖြစ်သင့် သည်မှာ မှန်သော်လည်း လောလောဆယ်ဆောင်ရွက်ရန် မသင့်၊ အချိန် စောလွန်းနေပါသောကြောင့် အဆိုကို ကန့်ကွက် ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၂။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရှင့်။ အားလုံးပဲ ရေလို အေးချမ်းကြပါစေ၊ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ ကျွန်မ ဒေါက်တာအေးမောင်ရဲ့ အဆိုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒေါက်တာအေးမောင် ရဲ့ အဆိုမှာ သူက ရှင်းလင်းချက်(၁၂)ခုနဲ့ သူက အဆိုပြုထားတာ ဖြစ်ပါတယ်။ အဲဒီမှာ သူက ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်တာ ပါပါတယ်။ နောက်တစ်ခါကျတော့ မလိုအပ်တော့တဲ့ ဝန်ကြီးဌာနတွေ၊ ဝန်ထမ်းတွေ လျှော့ချဖို့ ပါပါတယ်။ နောက်တစ်ခါကျတော့ လွှတ်တော်မှာ လက်ရှိ ဖွဲ့စည်းထားတဲ့ ကော်မတီတွေနဲ့ ဒီမှာ လုပ်ရကိုင်ရ မှာတွေနဲ့ သဟဇာတဖြစ် ရဲ့လား လိုအပ်နေသေး လား။ ဒါ လုံလောက်ပြီလားဆိုတာ ပါပါတယ်။ နောက်တစ်ခါကျ တော့ ဒါ အစောကလိုပါပဲ ဒီမိုကရေစီ စနစ်နဲ့ အံမဝင်တော့တဲ့ ဌာနတွေ ဒါ သူက နှစ်ခုလောက် ပါ ပါတယ်။ နောက်တစ် ခါကတော့ ရဲတပ်ဖွဲ့နဲ့ ပတ်သက်တဲ့ဟာ ပါပါတယ်။ နော က်တစ်ခါတော့ နိုင်ငံပိုင် အခန်း ကဏ္ဍနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ သိပ် ပြီးတော့များနေရင် လျှော့ချပြီးတော့ မလိုအပ် တော့တာတွေကို ရပ်ဆိုင်းပစ်ဖို့ ပါပါတယ်။ နောက်တစ်ခါ လို အပ်နေတယ်လို့ထင်တဲ့ ဝန်ကြီးဌာန တွေကိုလည်း အသစ်ဖွဲ့စည်းပေးဖို့ ပါပါတယ်။ နောက် တရားရုံးနဲ့ ပတ်သက်တဲ့ ပြည်ထောင်စု တရားသူကြီးတွေရဲ့ အသက်ကန့်သတ်မှုကိုလည်း သူက ပြုပြင်ရန် သင့် /မသင့် တင်ပြထား ပါတယ်။ နောက် နိုင်ငံတော်ရဲ့ လိုငွေပြမှုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးအကြံပြုထားတာတွေ ပါပါတယ်။ နောက်တစ်ခါကျတော့ လာဘ်ပေးလာဘ်ယူ ၊ အဂတိလိုက်စား မှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်း ပြီး အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တစ်ခု ဖွဲ့ပြီးတော့ ဆောင်ရွက်ဖို့ သူ အဆိုပြုထားပါတယ်။ နောက်တစ်ခါကျတော့ အလုပ်သမားရဲ့ လစာနှုန်းထား တွေ၊ ရပိုင်ခွင့်တွေ အဲဒါတွေကို လူမှုဖူလုံရေး ခံစားခွင့်စံတွေ ကိုလည်း အာဆီယံ စံ၊ နိုင်ငံတကာ စံ နဲ့ ညီအောင် ဒါ ဆောင်ရွက်ပေးဖို့ ဆိုပြီးတော့ တောင်းဆိုထားပါတယ်။ အဲဒီ တောင်းဆိုထားတဲ့ဟာထဲမှာ အခုကတော့ စောစောကပဲ ကျွန်မတို့ရဲ့ ဥက္ကဋ္ဌကြီး က မိန့်ကြားခဲ့အတွက်ကြောင့် မို့လို့ ဒီ ကော်မတီတွေ လုံလောက်ရဲ့ လား။ ဆိုတဲ့ဟာကတော့ ဒါ ပြောထားပြီးသား ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒေါက်တာအေးမောင် ပြောထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ လိုအပ် ရင် လိုအပ်သလို လုပ်ရဲကိုင်ရဲ၊ ပြောရဲဆိုရဲ၊ ဆုံးဖြတ်ရဲခြင်း ဖြစ်ရမယ်လို့ သူက ပြောပါတယ်။ အဲဒါကို ကျွန်မ ထောက်ခံပါတယ်။ ဒါပေမဲ့လည်း ကာလံဒေသံ အဂ္ဂုဓန် ဆိုတဲ့ အချက်ကိုတော့ ဘယ်သူမှ မေ့မထားသင့်ဘူးလို့ အဲဒါလေးကို ကျွန်မ ဖြည့်စွက်ပြီးတော့ ပြောချင်ပါတယ်။ ဒေါက်တာ အေးမောင် ရဲ့ အဆိုတင်ပြချက် (၁၂)ခုထဲမှာ တစ်ခုက ကျွန်မ အထူးတလည် သတိထားပြီးတော့ ဆွေးနွေးချင်တာလေးက ဖွဲ့စည်းပုံ အခြေခံဥပဒေများကို အချိန်ကာလ အခြေအနေများနှင့် မကိုက်ညီတော့ဘူးဆိုရင် တစ် ပုဒ်ချင်း ပြုပြင်သွားရန်ဆိုတာနဲ့ မလိုအပ်တော့တဲ့ ဝန်ကြီးဌာနများနဲ့ ဖွဲ့စည်းပုံများ ၊ ဝန်ထမ်းများနဲ့ ပတ်သက်ပြီး လိုအပ်မယ် ထင်တာတွေဖြည့်ပြီး ဖွဲ့စည်းဆောင်ရွက်ပေးဖို့ ဖြစ်ပါ တယ်။ အဲဒီဟာကိုတော့ နည်းနည်းကျန် တာတွေထက် ပိုပြီး စိတ်ဝင်စားစရာရယ်၊ ကျန်တဲ့ဟာ လည်း စောစောက ဥက္ကဋ္ဌကြီး ပြောသွားပြီ ဖြစ်တဲ့ အတွက် ကြောင့်မို့လို့ အဲဒီဟာကတော့ ဒါ အဆိုရှင် ဒေါက်တာအေးမောင် အနေနဲ့ အဲဒီဟာကတော့ ရှင်း ပြီးသားပါ။ ဆရာဒေါက်တာ အေးမောင် ပြောသလိုပဲ ကျွန်မတို့ လည်း ပြောစရာရှိရင် ပြောမယ်၊ ဆိုစရာရှိရင် ဆိုမယ် ပြီးတဲ့အခါကျတော့လည်း အားလုံးဟာ ညီအစ်ကို မောင်နှမတွေပဲပေါ့နော်။ ဒီမှာကျတော့ ကျွန်မတို့က တာဝန်ကိုယ်စီနဲ့ဆိုတော့ ကျွန်မတို့ တာဝန် တွေကို ကျွန်မတို့က ဆောင်ရွက်တယ်လို့ နားလည်ပေးပါ။ နောက် ဆရာဒေါက်တာ အေးမောင် ပြောထားတာ ဘာလဲဆိုတော့ ကျွ န်တော်က တိုင်းပြ ည်နဲ့ လူမျိုးအကျိုးကို မျှော်လင့် ပြီးတော့ အပြုသဘောနဲ့ ကျွန်တော် တင်ပြထားတာပါလို့ သူက အဲဒီလို ပြောပါတယ်။ အဲဒီတော့ ကျွန်မတို့ ကလည်း အခု ပြန်လည်ဆွေးနွေးတဲ့သူတွေ ကလည်း ကျွ န်မတို့ တိုင်းပြည်နဲ့ လူမျိုး အတွက်ပဲ၊ နိုင်ငံတော်နဲ့ နိုင်ငံသားအတွက်ပဲ အကျိုး ပြုပြီးတော့ စေတနာနဲ့ မေတ္တာနဲ့ ရှေ့ထားပြီး တော့ တာဝန်ပိုင်းအရရော ပါတယ်။ ကျွန်မတို့က ပြန်ပြီး တော့ ဆွေးနွေး ကြတာ ဖြစ်ပါတယ်။ ကျွန်မ ဆွေးနွေးတဲ့အခါတိုင်းမှာ ထည့်ပြီးတော့ ရံဖန်ရံခါ ဆွေးနွေးလေ့ရှိတာ ရှိပါတယ်။ ဒါကတော့ ကျွန်မတို့ရဲ့ အစောက ဆရာဦးမန်းကံညွှန့် ပြောသွားသလိုပါပဲ။ ကျွန်မတို့ တကယ်ဆို ထားခဲ့ရတဲ့ ကတိသစ္စာတွေ ကတိသစ္စာတွေ ထဲမှာ အချက်(၄)ချက် ပါပါတယ် ။ နံပါတ် (၁)ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ နိုင်ငံတော်ရဲ့ အခြားဥပဒေများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက် လိုက်နာဖို့ ဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိ ရိုသေဖို့ ဖြစ်ပါတယ်။ နံပါတ် (၃)ကတော့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု

မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ ဖြစ်ပါတယ်။ နံပါတ်(၄)ကတော့ ယခု ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည် ဆိုတဲ့ အချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က အများကို သင့်လျော်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးပြီး လိုက်နာစေတဲ့လူတွေ ဖြစ်တဲ့အတွက် ကျွန်မတို့ကအရင်ဆုံး ကတိသစ္စာတွေ၊ ဥပဒေတွေကို ရိုသေ လိုက်နာကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံကို နှစ်သက်လို့ ဝင်လာသည်ဖြစ်စေ အကြောင်းကြောင်းနဲ့ ဖြစ်စေ၊ ပြဋ္ဌာန်းထုတ်ပြန်ထားတဲ့ သတ်မှတ်ထားတဲ့ ဥ ပဒေ၊ နည်းဥပဒေ စတာတွေကို လိုက်နာပြီး ဘောင်အတွင်း ကပဲ စည်းကမ်းစနစ်တကျ ကျွန်မတို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလို စည်းကမ်းစနစ်တကျ ဆောင်ရွက်ရမှာဖြစ်သလို ဘဝက ပေးတဲ့ အတွေ့အကြုံတွေ၊အသိတွေ၊ မိမိ တခြားကနေ တတ်မြောက်ထားတဲ့ပညာအရည်အချင်းတွေ နောက် မွေးဖွားကတည်းက ပါလာတဲ့ ဗီဇ၊ အရည်အချင်းကောင်းတွေနဲ့လည်း ပေါင်းစပ်ညှိနှိုင်း ဝေဖန်ပိုင်းခြား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါက ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အပိုင်းကို ကျွန်မ တင်ပြတာ ဖြစ်ပါတ ယ်။ ဥပမာတစ်ခု တင်ပြချင်ပါတယ် ။ ကျွန်မတို့ ပုဂံခေတ်က အနော်ရထာမင်းကြီး လက်ထက်က ကျွန်မတို့ ဘာသာရေးမှာ အရည်းကြီးဂိုဏ်းတွေကို ကိုးကွယ်မိတဲ့အခါကျတော့ အရည်းကြီးတွေ လွှမ်းမိုးနေကြပါတယ်။ အဲဒီအခါမှာ သာသနာပြု ရှင်အရဟံ ရောက်လာပြီးတော့ ထေရဝါဒကို ပြောင်းလဲကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ အနော်ရထာ မင်းကြီးကို အရင်က အရည်းကြီးကို ကိုးကွယ်ခဲ့လို့ အခုလည်း ကိုးကွယ်နေမှာပဲလို့ အယုံအကြည် မရှိဘူးလို့ ပြောလို့ မရပါဘူး။ ဒါဟာ အင်မတန် မွန်မြတ်တဲ့ အပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ ဒါမျိုးကိုလည်း ကျွန်မတို့ ယုတ္တိရှိမယ်ဆိုလို့ရှိရင် သဘာဝကျကျ လက်သင့်ခံနိုင်ရမှာ ဖြစ်ပါတယ်။ နောက် လောကကြီးမှာ အားလုံးဟာ အချိန်နှင့်အမျှ ပြောင်းလဲနေကြတာ ဖြစ်ပါတယ်။ မိမိရဲ့ စိတ်သွားရာ အတိုင်း ဆောင်ရွက်နေကြရတဲ့ ပြည်သူလူထုတွေရဲ့ရှေ့က ဆောင်ရွက်နေကြရတဲ့ သူတွေကတော့ စိတ်ထင်တိုင်း လုပ်လို့မရပါဘူး။ စိတ်ထင်တိုင်း ဆောင်ရွက်လို့ရပါဘူး။ ပြောသင့်တာ ပြောရမယ်၊ ဆိုသင့်တာ ဆိုရမယ်။ လုပ်သင့်တာလုပ်ရမယ်။ တစ်ခါတစ်လေ ဒေါသ ဖြစ်နေပေမယ့် ဒေါသ ဖြစ်ပြီးသကဲ့သို့မဟုတ်ပဲနဲ့ ပြုံးပြုံးလေးပြောချင်လည်း ကျွန်မတို့ ပြောရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့် ။ ကာလံ ဒေသံ အင်္ဂ ခနံ ဆိုသော စကား၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန် ဆိုသော စကား၊ နောက်တစ်ခါ သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းလုပ်လို့ အုပ် ဆိုသောစကား လသာတုန်း ဗိုင်းငင်၊ မိုးလွန်မှ ထွန်ချ၊ စစ်မရောက်ခင်က

မြွားကုန်၊ အချိန်နဲ့ဒီရေသည် လူကိုမစောင့် ဆိုတာတွေဟာ စီ မံခန့်ခွဲမှု ကောင်းနဲ့ အင်မတန် အဖိုးတန်တဲ့ အချိန်ကို ခွဲခြမ်းစိတ်ဖြာပြီးတော့ သူ့နေရာနဲ့သူ အသုံးချတတ်ဖို့ ဒါ အဓိပ္ပာယ် သက်ရောက်တယ်လို့ ကျွန်မ ယုံပါတယ်။ အဲဒီမှာ နောက်တစ်ခုက ထကြွနိုးကြား သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဆိုတဲ့ နာယကဂုဏ်နဲ့ ခေါင်းဆောင်တွေရဲ့ ရှိသင့်တဲ့ အရည်အချင်းတွေထဲက သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဆိုတာ လွန်စွာမြင့်မားတဲ့ အရည်အချင်းလို့ ကျွန်မက အဲဒီလို ယုံတယ်။ အဲဒီမှာ သူက ဘာတွေပါလဲဆိုတော့ ရုပ် ပိုင်း စိတ်ပိုင်း ပိုပြီးတော့ ရုပ်ပိုင်းထက် စိတ်ပိုင်းက ပိုပြီးတော့များတယ်လို့ ဒါ သဘောရ တယ်နော် အဲဒီ ခေါင်းဆောင်အရည်အချင်းကို အလေးအနက်ထား ပြီးတော့ ကျွန်မတို့က ကြိုးစား ပြီးတော့ အဲဒီ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ကို ဖြည့်ဆည်းပုံဖော်ပေးရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သမ္မတကြီးရဲ့ မတ်လ ၁ ရက်နေ့က ပြောသွားတဲ့ မိန့်ခွန်းထဲမှာ ကျွန်မ နည်းနည်းပါးပါး ကောက်နု တ်ပြီးတော့ ဒါကို ပြောပြပါရစေ။ နိုင်ငံတော် တည်ဆောက်ရေးဆိုရာမှာ အခုလို ခေတ်တစ်ခေတ်ကနေ ခေတ်တစ်ခေတ်၊ စနစ် တစ်ခုကနေ စနစ်သစ်တစ်ခု ကို ကူးပြောင်းနိုင်ရေး ဆောင်ရွက်ရာမှာ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ စနစ်တကျနဲ့ ခိုင်ခိုင်မာမာရှိမှုတို့ဟာ သိပ်ကို အရေးကြီးပါတယ်လို့ ပြောထား ပါတယ်။ ဒီကနေ့ဆိုရင် ကျွန်တော်တို့ တည်ဆောက်ခဲ့တဲ့ ကျွန်တော် တို့ ကြိုးပမ်းခဲ့တဲ့ နိုင်ငံရေး လုပ်ငန်းစဉ်ဟာ သိသိသာသာ အကောင်အထည်ပေါ်လာ စ ပြုနေပြီဖြစ်ပါတယ်။ မတူညီတာ တွေကိုဖယ်ပြီး တူညီတာတွေ ပူးပေါင်းလုပ်ကိုင်သွားကြမယ်ဆိုရင် ကျွန်တော်တို့ ဒီမိုကရေစီ ကလည်း ခိုင်မာသည်ထက် ခိုင်မာလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဗဟိုပြုပြီး ဒီမိုကရေစီဖြင့် ဒီမိုကရေစီစနစ်သစ်ကို ကူးပြောင်းနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရကို ခိုင်ခိုင်မာမာ အားကောင်းအောင် အပြန်အလှန် နားလည်မှု၊ ယုံကြည် လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ကူညီကြပါ။ ဒီနေ့ ဒီအချိန်မှာ တိုင်းရင်း သား ပြည်သူ တစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒတွေ အကုန်လုံးကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသော်ငြားလည်း ကျွန်တော်တို့ အစိုးရအနေနဲ့ အသက်နဲ့ခန္ဓာကိုယ်ကို စွန့်လွှတ်ပေးဆပ်ဖို့အထိ ကြိုးပမ်းဆောင်ရွက် သွားမှာဖြစ်ကြောင်းလို့ ကတိပြုမိန့်ကြားသွားတာကို မီဒီယာအသီးသီးမှတစ်ဆင့် တစ်နိုင်ငံလုံးရော၊ နိုင်ငံအသီးသီးပါ တစ်ကမ္ဘာလုံးနီးပါး သိပြီးဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားနေတဲ့ အခုလိုအချိန်မှာ ပြဋ္ဌာန်းချက်တွေရဲ့ အ နှစ်သာရတွေကို ကျွန်မတို့ အမှန်အတိုင်း

သိအောင် လေ့လာပြီး အားနည်းချက် အားသာချက်တွေ ပြည်သူနဲ့လိုက်လျောညီထွေ ဖြစ်တာတွေ၊ မဖြစ်တာတွေ ရှာဖွေတွေ့ရှိခဲ့ရင် အခန်း(၁၂)မှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအရ လိုအပ်သလို လိုက်နာဆောင်ရွက်လို့ရကြောင်း ဖော်ပြပြဋ္ဌာန်းထားပြီး ဖြစ် ပါတယ်။ ဒါက အခုရောက်နေတဲ့ အခြေအနေမှာ သမ္မတကြီးရဲ့ သဘောထား ဖြစ်ပါတယ်။ သမ္မတကြီးရဲ့ မိန့်ခွန်း တွေကို ရှင်းလင်းထားတာပါ။ အခြေအနေ အရပ်ရပ်အရ ကျွန်မတို့ဟာ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဆိုတဲ့ အချက်(၄)ချက်ကို အချိန်အခါ၊ အခြေအနေ၊ နေရာဒေသ အားလုံး ဖြန့်ကျက်လေ့ လာ သုံးသပ်ပြီးမှ တိုင်းပြည်နဲ့ လူမျိုး အကျိုးရှိမယ့် ဆောင်ရွက်ချက်များ လုပ်ကြရမှာဖြစ်ပါတယ်။

ဥပမာအနေနဲ့ ဥက္ကဋ္ဌကြီး ကျွန်မကို ခွင့်ပြုပေးပါ။ တောင်ဥက္ကလာပမှာ ဖြစ်တဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြချင်တာပါ။ ဘာလို့လဲ ဆိုတော့ ဒါ နိုင်ငံတော်နဲ့ နိုင်ငံသား၊ အစိုးရ နဲ့ ပြည်သူလူထုရဲ့ကြားမှာ ဖြစ်တတ် တဲ့ သဘာဝက လေးတွေက ဘာလဲဆိုတော့ တောင်ဥက္ကလာပ (၁၅)ရပ်ကွက်က လူတွေကို ကွန်ကရစ်စက်ရုံတည်မယ် ဆိုတဲ့အခါကျတော့ မလွတ်လို့ဆိုပြီးတော့ ဖယ်ပေးပါဆိုပြီးတော့အထက်ကနေပြီးတော့ ညွှန်ကြားချက် ရောက်ပါတယ်။ အဲဒီအခါကျတော့ သူတို့ကို ဖယ်ပေးဖို့အတွက်ပါ သို့သော်လည်း ဆင်းရဲသားတွေ ဖြစ်တဲ့အတွက် သူတို့ အချိန်မီ ဖယ်မပေးနိုင်ပါဘူး။ အဲဒီအခါမှာ သက်ဆိုင်ရာကနေ လာပြီး ကားတွေနဲ့လာပြီး သယ်ပြီး ဖယ်ပေးလိုက်ပါတယ်။ ဖယ်ပေးလိုက်တော့ အားလုံးပဲ သူတို့သွားပြီးပို့တဲ့နေရာကိုပေါ့ အကုန်လုံး ပြောင်းပြီးသား ဖြစ်နေတယ်။ ဖြစ်သွားပေ မယ့် ဘာကျန်နေလဲဆိုတော့ အဲဒီအထဲမှာ ပါသွားတာက ကျောင်းတက် နေဆဲ ကလေးလေးတွေ၊ ကျောင်းသားတွေ (၁၈၀)လောက် ပါသွားတယ်လို့ ပြောပါ တယ်။ အဲဒီအခါမှာ ကျောင်းသားလေးတွေက စာမေးပွဲဖြေရာမှာ သူတို့ ဖေဖော်ဝါရီ မတ်လလောက်မှာ ဖြေရမှာ သူ တို့ဟိုကိုပြောင်းရမှာ နိုဝင်ဘာ၊ ဒီဇင်ဘာ အဲဒီလို ဆိုတဲ့အခါ ကျောင်းတက်ဖို့ ကော စာမေးပွဲဖြေဖို့အတွက်ကကော တော်တော်လေး အခက်အခဲ ဖြစ်ပါတယ်။ အဲဒီကျတော့ အဲဒါကို ကျွန်မ ဆိုလိုတာက အဲဒီဟာကို နောက်ဆုံးကျတော့ တွေ့နေတဲ့ အခက်အခဲကို ရန်ကုန် တိုင်းက ဖြေရှင်းပေးလိုက်နိုင်တာတော့ ဖြေရှင်းပေးလိုက်နိုင်ပါတယ်။ သို့သော်လည်း ဒါ မိမိတစ်ခုခု၊ နိုင်ငံတော်က တစ်ခုခုကို ဆောင်ရွက်မယ်၊ အကောင်အထည်ဖော်မယ်လို့ စဉ်းစားတဲ့အခါ ၊ ဆောင်ရွက်တဲ့အခါ အစကတည်းက စီမံတဲ့အခါမှာ နိုင်ငံတော် ရဲ့ နိုင်ငံသားတွေကို ဒါမှမဟုတ် ပြည် သူလူထုကို ထိခိုက်စရာ ပါသလား။ သူတို့အတွက် နစ်နာသွားမယ့်အချက်တွေ ပါ သလားဆိုတာ ကိုယ်က ကြိုတင်စဉ်းစားပြီးတော့

ဆောင်ရွက်သင့်တယ်။ ဒီလိုတွေ့လာမယ့် Side Effect တွေကို ဖြေလျှော့ပေးနိုင်မယ့် အချက်တွေကို ကိုယ်က အရင်ကြိုတင်ပြီးတော့ ဒါဟာ စီစဉ်ပြီးတော့ ထားနှင့်ရင် လုပ်တဲ့ကိုင်တဲ့အခါမှာ အဖုအထစ် မရှိပဲနဲ့ ပြည်သူလူထုနဲ့ အစိုးရရဲ့ ကြားမှာ လုံးဝအဆင်ပြေသွားမယ်။ ချောမွေ့သွားမယ်။ အဲဒီတော့ အခုလည်း ဒါ ဒေါက်တာ  အေးမောင်  အနေနဲ့ကတော့ သူက စေတနာနဲ့ ဒါတွေ အကုန်လုံးဟာ အမှန်တကယ်တော့ နိုင်ငံတကာစံတို့ ၊ အာဆီယံစံတို့ စေတနာနဲ့  တင်ပြတာပါ။ နိုင်ငံတကာနဲ့ အာဆီယံစံတို့ဟာလည်း  အခုဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ နိုင်ငံခြား နဲ့ အာဆီယံနဲ့ အခု  ဥက္ကဋ္ဌကြီး  တို့လည်း  သွားမယ့်တန်းလန်းမှာ အဲ  ဒီလို သွားပြီးတော့ ကွန်ယက်တွေကို ဖြန့်ပြီးတော့ အဆက်သွယ်ကောင်းတွေနဲ့ ဆောင်ရွက်နေကြပြီ  ဆိုတဲ့အခါမှာ နိုင်ငံရေးရော၊ လူမှုရေးရော၊ စီးပွားရေးရော  အကုန်လုံးဟာ နိုင်ငံတကာနဲ့  ညှိနှိုင်းပြီးဆောင်ရွက်နေတဲ့အခါမှာ တိုးတက်လာရင် တိုးတက်လာသလို ဒါ  အချိန်အခါ ပေးရင် ပေးသလို အခြေအနေ ပေးရင် ပေးသလို  ဆောင်ရွက်ပေးမယ်လို့ ကျွန်မတို့က အဲဒီလို ယုံကြည်  ထားပါတယ်။ အဲဒီတော့ ဒါကလည်း တဖက်ကလည်း ဆန္ဒမစောဖို့ရယ် ၊ တစ်ဖက်ကလည်း လိုအပ်လာလို့ရှိရင် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ဖြေလျှော့ပေးနိုင်မယ့် နည်းတွေကို ရှာဖွေထားဖို့ပါ။

နိဂုံးချုပ်အနေနဲ့ ကျွန်မပြောရမယ်ဆိုလို့ရှိရင်တော့ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ နံပါတ်(၁)ကတော့ ကျွန်မတို့  ခံယူဆောက်တည်နေတဲ့ ကတိသစ္စာရဲ့ လိုက်နာရမယ့်  အချက်အလက်တွေ  ဖြစ်ပါတယ်။ နောက် နံပါတ် (၂)ကတော့ နိုင်ငံ တော်ဖွဲ့စည်းပုံ  အခြေခံ  ဥပဒေရဲ့ သက်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များ  ဖြစ်ပါတယ်။ နံပါတ် (၃)ကတော့ နိုင်ငံတော်  သမ္မတကြီးရဲ့ လက်ရှိအခြေအနေနဲ့ နောင်  ထပ်မံဆောင်ရွက်မယ့် အချက်အလက် ၊ အခြေအနေများ  အပေါ် မိန့်ကြား၊  မှာကြားချက်များ  ဖြစ်ပါတယ်။  နံပါတ်  (၄)ကတော့ ပြည်သူလူထုရဲ့  လက်ရှိရောက်ရှိနေသော အခြေအနေကောင်းများရဲ့ အချို့သော  လိုအပ်ချက်များကို ခံစားနေရတဲ့  ဝေဒနာတွေ ဖြစ်ပါတယ်။  နံပါတ်(၅)ကတော့ နိုင်ငံတော် ရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ကွန်ရ  က်  ဖြန့်ကျက် ဆောင်ရွက်ချက်များ  ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဒီမိုကရေစီနိုင်ငံတို့၏ အရွှေ့  နဲ့  နည်းစနစ်များ အားလုံးကို ဘက်စုံ ထောင့်စုံက စိစစ်ဝေဖန် သုံးသပ်ပြီးတော့ တိုင်းရင်းသားလုပ်သားပြည်သူများ မနာကျင်စေမည့်၊ မထိခိုက်စေမည့် အစွန်းမရောက်သော ဆုံးဖြတ် ဆောင်ရွက်ချက်များသည်သာ အကောင်းဆုံးဖြစ်မယ်လို့ ဒါထင်တာ ကျွန်မ သုံးသပ်ဆွေးနွေး တင်ပြအပ်ပါတယ်။ရှေးရှေးတုန်းက ရွှေဥ ဥတဲ့ ငန်းလိုပဲ တစ်နေ့ တစ်ဥ တစ်နေ့ တစ်ဥ ဥရာကနေပြီးတော့ နည်းနည်းလောဘကြီးပြီး

ခွဲလိုက်တဲ့ အခါကျတော့ နောက်ဆုံးကျ ဘာမှ မရတော့ဘူးဆိုတာ ကျွန်မတို့ ဒါ ကြားဖူး၊ သိဖူး၊ မှတ်ဖူးပါတယ်။ အဲဒီကျတဲ့အခါကျတော့ ခုလို ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်နေတဲ့အခါမှာ အင်မတန် သိမ်မွေ့တဲ့ စောစောကလည်း တင်ပြသွားပါတယ်။ ဒီ ဆရာ ဒေါက်တာအေးမောင် ရဲ့ တင်ပြဆွေးနွေးထားတဲ့အထဲမှာ အဆိုပြု ထားတဲ့အထဲမှာ ကောင်းတဲ့အချက်တွေ အများကြီး ပါပါတယ်။ အမှန်ဖြစ်သင့်တာတွေ အများကြီး ပါပါတယ်။ သို့သော်လည်း လက်ရှိအခြေအနေ အရပ်ရပ်ကို သုံးသပ်လေ့လာ ဝေဖန်စိစစ်ပြီးတဲ့ အခါကျတော့ အင်မတန်အရေးကြီးတဲ့ ဒါကတော့ Management ပေါ့နော်။ ဒါ တိုးတက်တာချင်း အတူတူမှာ Management ကောင်းတာက ပိုပြီးတိုးတက်ပြီးတော့ Management ညံ့လို့ရှိရင်၊ စီမံခန့်ခွဲတာ ညံ့ရင် ဒါ သူက နှေးကွေးမယ်၊ ဒါမှမဟုတ်ရင် ကြားထဲမှာ အနှောင့် အယှက်၊ အဖျက်အဆီးတွေ တွေ့ မယ်။ အဲဒီလိုဆိုတော့ ကောင်းပင် ကောင်းငြားသော်လည်း တစ်ချို့ အချက်တွေကျတော့ အခုတင်ပဲ အကောင်အထည် ဖော်နေပါပြီ ။ တစ်ချို့အချက် တွေကျတော့ အချိန်အခါ နည်းနည်း ပါးပါး စောင့်ရမှာဖြစ်တဲ့အတွက် ဒါ ကျွန်မကတော့ ကာလ ဒေသ အဂ္ဂ ခနဲ နှင့်အညီ ကာယကံရှင် ဘက်ကနေပြီးတော့ သည်းခံပြီးတော့အခါကျတော့ စိတ်ရှည်လက်ရှည်နဲ့ မိမိစေတနာကို ပုံဖော် ပါလို့ မေတ္တာရပ်ခံရင်းနဲ့ ဒေါက်တာအေးမောင် ရဲ့ အဆိုကို ကျွန်မ ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅:၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး ခေတ္တရပ်နားပါမယ်။ ၁၅:၁၅ နာရီမှာ ပြန်စပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅:၀၀ နာရီတွင် ခေတ္တရပ်နားပြီး ၁၅:၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၅:၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၁၅။**

**ဦးဇုန်လှယ်ထန်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဖိတ်ကြားထားတဲ့ ပြည် ထောင်စုအဆင့် ပုဂ္ဂိုလ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီအဆိုကို ဆွေးနွေးတဲ့အချိန်မှာ ကျွန်တော်ကတော့ ဒီ အခန်း(၁၇) ဝန်ထမ်းစနစ် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ဝန်ထမ်းလောကမှာ ကျင့်သုံး နေတဲ့ ဒီစနစ်ကိုပြောပြီးတော့ ဒီအပေါ်မှာ ဘယ်ဌာနတွေက ဘယ်လိုလုပ်သင့်တယ် ဆိုတာမျိုး အကြံ ပေးပြီးတော့ ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ကျွ န်တော်တို့ မြန်မာနိုင်ငံမှာ အခု လက်ရှိ ကျင့်သုံး နေတဲ့ ဒီ ဝန်ထမ်းစီမံခန့်ခွဲရေးမှာ Bureaucracy ပုံစံကို ကျင့်သုံးနေပါတယ်။ Bureaucracy ဆိုတာကတော့ အဖွဲ့လိုက်နဲ့ စားပွဲတစ်ခုကနေ တစ်ခုကို အလုပ် တစ်ခု လုပ်တဲ့ အချိန်မှာ စားပွဲတစ်ခုကနေ တစ်ခု Passing လုပ်ပြီးတော့ နောက်ဆုံးကျမှ လုပ်လို့ရတဲ့စနစ်မျိုး ဖြစ်ပါ တယ်။ အဲဒီလိုစနစ်မျိုးကို ကျင့်သုံးနေတဲ့အချိန်ကျတော့ ကျွန်တော်တို့က လိုအပ်တဲ့ ဝန်ထမ်းတွေ ကလည်း အရမ်းများတယ်။ ပြီးတော့ အချိ န်ကလည်း ကြန့်ကြာတယ်။ စားပွဲတစ်ခု ကနေ တစ်ခု ကို Pass လုပ်ဖို့မှာ အရင်တုန်းကဆိုရင် တစ်လ ကြာချင်ကြာမယ် သို့မဟုတ် ငွေကြေး Amount ဘယ်လောက်လိုသလဲဆိုတာ ရှိရင်ရှိမယ်။ အခု ကျွန်တော် အရင်အပတ်က MICB မှာ ဘဏ်ထဲမှာ ကျွန်တော် ငွေထည့်ဖို့ သွားတဲ့အချိန်မှာ ကျွန်တော့် Account ထဲမှာ ဘဏ်ထဲ ငွေထည့်ဖို့လေးကို (၅)မိနစ်လောက်လေးနဲ့ ပြီးနိုင်တဲ့ဟာကို ကျွန်တော် (၃)ရက် ကြာတယ်။ အဲဒီမှာ ဘယ်လိုလုပ်

ရလဲဆိုတော့ ပထမဆုံးမှာ ငွေဒေါ်လာကို သွားဝယ်ရပါတယ် ။ ဒီ ဘဏ်ထဲသွင်းဖို့ လျှောက်လွှာတင်၊ တင်ပြီးတော့ စားပွဲ တွေကို ပတ်ပတ်ပြီးတော့ (၁)ရက်လောက် ကြာတယ်။ နောက် (၁)ရက်ကျတော့ ပတ်ပြီးတော့ ငွေသွင်းခွင့်တော့ ရတယ်။ အဲဒီမှာ ဘဏ်ထဲမှာ သွင်းခွင့် မရှိသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်နေ့မှပဲ သွင်းလို့ရမယ်ဆိုတော့ အဲဒီလိုမျိုး တ ခြားနိုင်ငံမှာ ဘဏ်မှာ ကိုယ့်ငွေကို သွားသွင်းရင် (၅)မိနစ်လောက်ပဲ ကြာမယ့် ကိစ္စကို ကျွန်တော်တို့ နိုင်ငံမှာ (၃)ရက်ကြာတယ်။ ဒါက ကျွန်တော်တို့ သုံး တဲ့ System ပေါ့နော်။ ဒါ ကျွန်တော်တို့မှာ ဒီလိုမျိုး တစ်ခြားနိုင်ငံ လို အကယ်၍ (၅)မိနစ်လောက်နဲ့ ပြီးအောင် လုပ်နိုင်ရင် ကျွန်တော်တို့ အချိန်ကုန်လည်း သက်သာမယ်။ လူ ပင်ပန်းလည်း သက်သာမယ်။ ဝန်ထမ်း အင်အားလည်း ဒီလောက် အဲဒီမှာ စစ်ဆေးပြီးတော့ သွားရတာ စားပွဲတစ်ခုကနေ တစ်ခု Passing လုပ်နေတဲ့အချိန်မှာ သုံးရတဲ့ဝန်ထမ်းအင်အားနဲ့ Effect တွေ၊ Force အင်အားတွေကို အဲဒီမှာ Waste ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒီမှာကျတော့ ဒေါက်တာအေးမောင် တင်ထားတဲ့အဆိုမှာ ကျွန်တော်တို့ စနစ်တွေမှာ ကျွန်တော်တို့ ချဲ့ခြင်း၊ ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း ဆိုတာမျိုး ကျွန်တော်တို့ ဒီ MICB မှာ ဒီ (၅)မိနစ်လောက်နဲ့ ပြီးနိုင်တဲ့ကိစ္စကို (၃)ရက်ကြာအောင် ဒါ (၅)မိနစ်မှ မပြီးနိုင်ဘူးဆို ရင် ဘာဖြစ်လို့ ဌာနတွေ မချဲ့တာလဲ သို့မဟုတ် ဘာဖြစ်လို့ ဒီလောက်တောင် ကြာတာလဲ ပေါ့။ ဒါက အလကားသက်သက်နဲ့ ကျွန်တော်ထင်တော့ ထင်ပါတယ်။ E- Government မဖြစ်နိုင်သေးလို့လည်း တစ် ခုတော့ဖြစ်မှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ ငွေသွင်းဖို့အရေးလောက်ကိုတော့ Computer နဲ့ ဖလပ်ဖလ ပ်ဆိုပြီးတော့လည်း ထည့်ရမယ့်နေရာမှာ မန်နေဂျာတစ်ယောက်က လက်မှတ်ထိုးလိုက်ရုံနဲ့ ပြီးနိုင်တဲ့ ကိစ္စ။ ကျွန်တော်တို့က ဟိုဖိုင်တွဲ ကြီးပုံထပ်နေတဲ့ဟာကြီးကို သွားပြီးတော့ တစ်ခုပြီးတစ်ခု အဲဒီ စနစ်မျိုးနဲ့ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ အချိန်ကျတော့ ဒါ လုံးဝ ဒီခေတ်မှာ မဖြစ်သင့်တဲ့စနစ်လို့ မြင်ပါတယ်။ ဒီစနစ်ကို ပြောင်းလို့ရှိရင် ကျွန်တော်တို့ မလိုအ ပ်တဲ့ ဝန်ထမ်းအင်အားတွေကို တစ်ခြားနေရာတွေမှာ ရွှေ့လို့လည်း ရမယ်။ ဌာနသစ် ဖွင့်လို့လည်းရမယ် ။ ဒေါက်တာအေးမောင် ရဲ့ အဆိုဟာ ချက်ချင်းလက်ငင်းကြီး လုပ်ဖို့တော့ လုပ်နိုင် မလုပ်နိုင်တော့ မသိပါဘူး။ သို့သော် ဒါက အရမ်းကောင်းတဲ့အဆိုလို့ပဲ ကျွန်တော် မြင် တယ်။ ကျွန်တော်တို့ ဒီ Concept လေးက အစိုးရမှာ နောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို ဒီ Concept လေးကို အစိုးရမှာ ကျန်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံတိုးတက်ဖို့အတွက် သော့ချက်တစ်ခုဖြစ်မယ်လို့ ကျွန်တော် ထင် ပါတယ်။ အခု ဒါက ကဏ္ဍတစ်ခု ပေါ့နော်။

ကျွန်တော်တို့ ပညာရေးကဏ္ဍမှာ ကြည့်ရအောင်၊ ပညာရေးကဏ္ဍမှာလည်း ကျွန်တော်တို့ ဥပဒေတော့ ပြုထား တယ်။ အခြေခံပညာအဆင့် ကိုယ်ပိုင်ကျောင်း ဥပဒေတွေ။ ဒါပေမဲ့ ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့ဥပဒေတွေ ဘယ်လောက်လက်တွေ့မှာ အသုံးဝင်သလဲဆိုရင် မသိဘူး။ ဘာဖြစ်လို့ လဲဆိုတော့ Very Restrict ဖြစ်တယ်။ လက်တွေ့မှာ ပုဂ္ဂလိက ဘယ်လောက်ထိ ဒီဥပဒေတွေကို သုံးနိုင်သလဲ၊ မသုံးနိုင်ဘူးဆိုရင် Private School တွေက နေရာအနှံ့မှာလည်း ရှိနိုင်မယ်မထင်ဘူး။ ဒီ ဥပဒေအတိုင်းဆိုရင် ။ တကယ်စီးပွား ရေးဖြစ်တဲ့ မန္တလေးတို့ ရန်ကုန် လောက် တို့မှာပဲ ဖွင့်ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဘာသာရေးနဲ့ ပတ်သက်တဲ့ Monestry ကျောင်းတွေလည်း ခွင့်မပြုဘူး။ သူ့ရဲ့ ကန့်သတ်ချက်ဖြစ်တဲ့ တခြား Subject သင်ခွင့်တွေလည်း အရမ်းခက်ခဲနေတဲ့အပိုင်းဆိုတော့ ဒီကျွန်တော်တို့ ပညာရေး ကဏ္ဍ မှာလည်း အစိုးရကပဲ ဆက် ပြီးတော့ အကုန်လုံးတာဝန်ယူရမယ့် ပုံစံဖြစ်နေတယ်။ အခုလာမယ့် (၅)နှစ်မှာလည်း ဒီလိုပဲဖြစ်လာမှာပဲလို့ ကျွန်တော်ခန့်မှန်းပါတယ်။ ကျွန်တော်တို့ ဥပဒေတွေကို ပြုပြင်ပြုသော်ငြားလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးက ကျွန်တော် တို့ အမျိုးသားလွှတ်တော်ကို လာဖြေတဲ့အချိန်မှာ ကျွန်တော်တို့ နိုင်ငံမှာ (၇၀)ရာခိုင်နှုန်းက ကျေးလက်မှာနေတယ်။ သို့သော် ဒီ ကျေးလက်ပညာရေးကို ကြည့်မယ်ဆိုရင် သူက ဝန်ခံတာ ကျေးလက်ကျောင်းတစ်ကျောင်းက မူလတန်းမှာ ကျောင်းဆရာ (၂)ယောက်ထက် ပိုမထားနိုင်ဘူးဆိုတာ သူ ဝန်ခံပါတယ်။ ဆိုတော့ ကျွန်တော်တို့ တိုးတက်ဖို့ အရှိန်ယူရတဲ့ အချိန်မှာ ဒီလိုဝန်ထမ်းအင် အား ချဲ့ဖို့ပေါ့နော်။ ဒီလို တိုး ချဲ့ဖို့ ဘယ်လောက်လိုသလဲ။ ကျွန်တော်တို့ နိုင်ငံမှာ သင်ပေးနေတဲ့ ပညာရေးစနစ်က တကယ့် Quality ရှိတဲ့ ပညာရေးစနစ်ကို ကျွန်တော်တို့ လုပ်ချ င်တယ် ဆိုပေမယ့် ဒီ အခုလက်ရှိ ဆရာ အချိုးနဲ့ လုံးဝ မဖြစ်နိုင်ဘူး။ (၃၀)အချိုးမှာ (၁)ယောက်ပဲကျတယ် ကျွန်တော်တို့နိုင်ငံမှာ။ သူများနိုင်ငံမှာ ၁၅း၁ လောက် ဖြစ်နေတယ်ဆိုတော့ ကျွန်တော်တို့ ဒီမှာလည်း အစိုးရက စဥ်းစား ဖို့ကတော့ အခု ဦးမန်းကံညွန့် ပြောသ လို တစ်ခုလုပ်လိုက်ရင် လည်း အကုန် ပြိုလဲတော့မယ့် ပုံစံမျိုးတော့ ကျွန်တော် မမြင်ပါဘူး။ သူ့ဟာသူ အစိုးရကတော့ Very Wisely ပေါ့နော်။ စီမံခန့်ခွဲတတ်မယ်လို့ ကျွန်တော် မြင် ပါတယ်။ ဒီ Concept လည်းပဲ အဓိက ကတော့။ ဆိုတော့ ဒီမှာ ကျွန်တော်တို့ လိုအပ်တဲ့ မူ လတန်းမှာ (၅)တန်းရှိတယ်ဆိုပါတော့ တစ်တန်းမှာ တစ်ယောက် ကိုင်မယ်ဆိုရင် ကျွန်တော် Subject က (၆)ခုလောက်ဆိုရင် တစ်တန်းမှာ တစ်ယောက်ကိုင်ရင်တောင်မှ မနက် (၉)နာရီ ကနေ ညနေ (၅)နာရီထိ စာသင်ရမှာ၊ မူလတန်းကျောင်းတစ်ကျောင်းမှာ (၅)ယောက်

ခန့်ဖို့ ဆိုတာတောင်မှ ကျွန်တော်တို့ ဝန်ထမ်း ဘယ်လောက် လိုမလဲ။ လက်ရှိ ကျင့်သုံးနေတဲ့ ပညာရေးစနစ်မှာ တစ်ဖက်မှာ ဒီ နေပြည်တော်တို့မှာ ကျွန်တော်တို့ ကြားနေ ရတာက တချို့တွေက ရုံးသွားတက်မယ်။ နေ့မှာ လက်မှတ်ထိုးမယ်။ စကားစမြည် နည်းနည်းပြောမယ်။ ထမင်းစားမယ်။ ည နေပြန်သွားမယ်။ အဲဒီလိုဖြစ်တဲ့ ဝန်ထမ်းဌာနတွေလည်း တစ်ပုံချည်း။ ဒီလိုမျိုး တစ်ဖက်နဲ့တစ်ဖက် အချိန်ညှိတဲ့အချိန်မှာ ဒီ ကျွန်တော်တို့ အစိုးရက ဒီ ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်း၊ အသစ်ဖွဲ့စည်းခြင်းကို ဒီ Concept လေးကို မြင်တတ်ဖို့ လိုတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ နောက်ဌာနတစ်ခုကို ကြည့်ကြည့်ရအောင်၊ ကြည့်ကြည့်မယ် ဆိုရင် ဒီအဆိုရှင် ပြောသွားတဲ့အတွက်ကြောင့် အခု ပြည်ထဲရေး ဝန်ကြီးဌာနကို ကြည့်မယ်ဆိုရင် အခု ကျွန်တော်တို့က ဌာနတစ်ခုမှာ SB လိုင်း လည်းရှိတယ်။ ဌာနက စသုံးလုံး လိုင်းလည်း ရှိတယ်။ ဒါတွေကလည်း သူတို့ အလုပ်ကလည်း ဒီ ထောက်လှမ်းရေးအလုပ်တွေပဲ။ စောစောက ဒါ ဘာဖြစ်လို့ သက်သက် ခွဲနေစရာလို့လဲ။ စသုံးလုံးဆိုရင်လည်း တရားရုံးက အရမ်းကြောက်တယ်။ စသုံးလုံး Case ဆိုရင်လည်း ထောင်ချကို ချရမယ်ဆိုတဲ့ ပုံစံမျိုးဖြစ်နေတယ် ကျွန်တော်တို့ တိုင်းပြည်မှာ လက်တွေ့ ဒါ။ ဒီ ဒါမျိုးတွေ ကျွ န်တော်တို့နိုင်ငံမှာ ဖြ စ်ပျက်နေတယ်။ ဆိုတော့ကာ ဒီဌာနတွေကလည်း ဘာဖြစ်လို့ ဒီလိုဖြစ် နေသလဲ။ ဒါ ကျွန်တော်ဖြစ်စေချင်တာပေါ့။ အခု SB တို့၊ စသုံးလုံးတွေကို တွဲပြီး တော့ နိုင်ငံတော်က သမ္မတကနေ Direct ကိုင်တဲ့ အဖွဲ့အစည်းပုံစံမျိုး။ အဲဒီလိုမျိုးကို ကျွန်တော်ကတော့ အကြံပြုချင်တာပါ။ ရဲကတော့ ခုန အခြေခံဥပဒေ သွားကြည့်တော့ ဇယား(၁) အောက်မှာပါတော့ ကျွန်တော်ကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအောက်မှာ ထားစေချင်တယ်လို့ ပြော မလို့ပဲ။ ဒါပေမဲ့ အခြေခံဥပဒေနဲ့ ရဲက ဇယား (၁)မှာ ပါနေတယ်။ အဲဒီလိုပေါ့ သူ့ရဲ့ စီမံခန့်ခွဲတဲ့ပုံစံမှာ ကျွ န်တော်တို့ ဒီ အ ခု ဒါက ချက်ချင်း လက်ငင်းကြီး မလုပ်ရင်တောင်မှ တဖြည်းဖြည်းချင်း ဒါက လုပ်လို့ရတဲ့အပိုင်းဖြစ်တယ် လို့ ကျွန်တော် မြင်ပါတယ်။ ပြီးတော့ တချို့ ဝန်ကြီးဌာနတွေမှာလည်း ကျွန်တော်တို့ အစိုးရက ကိုင်တဲ့အပိုင်းတွေ အရမ်းများနေပါတယ်။ အခု ကျွ န်တော်တို့ အရင်ခေတ်တုန်းက ဦးညွန့် တင် တို့လည်း ဆွေးနွေးပါတယ်။ The Best Government is no Government အစိုးရက ကိုင်တဲ့ဟာတွေ အရမ်းများနေလို့ရှိရင် ပိုပြီးတော့ ကောင်းတဲ့အစိုးရ မဖြစ်နိုင်ဘူး။ သူ့ဟာနဲ့သူ ပုဂ္ဂလိကနဲ့ လည်ပတ် အတတ်နိုင်ဆုံး လည်ပတ်ခိုင်းမှပဲ ကျွန်တော်တို့ ကောင်းတဲ့ အစိုးရဆိုတာ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဆိုတော့ကာ Retrenchment နဲ့ သူ ခုနက ချုံ့ခြင်းပေါ့နော်။ ကျွန်တော်တို့ တခြားနိုင်ငံမှာတော့ ဒီမှာ

ကုမ္ပဏီတစ်ခုကတော့ သူကရှုံးတော့မယ်လို့ မြင်ရင်တော့ Retrenchment လုပ်ပစ်လိုက်တယ်။ ဒါ အစိုးရတစ်ခုအနေနဲ့ကတော့ ဒီလိုလုပ်ဖို့က အရမ်း ခက်ခဲပါမယ်။ အဲဒါကြောင့် နဂိုကတည်းကနေ အစိုးရအ ဖွဲ့အစည်းတွေ၊ ဌာနတွေကို လုပ်တဲ့ အချိန်မှာ စဥ်းစဥ်းစားစားနဲ့ ကျွန်တော်တို့အစိုးက လုပ်သင့် တယ်လို့ ကျွန်တော် မြင်ပါတယ်။ အနည်းဆုံး အစိုးရကတော့ ဒီဝန်ကြီးဌာနတွေကိုတော့ အနည်းဆုံး ကိုင်သင့်ပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ အခုချက်ချ င်းလက်ငင်း ဦးမန်းကံညွန့် ပြောသလိုပဲ လုပ်ရင်တော့ မဖြစ်နိုင်တဲ့ အပိုင်းတော့ ရှိမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် တို့ ဒီစီးပွားရေး ပိတ်ဆို့မှု ကလည်း မပြီး သေးဘူးဆိုတော့ ဒီ Foreign Direct Investment ကလည်း ဒီလောက်ကြီး မဝင်သေးဘူးဆိုတော့ ကျွန်တော်တို့ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း သိပ်မများသေးဘူး ဆိုတော့ ဒီ ချက်ချင်းလက်ငင်းကြီး လုပ်ဖို့တော့ ကျွန်တော်လည်း မဖြစ်စေချင်ပါဘူး။ သို့သော် ကျွန်တော်တို့ ဒီ အဆိုကတော့ အဆိုရှင်အနေနဲ့ ဖြေးဖြေးချင်းလုပ်ရမယ့် အဆိုအဖြစ် ကျွန်တော်ကတော့ တိုက်တွန်းချင်ပါတယ်။ ဒီကျွန်တော်တို့ လက် ရှိမှာ ဒီဝန်ထမ်းတွေ လောကမှာလည်း ဒုတိယအပိုင်းဖြစ်တဲ့ သူရဲ့ ရပိုင်ခွင့်၊ အဆောင်အယောင်တွေ၊ လစာနှုန်းထားတွေလည်း လုံးဝ သူ့ကို ယ်သူ၊ သူ့ မိသားစုကို တကယ် ကျွေးနိုင်တဲ့ လစာနှုန်းထား၊ သူရဲ့ ရပိုင်ခွင့်တွေ မဟုတ်တဲ့အတွက်ကြောင့် သူ့ဟာနဲ့သူ နည်းလမ်း ရှာမှာပဲ။ ဒီအပေါ်မှာလည်း ကျွန်တော်တို့ အစိုးရမှာ က ဘယ်လိုလုပ်ပေးမလဲ။ ဦးညွန့်တင် ပြောသလိုပေါ့။ တခြားနိုင်ငံတွေမှာတော့ တိုးတက်တဲ့ နိုင်ငံတွေမှာ ဝန်ထမ်းတစ်ယောက်က သူသေတဲ့အထိ စိတ်မပူရပါဘူး ။ ဝန်ထမ်းလုပ်နေတဲ့ အချိန်မှာ Instalment နဲ့ သူ တိုက်ခန်းတွေလည်း ဝယ်လို့ ရတယ်။ သူ ဝန်ထ မ်းမလုပ်တဲ့ အချိန် မှာလည်း သူ အဲဒီမှာ နေလို့ရမယ်။ ပြီးတဲ့အချိန်မှာ ဒီပင်စင်ယူရတဲ့အချိန်မှာ သူ ဝဝလင်လင် ပင်စင်တွေလည်း ရမယ်ဆိုတော့ ဒီလိုမျိုး ကျွန်တော်တို့ စနစ်တွေ ထားနိုင်မယ်ဆိုရင် ကျွ န်တော်တို့ ဒီဝန်ထမ်းကလည်း တကယ် Quality ရှိတဲ့ ဝန်ထမ်းတွေ ဖြစ် လာမှာပါ။ အခု တိုက်ခန်းတွေကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြည့်မယ်ဆိုရင်လည်း အားလုံးက ရန်ကုန်မှာပဲ တစ်ပုံကြီး ။ ဒီစီမံကိန်းမှန်သမျှ ရန်ကုန်မှာဆိုတော့ ကျွန်တော်တို့ ဖြစ်တဲ့အချိန်မှာ မြို့နယ်၊ မြို့တွေမှာလည်း တိုက်ခန်းတွေ၊ ဝန်ထမ်းတွေ၊ အဲဒီဒေသခံဝန်ထမ်းတွေအတွက် သူတို့ ပ င်စင်ယူတဲ့အချိန်မှာ သူတို့ရဲ့ Instalment နဲ့ ဝယ်ပြီးတော့ သူတို့ရဲ့ ပင်စင်ယူတဲ့အချိန်မှာ အဲဒီမှာ နေနိုင်အောင်ဆိုပြီးတော့ မြို့တွေမှာလည်း မြို့ပြစနစ်အတွက် အစိုးရစီမံခန့်ခွဲ မှုတွေ ထားသင့်တယ်လို့ ကျွန်တော်

ထင်ပါတယ်။ အခု ကျွန်တော်တို့မှာတော့ ပင်စင်ယူရင် ရန်ကုန် မှာ နေမယ့်သူချည်းပဲ အားလုံး။ အခု ဒေါက်တာအေးမောင် ရဲ့အဆို ဒုတိယအပိုင်းကလည်း တော်တော်လေး ကျွန်တော်တို့ အစိုးရက မွေးရမယ့် Concept ဖြစ်ပါတယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒါကြောင့် ဒီ ကျွန်တော် ဒေါက်တာအေးမောင် အဆိုကို ချက်ချင်း လက်ငင်းကြီး ဆောင်ရွက်ဖို့တော့ မဟုတ်ဘဲနဲ့ အစိုးရမှာ ဒီ Concept ကို ရှိပြီးတော့ ဖြည်းဖြည်းချင်း ဆောင်ရွက်ဖို့ အဆိုအဖြစ် ထောက်ခံကြောင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၃၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်သွားတိုင်း ကိုယ်ပါပြီးတော့ လိုရာဆန္ဒ တစ်လုံးတစ်ဝ ပြည့်စုံကြပါစေလို့ ဦး စွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အဆိုရှင် ရခိုင်ပြည်နယ် မဲဆန္ဒ နယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ရဲ့ အဆိုကို ကျွန်တော် ကန့်ကွက် အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ တစ်ချိန်က သက္ကရာဇ် ၂၀၀၀ ကစပြီးတော့မှ ဒီလွှတ်တော်ထဲ မရောက်ခင်မှာ ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် Lecturer တစ်ယောက်အနေနဲ့ ကျွန်တော် (၁၀)နှစ်ကျော်ကာလ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဗဟိုဝန်ထမ်းတက္ကသိုလ် တိုက်စစ်နည်းပြ အရာရှိသင်တန်း ၊ ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ သင်တန်းတွေနဲ့ ကျွန်တော်တို့ စစ်မှုထမ်းဟောင်းသင်တန်း စတဲ့သင်တန်းအသီးသီးကို Lecturer တစ်ယောက်အနေနဲ့ သွားပြီးတော့မှ ဒီဝန်ထမ်းတွေရဲ့ Ability စွမ်းရည်မြှင့်တင်ရေး ကိစ္စတွေကို ကျွန်တော် ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီအတွေ့အကြုံနဲ့ ယှဉ်ပြီးတော့မှ ဒီအဆိုကို အပိုင်း (၂)ပိုင်းခွဲပြီးတော့ ကျွန်တော် ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမအပိုင်းက ဝန်ထမ်းအဖွဲ့အစည်းတချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ စနစ်တကျ ပြုလုပ်ခြင်းဆိုတဲ့ အပိုင်းနဲ့ နောက်တစ်ပိုင်းက ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာ၏ ဒေသအတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး လုပ်ဆောင်ရန်ဆိုတဲ့ အပိုင်း (၂)ပိုင်း ကျွန်တော် တွေ့ရှိရပါတယ်။ ဒီနေရာမှာ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံတော်မှာ သမ္မတကြီးရဲ့ လမ်းညွှန် မိန့်ကြားမှုနှင့်အညီ Good Governance နဲ့ Clean Government ဆိုတာ ဒါကို ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ အဲဒီတော့ Good Governance ဆိုတဲ့နေရာမှာ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု ဆိုင်ရာကိစ္စတွေ ပါလာတာ ဖြစ်ပါတယ်။ ခုန ဒီ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးသွားတဲ့အပိုင်းမှာ Management ဆိုတဲ့အပိုင်း ပါလာပါတယ်။ အဲဒီ Management ဆိုတဲ့အပိုင်းသည် အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီ Management ဆိုတာ ဒေါက်တာအေးမောင် တင်ပြ သွားတဲ့ ကိစ္စတွေမှာ ပထမပိုင်းအနေနဲ့ တင်ပြတဲ့ကိစ္စက ဒီ ကျွန်တော်တို့ ဌာနဆိုင်ရာအသီးသီးနဲ့ ဝန်ကြီးဌာနအဖွဲ့ အားလုံးကတော့ ဒီ Management ဆိုင်ရာ ကိစ္စတွေကို အပီအပြင် ဆောင်ရွက်သွားခဲ့တဲ့အတွက် ဒီကနေ့ ကျွန်တော်တို့ နိုင်ငံတော်မှာ Clean Government ဆိုတဲ့ သန့်ရှင်းတဲ့အစိုးရ ပေါ်ပေါက်သွားမယ့်အ တွက် ဝန်ထမ်းတွေက အင်မတန်မှ အဓိက ကျလာ ပါတယ်။ အဲဒီတော့ ဝန်ထမ်းတစ်ယောက်ကို Well Train လုပ်တဲ့အခါမှာ သင်တန်းအသီးသီးမှာ ဒီ Management ကို ပြန်ပြီးတော့ လေ့လာသုံးသပ်လို့ ရှိရင် စီမံခန့်ခွဲမှုဟာ အရာရာတိုင်းမှာ အရေးပါ အရာရောက်လာပါတယ်။ အဲဒီ စီမံခန့်ခွဲမှု မရှိတဲ့ လုပ်ငန်းတစ်ရပ်ဟာ ဘယ်သော အခါမှ အောင်မြင်လာနိုင်မှာ မရှိပါဘူး။ နောက်တစ်ခုက ဒီစီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ သုံးသပ် လိုက်လို့ရှိရင် စီမံခန့်ခွဲမှုလုပ်ငန်းဟာ စတင်အကောင်အထည်ဖော်တဲ့အခါမှာလုပ်ငန်းလိုအပ်ချက် အရ ပထမအပိုင်းအနေနဲ့ စီမံလျာထားရပါတယ်။ ဘယ်လုပ်ငန်းမဆို စီမံလျာထားတဲ့ ကိစ္စတွေကို စတင်ဆောင်ရွက်ရပါတယ်။ နောက်တစ်ခုက ဖွဲ့စည်းရပါတယ်။ ညွှန်ကြားရပါတယ်။ ညှိနှိုင်းရ ပါတယ်။ ကြီးကြပ်ကွပ်ကဲရပါတယ်။ ခေါင်းဆောင် ရပါတယ်။ ဒီနေရာမှာ ခေါင်းဆောင်မှုဆိုတဲ့ လုပ်ငန်းသည် အင်မတန်မှ အရေးကြီး လာပါတယ်။ အဲဒီ Management မှာပဲ ကဏ္ဍ (၅)ရပ် ခွဲပြီးတော့မှ M(၅)လုံး ပါလာပါတယ်။ အဲဒီ M(၅)လုံးက အရေးပါ ပါတယ်။ ခုန အဆိုရှင်ရဲ့ ချုံ့ခြင်း၊ ချဲ့ခြင်း ဆိုတဲ့ အပိုင်းမှာလည်း လူတွေကို ချုံ့လို့၊ ချဲ့လို့ မရနိုင်ပါဘူး။ ဘာကြောင့်လဲ လူသည် Mental နဲ့ Physical ဆိုတဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်း၊ ရုပ်နဲ့နာမ် ပါလာတဲ့အတွက်

အင်မတန်မှ ခက်ခဲပါတယ်။ အဲဒီ Management မှာ Man က အရေးကြီးပါတယ်။ Money ဆိုတဲ့ ငွေက ရှာလို့ရပါတယ်။ Material ဆိုတဲ့ ပစ္စည်းပစ္စယတွေလည်း ရှာလို့ရပါတယ်။ Man၊ Money၊ Material ၊ Method ဆိုတဲ့ နည်းပညာလည်း ရှာလို့ရပါတယ်။ Management ဆိုတဲ့ စီမံခန့်ခွဲမှုအားလုံးသည် ရုပ်ဝတ္ထုတွေ ဖြစ်တဲ့အတွက် ခုန ရုပ်ရော၊ နာမ်ရော ပါတဲ့ ခုန Man ဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီ Man သည် Leadership ခေါ်တဲ့ ခေါင်းဆောင်မှုကို ကျွမ်းကျွမ်း ကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင် လု ပ်နိုင်ရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ Clean Government ဆိုတဲ့နေရာမှာ Quantity ကနေ Quality ဆိုတဲ့အပိုင်း ပါလာ ပါတယ်။ Quantity များလာသော်လည်း Quality အရည်အသွေး ပြည့်ဝတဲ့၊ အရည်အချင်း ပြည့်မီတဲ့ ဝန်ထမ်းကောင်းတွေဖြစ်လာဖို့ Well Train လုပ်ခြင်းဖြစ်ပါတယ်။ ဝန်ထမ်းတက္ကသိုလ်ကို ရောက် လိုက်တာနဲ့ ကျွန်တော် ဆိုင်းဘုတ်ကြီးကို တွေ့ပါတယ် ။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်း မည် ဆိုတဲ့ ဆိုင်းဘုတ် အဲဒီကစပြီးတော့ ကျွန်တော် Lecture ဝင်ပါတယ်။ ဝန်ထမ်းကောင်းမှ သာလျှင် နိုင်ငံတော်ကောင်းမှာ ဖြစ်တဲ့အတွက် အဲဒီ ဝန်ထမ်းတွေရဲ့ Ability ကို ကျွ န်တော်တို့ စပြီးတော့ မြှင့်တင်ရပါတယ်။ မြှင့်တင်ဆိုတဲ့ နေရာမှာလည်း ဝန်ထမ်းတွေရဲ့ ပြုမူပြောဆို နေထိုင်ပုံကအစ သူတို့ လုပ်ရကိုင်ရမယ့် စနစ်တွေကို နည်းပညာရပ်တွေနဲ့ ကျွန်တော်တို့ ကို ပို့ချခြင်း ဖြစ်ပါတယ်။ အလွယ်ကူဆုံး ဒါ ကျွန်တော် ဥပမာ ပြောရရင် လေးစားအပ်ပါသော ကျွန် တော်တို့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှ တ်တော်မှာ ကျွန်တော်တို့ ပထမအကြိမ် အစ ည်းအဝေး တက် ရောက်စဉ်ကာလက ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကို လွှတ်တော်အတွင်းမှာ ဆောင်ရန်၊ ရှောင်ရန် ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့မှ လင်္ကာ၊ ကဗျာ လေးတွေနဲ့ လုပ်ပြီးတော့ ကျွန်တော်တို့ကို ပို့ချထားတာ ရှိပါတယ်။ ကျွန်တော်တို့ စာအုပ်လေးတွေ ဖြန့်ပြီးတော့မှ ဒါကို ကျွန်တော် အင်မတန် မှတ်သားထားပါတယ်။ ဒီ Technique မျိုးပဲ ကျွန်တော်တို့ Lecture ဝင်တဲ့အခါမှာ ဝန်ထမ်း တစ်ယောက်က တစ်သက်တာ မှတ်သား ထားဖို့ အတွက် အဲဒီလို Technology ဆိုတဲ့ နည်းပညာလေးတွေ လိုပါတယ်။ တကယ်တော့ ဒါ ဥပမာ ပြောရရင် ဝန်ထမ်းတစ်ယောက်က သူရဲ့ လေ့ကျင့်ရမယ့် ဟာကို ခေါင်းထဲမှာ ရိုက်ထည့် ထားရင် လက်တွေ့ Practical နယ်ပယ်မှာ Theory အရ သိထားရင် Practical မှာ Practice လုပ်လို့ရပါတယ်။ Practice made Perfect ပါ။ Practice to habit ပါ။ Practice လုပ်မှ လေ့ကျင့်ပါများမှ ပြည့်စုံမယ်။ လေ့ကျင့်ရင်း ကနေပြီးတော့ အလေ့အထ ဖြစ်သွားပါမယ်။ ဒါကိုလည်း ကျွန်တော်တို့ အလေးထား

ဆောင်ရွက်ရပါတယ်။ အဲဒီတော့ Leadership တစ်ယောက် ဖြစ်လာတာထက် အဲဒီပုဂ္ဂိုလ်ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စတွေဟာ ကောင်းမွန်လာပြီးတော့မှ ဝန်ထမ်း တိုင်းလိုလိုမှာ Ability ဆိုတဲ့ စွမ်းရည်ပြည့်ဝတဲ့ ဝန်ထမ်းတွေဖြစ်လာရင် ခုနကျွန်တော်တို့ မျှော်မှန်းတဲ့ Clean Government ဆိုတာ မလွဲမသွေ ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းတွေကို ချို့တာ၊ ချဲ့တာ လုပ်တာနဲ့ ပတ်သက်ပြီးတော့မှ အချိန်ဟာ လိုပါသေးတယ်။ ဒါကို တဖြည်းဖြည်းနဲ့ ဆောင်ရွက်သွားရမယ့်ကာလလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ ကျွန်တော်တို့ဟာ ဝန်ထမ်းတွေရဲ့ Facility နဲ့ Welfare ကို အဓိက ထားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။ ခေါင်းဆောင်ပိုင်းဆိုင်ရာမှာ နံပါတ်(၁)လိုအပ်ချက်သည် လုပ်ငန်းအောင်မြင်ဖို့၊ နံပါတ်(၂)သည် ဝန်ထမ်းတွေရဲ့ သက်ဆိုင်ရာ အောက်လက်ငယ်သားတွေရဲ့ Facility နဲ့ Welfare ကိုကြည့်ဖို့အတွက် အဓိက တာဝန် ဖြစ်လာတဲ့အတွက် ဒီကိစ္စကိုလည်း အလေးအနက်ထား ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒါနဲ့တစ်ဆက်တည်း ကျွန်တော် တင်ပြရရင် အဓိက လိုအပ်ချက်မှာ ဝန်ထမ်း တိုင်းမှာ အရည်အသွေးပြည့်ဝပြီးတော့မှ ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်လာလို့ရှိရင် နိုင်ငံ့ ဝန်ထမ်းကောင်း၊ နိုင်ငံကောင်း ကျွန်တော်တို့ အခု မျှော်မှန်းတဲ့ Clean Government ဆိုတာ မလွဲမသွေ ရောက်ရှိသွားတော့မှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်မှာကတော့ ခုန ဒီဝန်ထမ်း တွေရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ ဒါတွေဟာလည်း အလေးအနက်ထားပြီးတော့ စဉ်းစားနေရတာ ဖြစ်တဲ့အတွက် ဒီအဆိုရှင်ရဲ့ အဆိုဟာ စောလည်း စောသေးတယ်။ နောက်တစ်ခုက ဒီအဆိုဟာ လက်ရှိလုပ်တဲ့ လုပ်ငန်းစဉ်တွေလည်း ဖြစ်နေတဲ့ အတွက် ဒီအဆိုကို ကျွန်တော်တို့ ဒီကနေ့ နိုင်ငံတော်အနေနဲ့ မူဝါဒများနဲ့အညီ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် အဆိုဟာ မလိုအပ်သေးပါကြောင်း ကျွန်တော် အကြံပြုတင်ပြ ပါတယ်။

ဒါကြောင့် လေးစား အပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ် ကျွန်တော် တင်ပြရရင် ဒါကြောင့် ဒီမိုကရေစီ အလေ့အကျင့်များ ရင့်ကျက်လာသည်နှင့်အမျှ ပြုပြင်သင့်သည်များ ပြုပြင်ရင်း နိုင်ငံ့ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ပေးပြီး ကျွန်တော်တို့ မျှော်မှန်းထားတဲ့ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ရောက်ရှိသွားမည် ဖြစ်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၃၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဖြေရှင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၃၇။**

**ဒေါက်တာကံဇော် (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော့် အနေနဲ့ ဦးစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် တင်သွင်းသော နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများအား ပိုမိုကျစ်လစ် ခိုင်မာထိရောက်စေရေး၊ အချို့ဝန်ထမ်းအဖွဲ့အစည်းများအား ဖျက်သိမ်းခြင်း၊ အချို့အား ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့ခြင်းတို့အား စနစ်တကျ ပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်၊ အဆောင် အယောင်များ၊ လုပ်ခလစာနှုန်းများနှင့် နေ့တွက်စရိတ်တို့ကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး စတင် ဥပဒေပြု စီမံဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဒေါက်တာအေးမောင် တင်သွင်းတဲ့ အဆိုရဲ့ ပထမအချက်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများအား ပိုမိုကျစ်လစ်ခိုင်မာထိရောက်စေရေး၊ အချို့ဝန်ထမ်း အဖွဲ့အစည်းများအား ဖျက်သိမ်းခြင်း၊ အချို့အား ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့ခြင်းတို့အား စနစ်တကျ ပြုလုပ်ရေးကိစ္စနှင့် စပ်လျဉ်းပြီး ဦးစွာရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အစိုးရသစ်တက်ပြီး အုပ်ချုပ်ရေးစနစ်သစ် အရလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ လည်းကောင်း၊ ကိုက်ညီစေရန် အချို့မြို့ပြဝန်ထမ်းအဖွဲ့အစည်းများကို လျှော့ချခြင်း၊ ဖျက်သိမ်း ခြင်း၊ ပေါင်းစည်းခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၃၁-၃-၂၀၁၁ ရက်နေ့မှ ယနေ့ထိ ကာလအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည်

မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှု ညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အဖွဲ့အစည်း(၇)ခုတို့ကို လျှော့ချဖွဲ့စည်းခဲ့ပြီး အရာထမ်းရာထူး(၁၁၃၅)နေရာ၊ အမှုထမ်းရာထူး (၅၃၈၈၅)နေရာ စုစုပေါင်း ရာထူး (၅၅၀၂၀)နေရာ လျှော့ ချ၍ တစ်နှစ်အတွက် လစာနှင့်စရိတ် ကျပ် (၃၂၆၄၂.၆၅) သန်း လျှော့ကျမှာ ဖြစ်ပါတယ်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာ နအောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းတို့အား မြန်မာ့စိုက်ပျိုးရေး ဦးစီးဌာ နနှင့် မြန်မာ့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအဖြစ် အဖွဲ့အစည်းနှစ်ခုကို လုပ်ငန်းမှ ဦးစီးဌာနသို့ ပြုပြင်ဖွဲ့စည်းခဲ့ပြီး အရာထမ်းရာထူး (၅၁)နေရာ တိုး၍ အမှုထမ်းရာထူး (၄၂၃၇၄) နေရာလျှော့ကာ စုစုပေါင်း ရာထူး (၄၃၂၃)နေရာ လျှော့ ချ၍ တစ်နှစ်အတွက် လစာနှင့်စရိတ် ကျပ် (၂၂၅၈.၃၅)သန်း လျှော့ ကျမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာန (၂)ခုအောက်ရှိ ဖွဲ့စည်းပုံ(၉)ခုမှ အရာထမ်းရာထူး(၁၀၈၄)နေရာ၊ အမှုထမ်း ရာထူး(၅၈၂၅၉)နေရာ စုစုပေါင်း ရာထူး(၅၉၃၄၃)နေရာ လျှော့ချ၍ တစ်နှစ်အတွက် လစာနှင့် စရိတ် ကျပ်(၃၄၉၀၁.၀၀)သန်း လျှော့ကျမှာ ဖြစ်ပါတယ်။

ဤကဲ့သို့ လျှော့ချခဲ့သော်လည်း အခြားတစ်ဖက်တွင် နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ် များအတွက်နှင့် အုပ်ချုပ်ရေးစနစ်သစ်အရ လိုအပ်လာသော အဖွဲ့အစည်းများအတွက် မြို့ပြဝန်ထမ်းအင်အားကို နိုင်ငံတော်၏ လိုအပ်ချက်အရ တိုးချဲ့ခဲ့ ရပါတယ်။ သို့ဖြစ်၍ အသစ် ဖွဲ့စည်းခဲ့သည့် ဌာနများမှာ- (၁) ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ အမျိုးသားသွေးဌာနနှင့် ခုတင်(၅၀၀)ဆံ့ ဆေးရုံ(၄)ရုံ၊ (အရိုး၊ ကလေး၊ သားဖွား၊ မျက်စိ) ဆေးရုံများ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ(၂၉)ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ (၂)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၉၁)ခု၊ သားဖွားသင်တန်းကျောင်း(၄)ခု၊ ဒေသန္တရကျန်းမာရေး ဌာနခွဲ(၁)ခု၊ ကျေးလက်ဆေးပေးခန်း(၁)ခု တို့ဖြစ်ပါတယ်။ (၂) ပညာရေးဝန်ကြီးဌာနအောက်တွင် အခြေခံပညာ အထက်တန်းကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း (၁)ကျောင်းနှင့် မြို့နယ် ပညာရေးမှူးရုံး(၅)ရုံးတို့ ဖြစ်ပါတယ်။ (၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအောက်တွင် ပတ် ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တို့ ဖြစ်ပါတယ်။ (၄) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်တွင် အမျိုးသားဓာတ်ခွဲခန်း (National Analytical Laboratory) နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း(ကန့်ဘလူ)တို့ ဖြစ်ပါတယ်။ (၅) အမှတ်(၁) လျှပ်စစ်

စွမ်းအားဝန်ကြီးဌာနအောက်တွင် တာပိန်(၁)၊ နန်ချို၊ အထက်ပေါင်းလောင်း၊ ကြီးအုံကြီး၀၊ အထက်ကျိုင်းတောင်း၊ ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံများ တို့ ဖြစ်ပါတယ်။ (၆) အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်တွင် မဟာဓာတ်အားလိုင်း မှူးရုံး(၂)ရုံး (မင်းဘူး၊ ဗန်းမော်) ဖြစ်ပါတယ်။ (၇) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အောက်တွင် GSM မိုဘိုင်း လိုင်း သန်း(၃၀) တပ်ဆင်ခြင်း ယာယီစီမံချက်အင်အား တို့ကို အသစ်ဖွဲ့စည်းခဲ့ပါတယ်။

ထို့အပြင် လိုအပ်ချက်အရ တိုးချဲ့ခဲ့တဲ့ ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းပုံအရေအတွက် များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ (၁)ကျန်းမာရေးဝန်ကြီးဌာနတွင် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံ (၂)ရုံ၊ ခုတင်(၅၀၀)ဆံ့ ဆေးရုံ(၄)ရုံ၊ ခုတင်(၃၀၀)ဆံ့ဆေးရုံ (၅)ရုံ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံ(၁၉)ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံ (၅)ရုံ၊ ခုတင် (၅၀)ဆံ့ဆေးရုံ(၄)ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ (၇)ရုံ၊ (၁၆) ခုတင်ဆံ့ ဆေးရုံ(၅၃)ရုံ၊ သူနာပြုတက္ကသိုလ် (၁)ခု၊ အမျိုးသားသွေးဌာန (၁)ခု၊ သားဖွား သင်တန်း ကျောင်း(၄)ခု၊ ကျေးလက် ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ(၉၁)ခု၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲ(၁)ခု၊ ကျေးလက်ဆေးပေးခန်း (၁)ခု၊ ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ(၂)ရုံ၊ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ (၁)ရုံအတွက် အရာထမ်းရာထူး(၂၁၇၁)နေရာ၊ အမှုထမ်းရာထူး (၁၀၈၇၁)နေရာ၊ စုစုပေါင်းရာထူး(၁၃၀၄၂)နေရာ တိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၉၅၄၀.၅၀)သန်း ဖြင့်လည်းကောင်း၊ (၂) ပညာရေးဝန်ကြီးဌာနတွင် အခြေခံ ပညာအထက်တန်း ကျောင်း(၄၄)ကျောင်း၊ အလယ်တန်းကျောင်း (၂၆)ကျောင်း၊ ပညာရေးမှူးရုံး (၅)ရုံး၊ ရွှေဘို တက္ကသိုလ်နှင့် ပဲခူးတက္ကသိုလ်အတွက် အရာထမ်းရာထူး(၁၀၁၀)နေရာ၊ အမှုထမ်း ရာထူး(၁၉၈၂) နေရာ၊ စုစုပေါင်းရာထူး (၂၉၉၂)နေရာ တိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ် ကျပ် (၂၇၇၅.၆၇)သန်း ဖြင့်လည်းကောင်း၊ (၃) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖာပွန်ခရိုင် တရားရုံးကို အရာထမ်းရာထူး (၁)နေရာ၊ အမှုထမ်းရာထူး (၉)နေရာ၊ စုစုပေါင်းရာထူး (၁၀) နေရာ ဖြင့် ဖွဲ့စည်းခဲ့ပြီး တစ်နှစ်အတွက် လစာ နှင့်စရိတ် ကျပ် (၇.၄၇)သန်းဖြင့်လည်းကောင်း၊ (၄) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနကို အရာထမ်းရာထူး (၃၈)နေရာ၊ အမှုထမ်းရာထူး(၂၇)နေရာ၊ စုစုပေါင်းရာထူး (၆၅)နေရာ ဖွဲ့စည်းခဲ့ပြီး တစ်နှစ်အတွက် လစာနှင့် စရိတ် ကျပ်(၇၆.၉၂)သန်းဖြင့်လည်းကောင်း၊ (၅) ကျန်ရှိသည့် ဝန်ကြီးဌာန(၁၄)ခုတွင် လိုအပ်ချက် အရ ဖွဲ့စည်းပုံ(၇၇)ခု အတွက် အရာထမ်းရာထူး(၂၁၆၀)နေရာ၊ အမှုထမ်းရာထူး(၂၄၉၄၉)နေရာ၊ စုစုပေါင်းရာထူး(၂၇၁၀၉)နေရာ တိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ် ကျပ် (၁၆၁၂၄.၆၄)

သန်း ဖြင့် လည်းကောင်း တိုးချဲ့ခဲ့ပြီး စုစုပေါင်း ဌာန(၂)ခုနှင့် ဝန်ကြီးဌာန (၁၆)ခုတို့တွင် ဖွဲ့စည်းပုံ (၃၆၄)ခုအတွက် အရာထမ်းရာထူး (၅၃၈၀)နေရာ၊ အမှုထမ်းရာထူး(၃၇၈၃၈)နေရာ၊ စုစုပေါင်း ရာထူး (၄၃၂၁၈)နေရာ တိုးချဲ့ပြီး တစ်နှစ်အတွက် လစာနှင့်စရိတ် ကျပ် (၂၈၅၂၅.၂၀)သန်း တိုးလာမှာ ဖြစ်ပါတယ်။ တိုး ချဲ့သည့် ဖွဲ့စည်းပုံ (၃၆၄)ခုအတွက် ဝန်ထမ်းအင်အားနှင့် လျှော့ ချခဲ့သည့် ဖွဲ့စည်းပုံ(၉)ခုအတွက် ဝန်ထမ်းအင်အားကို နှိုင်း ယှဉ်ပါက အစိုးရသစ်တာဝန်ယူသည့် ကာလအတွင်း လူအင်အား (၁၆၁၂၅)ဦးလျော့ကျသွားပြီး လစာစရိတ် ကျပ် (၆၃၇၅.၈) သန်း လျော့နည်းမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလိုအပ်ချက်တို့ကို ဦးစားပေးပြီး ပြောင်း လဲလာသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်အညီ ဝန် ထမ်းအင်အားဖွဲ့စည်းပုံတွင် လျှော့ သင့်သည်များကို လျှော့ချခဲ့ပါတယ်။ တစ်ဖက်တွင်လည်း အုပ်ချုပ်ရေးစနစ်သစ်အရ အနည်းဆုံးလို အပ်ချက်များကို စိစစ်ခွင့်ပြုလျက် ကျစ်ကျစ်လစ်လစ် ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအဆိုဖြစ်တဲ့ နိုင်ငံ့ ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် ၊ အဆောင်အယောင်များ၊ လုပ်ခလစာနှုန်းထားနှင့် နေ့တွက်စရိတ်တို့ကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး စတင် ဥပဒေပြု စီမံဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် နို င်ငံဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေကို ၁.၄.၁၉၈၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁.၄.၁၉၉၃ တွင် တစ်ကြိမ်၊ ၁.၄.၂၀၀၆ တွင် တစ်ကြိမ်နှင့် ၁.၁.၂၀၁၀ တွင် တစ်ကြိမ် တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့နည်းတူ နေ့တွက်စရိတ်ကိုလည်း ၁.၁၀.၂၀၁၀ မှစ၍ တစ်ရက်လျှင် ကျပ်(၁၁၀၀)နှုန်းသို့ တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေများကို တိုးမြှင့်ပေးရန် စဉ်းစားရာတွင် နိုင်ငံတော်၏ လက်ရှိ ဘတ်ဂျက်အခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးအခြေအနေများ အပေါ်တွင် ဘဏ္ဍာရေးကော်မရှင်မှ စဉ်းစားတွက်ချက် ဆောင်ရွက်ရပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၁ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရရှိပြီးမှသာလျှင် သုံးစွဲရတာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံ့ ဝန်ထမ်းများ၏ လစာငွေကို လေးကြိ မ်တိုင် တိုးမြှင့်ခွင့်ပြုခဲ့ပြီး ဖြစ်သော်လည်း အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏

ပင်စင်လစာငွေ နည်းပါးနေမှုအပေါ် ဆောင်ရွက်မပေးခဲ့ရသေးသည့်အတွက် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ပ င်စင်လစာငွေကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၃၀.၆.၂၀၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၆/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစ၍ လက်ရှိဝန်ထမ်းများ ခံစားနေသည့် လစာနှု န်းနှင့် ညှိနှိုင်း၍ တိုးမြှင့် ခွင့်ပြုခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်တွင် ဇန်န ဝါရီလ ၃၁ ရက်နေ့က တင်သွင်းသော ဘဏ္ဍာရေးနှင့် အခွန်ဝန် ကြီးဌာန ဝန်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ၂၀၁၂ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ /အသုံးဆိုင်ရာ ဥပဒေကြမ်း တင်သွင်းခဲ့ရာတွင် နိုင်ငံ့ဝန်ထမ်းများ ၏ လုပ်ခ၊ လစာနှုန်း နေ့တွက်စ ရိတ်များကိုသာမက ရုံး၊ နေအိမ်၊ အဆောင်အယောင်များဆိုင်ရာ ကျခံသုံးစွဲမှုများကိုလည်း ထည့်သွင်းခဲ့တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထော င်စုအစိုးရဘက်ကလည်း တစ်နှစ်ထက်တစ်နှစ် နိုင်ငံ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာသျှင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိမှု ရှိရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် လက်ရှိဌာနဝန်ထမ်းများ၏ စွမ်းဆောင် ရည်မြင့်မားရေးအတွက်လည်းကောင်း၊ Good Governance, Clean Government ဖြစ်ရေးအတွက်လည်းကောင်း၊ ဆောင်ရွက်ရာ၌ နိုင်ငံဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် အရည်အချင်းများ ပြောင်းလဲတိုးတက်ကောင်းမွန်လာရေး ဆောင်ရွက်လျက် ရှိပါတယ်။ သို့မှသာ နိုင်ငံ၏လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား မြင့်မားလာပြီး နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစွာ ရရှိလာမှာဖြစ်ပါတယ်။

အထက်ဖော်ပြပါ အချက်များအရ ပြည်ထောင်စုအ စိုးရဌာန အသီးသီးသည် ရည်မှန်းချက် တာဝန်များကို ပြီးမြောက်အောင်မြင် စေရေးအတွက် ၎င်းတို့ သက်ဆိုင်ရာ လုပ်ငန်းတာဝန်နှင့် ဘာသာရပ် ကျွမ်းကျင်မှုများအလိုက် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် နိုင်ငံတော်၏ ဘတ်ဂျက်စိစစ်မှုမှ စီးပွားရေး တွက်ခြေကိုက်မှုနှင့် အမြတ်ပြန်ပေါ်နှုန်းများအရလည်းကောင်း၊ ၎င်းတို့၏ ဌာနများ ကျစ်လစ်စွာ ဖွဲ့စည်းရေး ပြင်ဆင်လျက်ရှိပြီး တာဝန်ခံနိုင်မှုနှင့် တာဝန်ယူနိုင်မှုအပေါ် မူတည်၍လည်းကောင်း၊ ဖွဲ့စည်းပုံအင်အား တိုးချဲ့ခြင်း၊ လျှော့ခြင်းများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)

အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ် ဒေါက်တာအေးမောင် တင်သွင်းသည့် အစီအစဥ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာများ၏ အုပ်ချုပ်မှုကိစ္စရပ်ဖြစ်နေခြင်း၊ ဌာနများအလိုက် ပြုပြင် ပြင်ဆင်ဆောင်ရွက်လျက်ရှိခြင်း လုပ်ခလစာနှုန်းထား၊ နေ့ တွက်စရိတ်များကိုလည်း ဘဏ္ဍာငွေရသုံးခန့်မှန်ခြေ ငွေစာရင်း ဥပဒေကြမ်းတ င်သွင်းရာ၌ အပါအဝင် ပါရှိပြီးဖြစ်ခြင်း တို့ကြောင့် သီးခြားဥပဒေ၊ သီးခြားအဆိုဖြင့် ဆောင်ရွက်ရန်မလိုဘဲ လက်ရှိဆွေးနွေး ဆောင်ရွက် နေသော ဥပဒေကြမ်းများ၌သာ ထည့်သွင်းဆွေးနွေး စီမံဆောင်ရွက် သွားရန် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၅း၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါက်တာအေးမောင် ရဲ့ သဘောထားပြောပါ။

**အချိန်၊ ၁၅း၅၅။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အဆိုအား ဆွေးနွေးပေးကြတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၊ သည်းခံနားထောင်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြန်လည်ရှင်းလင်းတင်ပြပေးတဲ့ ပြည်ထောင်စု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဦးကံဇော် တို့ကို ကျေးဇူးတင်ကြောင်း ဦးစွာ တင်ပြချင်ပါ တယ်။ ကျွန်တော်တို့က ဒီအဆိုကို တင်ရခြင်းဟာ ကျွန်တော်တို့ အစိုးရတစ်ရပ်ရဲ့ လုပ်ငန်းကဏ္ဍ တွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သွားတဲ့ လမ်းကြောင်း၊ ကျွန်တော်တို့ မျှော် မှန်းတဲ့ ပ န်းတိုင်ကို အမြန်ရောက်စေချင်တဲ့သဘောနဲ့ ကျွန်တော် ခုနက ဦးဇုန်လှယ်ထန်း ဆွေးနွေးခဲ့သလို ကျွန်တော် တို့က Pro-Active ပါ။ နိုင်ငံတစ်ခုကို သွားတဲ့ကာလမျိုးမှာ ကျော်ပြီးကာမှ နှစ်ပေါင်း(၂၀)လောက် ကျော်မြင်နိုင်မှ ကျွန်တော်တို့ စီမံကိန်းကို ချနိုင်မှ ကျွန်တော်တို့ဟာ ရှေ့ကို ကြိုရောက်မှာ ဖြစ်ပါ တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)လောက်က ရေးဆွဲ ခဲ့တဲ့ စီမံကိန်းကို ခုထိ ပဥ္စမ (၅)နှစ်ကာလတို ဒုတိယနှစ်ဆိုတဲ့ ကြွေးကြော်သံနဲ့ ကျွန်တော်တို့ ချီတက်နေရဆဲ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော် အစိုးရကလည်းပဲ ခုနလို ဝန်ကြီးဌာနတွေကို ပြုခြင်း၊ပြင်ခြင်း၊ ကျွန်တော်တို့ သွားချင်တဲ့ ပန်းတိုင် ကို ရောက်အောင်သွားနေပြီ၊ ပြုပြင်နေပြီဆိုတဲ့အခါမှာ ကျွန်တော်တို့ က ဝမ်းသာပါတယ်။ အဲဒီလို ပြုခြင်း၊ ပြင်ခြင်း လုပ်တာကလည်းပဲ ကျွန်တော်တို့ရဲ့ သွားချင်တဲ့ လမ်းကြောင်းကို Evolution ကို

မြန်မြန်လေးနဲ့ Revolution မဖြစ်ဖို့အတွက် ရှေ့ကိုသွားတဲ့ လမ်းလို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲဒါကြောင့် Regime Change ကတော့ပြီးပါပြီ၊ ကျွန်တော်တို့ဟာ System Change လုပ်ဖို့ လိုပါတယ်။ System Change တစ်ခုအတွက် ကျွန်တော်တို့ဟာ ကြိုးစားနေကြတယ်။ အဲဒီ ကာလမှာ ခုနကလို ဝန်ထမ်း အဖွဲ့အစည်းတွေကို ချုံ့ ခြင်း၊ ချဲ့ခြင်းဆိုတာ ကျွန်တော်တို့က ဒါ သက်သက်မဲ့ သွားရော့လဟယ် ဆိုပြီးကာမှ ပို့တာမဟုတ်ပါဘူး။ သူ့ရဲ့ Compensation ပြန်ပေး ရမှာပါ။ ဝန်ထမ်းအဖွဲ့အစည်း တစ်ခုဟာ လိုအပ်တယ်။ လိုအပ်လို့ ဖွဲ့စည်းခဲ့တယ်။ နှစ်ပေါင်း များစွာက ကျွန်တော်တို့ဟာ (၅၀)ကျော်ပါပြီ။ (၆၀)ကျော်ပါပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက လာခဲ့တဲ့ ၁၉၆၂ ခုနှစ်က စလာခဲ့တဲ့ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီ၊ တစ်ပါတီစနစ်က စခဲ့တဲ့ ဖွဲ့စည်းပုံမျိုး အခု နဝတ၊ နယက ခေတ်မှာ ဆက်လက်ယူလာခဲ့တဲ့ ဖွဲ့စည်းပုံတွေဟာ အခု သွား မယ့် အခု ကျွန်တော် (၅)နှစ်ကာလရဲ့ ပထမနှစ်ကို ရောက်ပါပြီ၊ ရှေ့ဆက်သွားရမယ့် ကာလမှာ တစ်ချို့ဟာတွေက ခုနကလို ချုံ့ ခြင်း၊ ချဲ့ခြင်းလုပ်ဖို့အတွက် လိုအပ်တယ်ဆိုတာကို ကြိုပြီးကာမှ အခုလို စီမံကိန်းချ ဆောင်ရွက်နေတာကို တွေ့တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အဆိုဟာ ဆောင်ရွက်ဆဲ လုပ်ငန်းတစ်ခု အနေနဲ့ ကျွန်တော်တို့ ယူဆပ ါတယ်။ အဲဒါကြောင့် ကျွန်တော်က ဒီနေ့၊ ဒီအချိန်၊ ဒီနေရာမှာ၊ ဒီအမတ်မင်းတွေရဲ့ ရှေ့ ဒီ အဆိုကို ကျွန်တော် တင်သွင်းခဲ့တယ်ဆိုတာ နိုင်ငံတော်ရဲ့ ရှေ့သွားမယ့် လမ်းကြောင်းအတွက် အကောင်းဆုံးဖြစ် အောင် ကျွန်တော်တို့ရဲ့ ဝန်ထမ်းလောက ဟာလဲ ကျစ်လစ်ပြီးကာမှ လာဘ်ပေးလာဘ် ယူမှု ကင်းစွာနဲ့ နိုင်ငံတကာစံနဲ့ ခုန လူမှု ဖူလုံရေး ရရှိအောင်၊ ကျန်းမာရေး စောင့်ရှောက်မှု ပြည့်ပြည့်ဝဝ ရရှိအောင် ဝန်ထမ်းတစ်ယောက် ရဲ့ ခံစား ခွင့်ဟာ နိုင်ငံတကာမှာ ရှိတဲ့ ဝန်ထမ်းတွေရဲ့ စံအတိုင်းခံစားနိုင်အောင် ဆိုတဲ့ ရည်မှန်းချက်နဲ့ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်ရဲ့ အဆိုကို ကာလသတ်မှတ်ပြီးကာမှ တင်ပြ ခဲ့တာ မဟုတ်ပါဘူး။ ဘယ်နေ့ ဘယ်အချိန်မှာ စလုပ်ပါလို့ ကျွန်တော် ဆွေးနွေးတာ မဟုတ်ပါ ဘူး။ လုပ်နေ ပြီဆိုတာနဲ့ နောင်လာမယ့် (၅)နှစ်အတွက် အင်မတန် ရည်မှန်းချက်ကြီးစွာနဲ့ လုပ်သွားပေး ပါလို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနကိုလည်း တိုက်တွန်းလိုပါတယ်။ ကျွန်တော် လွှတ်တော်မှ အမတ်မင်းတွေကိုလည်း တိုက်တွန်းလို ပါတယ်။ အဲဒါကြောင့် အဆိုကို ဒီနေ့ဒီအချိန်မှာ ဒီလွှတ်တော်မှာ ဆွေးနွေးခဲ့ပါတယ်ဆိုတဲ့ သမိုင်းမှတ်တမ်းအနေနဲ့ မှတ်တမ်းတင် ပေးပါလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၅၇။**

**ဥက္ကဋ္ဌ။** ။ ကာယကံရှင်ရဲ့ တင်ပြချက်အရ၊ ဒေါက်တာအေးမောင် ရဲ့ တင်သွင်း တဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုတွေ တင်တဲ့ကိစ္စတွေတော့ တင်ထားပြီးတော့လည်း ဆက်ပြီးတော့ ဆွေးနွေးလို့ရချင်မှရမှာ ဖြစ်တဲ့အတွက် ဒီနေ့တော့ အဆိုကိစ္စတွေ မလုပ်တော့ဘူး။ အဆိုရှင် တွေ ဒါ နားလည်ပေးဖို့ ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များ သိထားဖို့က ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို ၂၃ ရက်နေ့လောက်မှာ ပြီးအောင်ကြိုးစားဖို့အတွက် စီမံနေပါတယ်။ ဒါ မိမိတို့ စီစဥ်စရာရှိလို့ရှိရင် ကြိုပြီးတော့ စီစဥ်လို့ရအောင် သို့သော် ဒီလိုလုပ်င န်းဆိုတာ ယတိ ပြတ် ပြောလို့ရတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဖြစ်ပေါ်လာတဲ့ အနေအထားအပေါ် မူတည် ပြီးတော့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါလျာထားချက်လို့ပဲ သိထားဖို့လိုပါတယ်။ အမျိုးသား လွှတ်တော် အနေနဲ့လည်း သီးခြားကျင်းပတာ ဒီနေ့ နောက်ဆုံးလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဒီအထဲမှာ နှုတ်ဆက်တဲ့အနေနဲ့ ပြောချင်တာက တစ်ယောက်ထ လာတာနဲ့ ဥက္ကဋ္ဌကြီး ဆုံးမတာ ကျွန်တော် အလေးအနက် ခံယူပါမယ်ဆိုပြီးတော့ ပြောချင်ရာပြောပါတယ်။ ဘာ သာရေး၊ နိုင်ငံရေးအရ ဆွေးနွေးတဲ့အခါမှာ ဘာသာရေး မပြောပါနဲ့ ဆိုသော်လည်း ထလာကတည်းက အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဒါတင်မကဘူး။ ဥက္ကဋ္ဌကို နိဗ္ဗာန်အကြောင်းမေးရင်လည်း မေးပါသေးတယ်။ ဘာသာရေး အရ မဟုတ်ဘဲနဲ့ အလွတ်သဘော ပြောမယ်ဆိုရင်တော့ အနိစ္စ ဆိုတာတော့ ခါးနာလို့ အမြဲတမ်း ခွင့်ယူထားတဲ့ ဒေါက်တာစိုးထွန်း ရဲ့ ခုံဟာ အမြဲမရှိပါဘူး။ ဒုက္ခဆိုတာ ကတော့ ဥက္ကဋ္ဌ လုပ်ရတဲ့ ဒုက္ခပါ။ အောင့်အီးချုပ်တည်းမှု၊ သည်းခံမှု အများကြီး ခံစားရတဲ့အတွက် ဥက္ကဋ္ဌ လုပ်ရတာ ဒုက္ခ တော်တော်ကြီးပါတယ်။ အန တ္တ ဆို တာတော့ အဆို တစ်ခုဟာ ဘယ်လောက်ပဲ ကောင်းကောင်း မဲခွဲဆုံးဖြတ်တဲ့အတွက် သူ့သဘောနဲ့သူ ဆောင်တဲ့အတွက် အစိုးမရဘူး။ ဒါ ဘာသာရေးအရ ပြောတာမဟုတ်ပါဘူး။ ဒေါက်တာတင်ရွှေ ကို ပြောတာပါ။ နိဗ္ဗာန်အကြောင်း သိချင်ရင် ဥက္ကဋ္ဌ က ထွက်ပြီးတော့ ဘုန်းကြီးဝတ်တဲ့အချိန်မှာ တရားလာနာပါ။ ဥက္ကဋ္ဌလည်း အသက် (၆၆)နှစ်ဆိုတော့ ဘာဝနာကိစ္စကို အထူးကြိုးစားနေ ပါတယ်။ အဲဒီအချိန်မှာ တရားဟောတဲ့ အခါမှာ လာနာဖို့ လိုပါတယ်။ နောက် နက်ဖြန်ကစပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် စတင်ကျင်းပ ပြီးတော့ အရေးကြီးတဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့ ဒီ Session ဟာ အမျိုးသားစီမံကိန်းနှင့်

နောက်ထပ် ဘဏ္ဍာငွေ သုံးစွဲခြင်း၊ တောင်းခံခြင်း၊ နောက်တစ်ခါ ပြည်ထောင်စုအစိုးရရဲ့ ဘဏ္ဍာငွေ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းအတွက် သီးခြား အထူး လုပ်ရတဲ့ Session ဖြစ်တဲ့အတွက် အခု အဆိုတွေ မတင်လိုက်ရတဲ့ကိစ္စလည်း စိ တ်မကောင်းပါနဲ့၊ အားကြိုးမာန်တက် လုပ်ထားတဲ့ ကိစ္စတွေလည်း အသိအမှတ်ပြုပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၁၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ နောင် ဆက်လက်ကျင်းပဖို့ ရှိလို့ရှိရင် အချိန်မီ အကြောင်းကြားပြီးတော့ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]

D:\အမျိုးသားလွှတ်တော် Web Portal Data\အစည်းအဝေးမှတ်တမ်းမှတ်ရာ\ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်းမှတ်ရာ\3-2012 Meetting\14-3-2012(15)Meetting\13-3-2012(15) Meetting (final).doc